ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း လေ့လာမှုအစီရင်ခံစာ

၂၀၁၈ ခုနှစ် မတ်လ











MMRD Research Division မှ
လေ့လာပြုစု ဆောင်ရွက်သည်



## အမှာစကား

ရင်းနှီးမြှုပ်နှံမှု တန်ဖိုးတိုးတက်လာခြင်းသည် နိုင်ငံ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) တိုးတက်လာမည် ဖြစ်သည်သာမက အလုပ်အကိုင်အခွင့်အလမ်းသစ်များပါ ပေါ်ပေါက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူတို့သည် အလုပ်အကိုင်များ ရရှိလာကြမည်ဖြစ်ပြီး ၎င်းတို့၏လူမှုစီးပွားဘဝများလည်း တိုးတက်လာကြမည်ဖြစ်ပါသည်။ ထိုမျှသာမက လုပ်သားအင်အား ပြောင်းရွှေ့ယိုစီးမှုများကိုပါ သက်သာလျော့ပါး သွားစေမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာလေ့လာမှုစစ်တမ်းများကို မန္တလေးတိုင်းဒေသကြီး ရှမ်းပြည်နယ် နှင့် ကရင်ပြည်နယ် တို့တွင် ဆောင်ရွက်ခဲ့ရာ တစ်ကြိမ် ထက်တစ်ကြိမ် တိုးတက်မှုများ ရှိလာသည်ကို တွေ့မြင်ရပါသည်။ ပြည်တွင်း/ပြည်ပမှ လူအများ၏ စိတ်ဝင်စားမှု မြင့်တက်လာသည်သာမက ရင်းနှီးမြှုပ်နှံမှုစီမံကိန်း နှင့် တန်ဖိုးများပါ မြင့်တက်လာခဲ့ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှိနေကြသော်လည်း ဒေသတစ်ခု နှင့် တစ်ခု အားသာချက်များတွင် တူညီကြမည်မဟုတ်သည်ကို လေ့လာသိရှိနိုင်ပါသည်။ ဥပမာ- အချို့တိုင်းဒေသကြီးများတွင် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် အားသာချက်များစွာရှိပြီး အချို့တိုင်းဒေသကြီးများတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန် အားသာချက်များစွာရှိသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ သို့သော် ကယားပြည်နယ်ကား အခြား တိုင်းဒေသကြီး/ပြည်နယ်များနှင့် မတူညီပဲ တစ်မူထူးခြားချက်များနှင့် ပြည့်နှက်နေပါသည်။ မြေလွတ် မြေရိုင်းများ၊ စိုက်ပျိုးနိုင်သော မြေများ၊ စားကျက်မြေများ များစွာ ကျန်ရှိနေသဖြင့် အဆင့်မြင့် စိုက်ပျိုးရေး လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ သဘာဝက ပေးအပ်ထားသည့် ရေမြေ၊ တောတောင် အလှအပများလည်း ပေါ်ကြွယ်စွာ တည်ရှိနေသဖြင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ရန် အတွက် လည်း အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလျက်ရှိပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုသည် ဟိုတယ် လုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက် တိုက်ရိုက် အကျိုးပြုစေမည် ဖြစ်ပါသည်။ ထိုမျှသာမက ကယားပြည်နယ်သည် အခြားသော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်အတွက်လည်း အလွန်ကောင်းမွန်ကြောင်း လေ့လာသိရှိနိုင်ကြပါသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်ယှဉ်ပြိုင်မှုများ တိုးတက်လာစေရန်နှင့်ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာစေရန်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်ကြစေရန် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိ ပါသည်။ အသစ်ပြဌာန်းပြီးဖြစ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဂန်းကျင်နှင့် စည်းကမ်း စနစ်ကျနသော ဥပဒေဆိုင်ရာ မူဘောင်တည်ဆောက်ရေး တို့ကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ကယားပြည်နယ်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နေးကွေးနေသော်လည်း အလားအလာကောင်းမွန်သည့် ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်များ ကိုချမှတ်ပေးထားပြီးဖြစ်ပါသည်။

မိမိတို့အနေဖြင့် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းလေ့လာမှု အစီရင်ခံစာသည် ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံလိုကြသူများအတွက် လည်းကောင်း၊ ကယားပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို ဘက်ပေါင်းစုံမှဖြည့်ဆည်း ဆောင်ရွက်ပေနေကြသူများအတွက် လည်းကောင်း များစွာအကူအညီရစေမည်ဟု မျှော်လင့်မိပါသည်။

ဆုမွန်ကောင်းတောင်းလျက်

ဦးကျော်ဂင်း
ဥက္ကဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဂန်ကြီးဌာန



## ဦးယောဇဉ်

ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၂၉.၆၁ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၂၇၉၆၁၅ သာရှိသဖြင့် လူဦးရေသိပ်သည်းဆမှာ ၃၇ စတုရန်းကီလိုမီတာ ရှိပါသည်။ မြေဧရိယာအကျယ်အဝန်းနှင့် နှိုင်းစာပါက နေထိုင်လျှက်ရှိသည့် လူဦးရေမှာ နည်းပါးလျှက်ရှိနေသေးကြောင်း တွေ့မြင်နိုင်ကြပါသည်။ ကယားပြည်နယ်တွင် ပြုပြင်စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းများလည်း များစွာရှိနေဆဲဖြစ်ပြီး သတ္တုသိုက်များ၊ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် အရင်းအမြစ်များ၊ သစ်တောများ၊ သာယာလှပသော မြစ်ချောင်းများ၊ တောတောင်များ၊ ရေကန်များ စသည်ဖြင့် သဘာဝတရားက ချီးမြှင့်ပေးအပ်ထားသည့် အရင်းအမြစ်များစွာ တည်ရှိလျှက်ရှိကြပါသည်။

ကုန်သွယ်မှုတွင် အားသာချက်အနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေမှုကလည်း အခွင့်အလမ်းကောင်းများ ရရှိစေနိုင်ပါသည်။ ကယားပြည်နယ်အစိုးရအနေဖြင့် နှစ်နိုင်ငံ ကုန်သွယ်ရေး လုပ်ငန်းများ အားကောင်းလာစေရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားလိုအပ်သည့် အခြေခံအဆောက် အအုံများ ပြည့်စုံတိုးတက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျှက်ရှိပါသည်။ မယ်စဲ့ ကုန်သွယ်ရေး လမ်းကြောင်း တိုးတက်လာစေရန်အတွက် မယ်စဲ့မြို့တွင် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည့် ဌာန၊ အဖွဲ့အစည်းများ အားကောင်းလာစေရန် စီမံဆောင်ရွက် ပေးလျက်ရှိရာတွင် ယခင်ကထက်များစွာ တိုးတက်ပြောင်းလဲခဲ့တာကိုလည်း တွေ့မြင်နိုင်ကြမည် ဖြစ်ပါသည်။

ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိရေးသည် ကယားပြည်နယ်၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသည့် အချက်တစ်ရပ်ဖြစ်ပါသည်။ ကယားပြည်နယ်သည် ယခုအခါတွင် တည်ငြိမ် အေးချမ်းမှု ရှိလာသဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ ထိုနည်းတူစွာ ကယားပြည်နယ်၏ အလှအပသဘာဝများကို ခံစားလိုကြသည့် ပြည်တွင်း/ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့် ဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ တိုးတက်လာသည့် အခြေအနေအရပ်ရပ်နှင့် လျော်ညီသည့် ဝန်ဆောင်မှုများပေးနိုင်ကြရန် ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်သည့် လုပ်ငန်းရပ်ပေါင်း များစွာတည်ရှိနေကြပါသည်။ ပြည်နယ်အတွင်းတွင် လက်ရှိအနေအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုနှင့် သတ္တုတွင်းလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား စိုက်ပျိုးနေကြသော်လည်း ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုး၊ သိုလှောင်အခြောက်ခံခြင်းများ၊ ကြိတ်ခွဲခြင်းများ ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ ဆိုလိုတာက စိုက်ပျိုးရေးကဏ္ဍမှာပင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် လုပ်ငန်းများစွာကို တွေ့ရှိနိုင်ကြမည် ဖြစ်ပါသည်။ ထို့အတူ မွေးမြူရေးတွင်လည်း ဒေသ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်အလားအလာရှိသည့် တိရိစ္ဆာန်များကို မွေးမြူခြင်းဖြင့် အကျိုးကျေးဇူးရှိနိုင်ကြမည် ဖြစ်ပါသည်။ ကုန်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး ဆောင်ရွက်နေကြသော်လည်း ကြီးကြီးမားမား လုပ်ငန်းကြီးများ မဟုတ်ကြသဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ကြသည့် အခွင့်အလမ်းများရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံရန် အလွန်ကောင်းသည့် လုပ်ငန်းတစ်ခုဖြစ်ပေသည်။ လက်ရှိတွင် အဆင့်မီဟိုတယ်များ ရှိလာပြီဖြစ်သော်လည်း ထပ်မံတည်ဆောက်ရန် လိုအပ်လာမည်ဖြစ်ပြီး ဟိုတယ်များ၏ ဝန်ဆောင်မှု အဆင့်မီတိုးတက်လာရန်လည်း ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများ ရယူ၍ ဆောင်ရွက်ပါက မုချအောင်မြင်မည်ဟု ယုံကြည်ပါသည်။ တစ်ဖက်တွင်လည်း သဘာဝအရင်း အမြစ်များ မပျက်စီးစေရန်၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်များ မထိခိုက်စေရန်၊ ဒေသခံများ၏ စီးပွားရေး၊ လူမှုရေးဘဝများ တိုးတက်လာစေရန်တို့ကို အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကယားပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ရန် အဖက်ဖက်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အလျင်အမြန် တိုးတက်လာမည်ဖြစ်ပါသည်။ မိမိတို့ကယားပြည်နယ်အစိုးရနှင့် ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြမည် ဖြစ်ပါသည်။ ဤအစီရင်ခံစာသည် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား အထောက်အကူပြုမည်ဟု ယုံကြည်မိပါသည်။

ဦးအယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့
ဥက္ကဌ ၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း လေ့လာမှု နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ရရှိစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အသေးစိတ် မြှင့်တင် လုပ်ဆောင်ခြင်းအားဖြင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြု စေရန် အဓိက မဟာဗျူဟာ အကောင်အထည် ဖော်ရေး လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့် ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမည့် အမေရိကန်ဒေါ်လာ ၅ သန်းအောက် အသေးစား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုပေးနိုင်ပြီ ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက် အောင်မြင်ရန် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအား ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ် အနေဖြင့် ဆောင်ရွက်နေသကဲ့သို့ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ဒေသအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ များစွာ ဝင်ရောက်လာစေရန် အတွက် တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် တည်ရှိပြီး ထိုင်းနိုင်ငံနှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခြားသော ဒေသများထက် ဖွံ့ဖြိုးမှု နေးကွေးခဲ့ရပြီး လုံခြုံရေး အခြေအနေအရ တည်ငြိမ်မှု မရှိခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းများနှင့် အလားအလာ ရှိသည့် ရင်းနှီးမြှုပ်နှံသူများ အတွက် အဓိက အဟန့်အတား ဖြစ်ခဲ့ရပါသည်။ သို့သော် ၂၀၁၂ ခုနှစ် နောက်ပိုင်းမှ စတင်ပြီး ကယားပြည်နယ်၏ နယ်မြေ လုံခြုံရေး နှင့် လမ်းပန်း ဆက်သွယ်ရေးများ တစ်စတစ်စ တိုးတက်ကောင်းမွန်လာသည့် အခြေအနေ သို့ ရောက်ရှိလာခဲ့ပါသည်။

ကယားပြည်နယ်သည် များစွာသော ရေအားလျှပ်စစ် လုပ်ငန်းများ တည်ရှိရာ ဒေသတစ်ခု ဖြစ်ပြီး နိုင်ငံ၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် အချိုးအစားများစွာ ပါဝင် ထုတ်လုပ်ပေးလျက်ရှိသည်။ ကယားပြည်နယ်အတွင်း နေထိုင်ကြသူများ၏ ပျူငှာဖော်ရွေမှု၊ ယဉ်ကျေးမှုများ နှင့် လူနေမှု ဓလေ့စရိုက်များ၊ ဖြစ်တည်လျက် ရှိသော သဘာဝ အလှအပများနှင့် သဘာဝ အရင်းအမြစ်များမှာ သိသာထင်ရှားလှပြီး လွန်စွာ ထင်ရှားလှသည့်အတွက် ပြည်တွင်းပြည်ပ ခရီးသွားများက လာရောက် လည်ပတ်ရန် စိတ်ဝင်စားသည့် ဒေသတစ်ခုဖြစ်လာပါသည်။

ကယားပြည်နယ်တွင် မဖော်ထုတ်ရသေးသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာ ရှိနေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရှာဖွေဖော်ထုတ်၍ ယင်းတို့၏ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကယားပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များနှင့် ရင်းနှီးမြှုပ်နှံသူများ အကြား ဆက်သွယ် ချိတ်ဆက်ပေးခြင်းများ ပြုလုပ်ခြင်းဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့လာအောင် ပြုလုပ်ပေးနိုင်ရန် အတွက် ဆောင်ရွက်ရန် လိုအပ်လာပါသည်။

ထို့ကြောင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ မှ ဦးဆောင်ပြီး ကယားပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း စစ်တမ်း ကို လေ့လာရန်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသုတေသန နှင့် ပတ်သက်၍ အတွေ့အကြုံ ကောင်း များစွာရှိသည့် မြန်မာ့စျေးကွက်သုတေသနနှင့် ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် သို့ တာဝန်ပေးအပ်ခဲ့ပါသည်။

လေ့လာမှု၏ အဓိက ရည်ရွယ်ချက်မှာ ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရန်နှင့် အလားအလာရှိသော ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရှိ လုပ်ငန်းများကို ချိတ်ဆက်ပေးရန်ဖြစ်ပါသည်။ ကယားပြည်နယ်အတွင်းသို့ ပြည်တွင်း/ပြည်ပ မှ ရင်းနှီးမြှုပ်နှံလိုသူများက စိတ်ဝင်စားမှု ပိုမိုတိုးပွားလာစေရန်လည်းဖြစ်ပါသည်။

မြန်မာ့စျေးကွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလီမိတက်သည် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း လေ့လာမှုအတွက် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်ခရိုင် နှင့် ဘောလခဲခရိုင် များတွင် စစ်တမ်း ကောက်ယူမှုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့ တွင် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ သုတေသနအစီရင်ခံစာ ရေးသားတင်ပြ ခဲ့ပါသည်။

# တွေ့ရှိချက် အကျဉ်းချုပ်

ကယားပြည်နယ်သည် လှပသန့်ရှင်းသော မြို့ရှုခင်းများနှင့် သဘာဝတောတောင် ရှုခင်းများကြောင့် လည်းကောင်း၊ လည်ပင်းနှင့် ခြေထောက်တွင် ကြေးခွေများ ရစ်ပတ် ဝတ်ဆင်လေ့ရှိသည့် ကယန်း ပဒေါင်လူမျိုးများ နေထိုင်ရာ တောင်ပေါ်ဒေသအဖြစ် လည်းကောင်း လူသိများသည့် မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ကယားပြည်နယ်တွင် မြေဆီလွှာနှင့် ရာသီဥတုများ သင့်တင့်မျှတစွာ ရှိနေသောကြောင့် စိုက်ပျိုးရေးနှင့် ဆက်စပ်သည့်လုပ်ငန်း၊ စားသောက်ကုန် ပြုပြင် ထုတ်လုပ်သည့်လုပ်ငန်းများ အများဆုံး လုပ်ကိုင်ကြပါသည်။ ဒေသတွင်း တည်ငြိမ် အေးချမ်း လာသည့် နောက်ပိုင်းတွင် နှစ်အနည်းငယ်အတွင်း ခရီးသွားနယ်ပယ်၌ တိုးတက်မှု များစွာ ရှိလာသည့် ခရီးစဉ်ဒေသတစ်ခုလည်း ဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်ရေးတွင် ထိုင်းနိုင်ငံနှင့် နယ်နမိတ်ချင်း ဆက်စပ်လျက် ရှိသဖြင့် ထိုင်းနိုင်ငံမှ စားသောက်ကုန်နှင့် လူသုံးကုန်များ တင်သွင်းပြီး ကယားပြည်နယ်အတွင်းမှ ဂေုတ်သီးနှင့် ကြက်သွန်ဖြူများ ပြန်လည်တင်ပို့ခြင်း ရှိသည်ကို တွေ့မြင်ရပါသည်။

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ ရှားတောမြို့နယ်မှအပ အခြား မြို့နယ်အားလုံးတွင် ထပ်မံတိုးချဲ့ရန် အလားအလာရှိသော စိုက်ပျိုးမွေးမြူရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ သတ္တုတူးဖော် သန့်စင်ရေး၊ ရေအားလျှပ်စစ်၊ ကုန်ထုတ်လုပ်ငန်းများနှင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်တွင် လက်ရှိလုပ်ကိုင်လျက် ရှိသော လုပ်ငန်းရှင် အများစုသည် ဒေသတွင်း လုပ်ငန်းများ ပိုမိုတိုးတက် ကျယ်ပြန့်လာစေရန် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များ ရှာဖွေ ထောက်ပံ့ပေးနိုင်မည့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ လုပ်ငန်းများ လုပ်ကိုင်လိုကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များအတွက် အလားအလာ ကောင်းများ ရှိနေပါသည်။

ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ကယားပြည်နယ်အတွင်း လုပ်ကိုင်နိုင်သော လုပ်ငန်းများအနက် ပထမ ဦးစားပေး ကဏ္ဍသုံးခုမှာ စိုက်ပျိုးရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးနှင့် သတ္တုတူးဖော် သန့်စင်ရေးကဏ္ဍများ ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် စပါး၊ ပြောင်း၊ နှမ်း စိုက်ပျိုးခြင်းနှင့် ၎င်းထွက်ကုန်များမှ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတွင် ရပ်ရွာလူထုကို အကျိုးပြုသော ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်သန့်စင်ခြင်း လုပ်ငန်းတွင် မော်ချီးသတ္တုတွင်း၌ ခဲမဖြူနှင့် အဖြိုက်နက်ထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းများကို အဓိကထား လုပ်ကိုင်နိုင်ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကောက်ယူခဲ့သော ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်းမှ လုပ်ငန်းရှင်များ၏ ဖြေကြားချက်အရ ၂၀%မှာ ပြည်နယ်အတွင်း စျေးကွက်ဝယ်လိုအားအရ လုပ်ငန်း စတင် တည်ထောင်ခဲ့သူမှာ အများဆုံးဖြစ်ပါသည်။ ဒေသအတွင်း လုပ်ငန်းတူ၊ လုပ်ငန်းပြိုင်များစွာ မရှိသည်ကို တွေ့ရပါသည်။ လုပ်ငန်းစတင်ရန်အတွက် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ခွင့်ပြုမိန့်ပါမစ်များ လွယ်ကူစွာ ရရှိပြီး ဒေသတွင်း သွင်းအားစု ရရှိမှုမှာလည်း အသင့်အတင့် ရှိသော်လည်း ကျွမ်းကျင်လုပ်သား ရရှိရန် အနည်းငယ် ခက်ခဲသည်ဟု သိရပါသည်။ လုပ်ငန်းရှင်များသည် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိနားလည်မှု အားနည်းနေသည်ကိုလည်း တွေ့ရပါသည်။ ကယားပြည်နယ်တွင် လုပ်ငန်းများ လည်ပတ်ရန် ဌာနဆိုင်ရာများမှ ပေးသော ဝန်ဆောင်မှု၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၏ သက်ရောက်မှု၊ ကုန်စည် ထောက်ပံ့ပို့ဆောင်ရေးနှင့် ပြည်တွင်းပြည်ပ ကုန်ကြမ်းရယူဝယ်ယူမှုဆိုင်ရာ ကိစ္စရပ်များတွင် အသင့်အတင့် ကောင်းမွန်သည်ဟု ဖြေဆိုသူ လုပ်ငန်းရှင်များက ထင်မြင်ကြပါသည်။ လက်ရှိ စက်မှုရပ်ကွက်မှာ ကုန်ထုတ်လုပ်မှု ပမာဏ နည်းပါး ပြီး ဖွံ့ဖြိုးမှု အားနည်းသည်ဟု တုံ့ပြန်ကြပါသည်။

ဌာနဆိုင်ရာများ၏ ဆောင်ရွက်ချက်များနှင့် အခြေခံ အဆောက်အအုံ အကောင်အထည် ဖော်မှုများအပေါ် အကဲဖြတ်၍ ၅၇%သော ဖြေဆိုသူလုပ်ငန်းရှင်များသည် ကယားပြည်နယ်တွင် လာမည့် (၃) နှစ် ကာလအတွင်း ကောင်းမွန်သော စီးပွားရေး အလားအလာများ ဖြစ်ထွန်းလာရန် မျှော်မှန်းကြောင်း ဖြေကြားကြပါသည်။ ထို့အပြင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ စျေးကွက်ဝယ်လိုအား မြင့်တင်လာရေးတို့တွင် ယခုထက်ပို၍ တိုးတက်လာစေရန် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ကြပါသည်။

ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ကယားပြည်နယ်အတွင်းသို့ ဝင်ရောက်လာပါက အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် စျေးကွက်များ ပိုမို ရရှိလာနိုင်ပါသည်။ ၎င်းတို့လုပ်ငန်း တိုးချဲ့ရန်အတွက် အခွင့်အလမ်းများ ရရှိလာပြီး ပြင်ပလုပ်ငန်းကြီးများအတွက် ကုန်ပစ္စည်း ထောက်ပံ့ပေးသူ၊ လုပ်သားပံ့ပိုးပေးသူများ အဖြစ် အကျိုးအမြတ်များ ရရှိလာနိုင်မည် ဖြစ်ပါသည်။

လုပ်သားများနှင့် ကယားပြည်နယ်ရှိ လူငယ်များအတွက် လိုအပ်သော အသက်မွေးမှုဆိုင်ရာ သင်တန်းများမှာ ယာဉ်များနှင့် စက်ပြင်သင်တန်း၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (Good Agricultural Practices) သုံးစွဲရေး သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်း၊ ဧည့်လမ်းညွှန် သင်တန်း၊ ဘာသာစကားသင်တန်း (ထိုင်း၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျာမန် ဘာသာ)၊ ရက္ကန်းနှင့် အသက်မွေးပညာ သင်တန်း၊ အခြေခံစက်ချုပ် သင်တန်း၊ အခြေခံ စားသောက်ကုန်နှင့် လူသုံးကုန် ထုတ်လုပ်ခြင်း သင်တန်းများ ဖြစ်ကြပါသည်။ ထို့အပြင် ယင်းသင်တန်းများသို့ ပြည်နယ်အတွင်းရှိ လူငယ်များနှင့် လုပ်သားများ လာရောက် တက်ရောက်ကြရန် အသိပညာပေး အစီအစဉ်များ ပြုလုပ်ပေးရန် အထူး လိုအပ်လျက် ရှိပါသည်။

ကယားပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အသေးစား အလတ်စား လုပ်ငန်းများ တိုးတက်လာစေရန် ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာများမှ ပံ့ပိုးမှုများ ပေးလျက်ရှိပြီး ဒေသတွင်း လုပ်ငန်းရှင်များမှလည်း အားတက်သရော ပါဝင်ဆောင်ရွက်လျက် ရှိကြပါသည်။ ထို့ကြောင့် ခြုံငုံသုံးသပ်ရမည်ဆိုလျှင် ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်မှာ ကောင်းမွန်လျက် ရှိပါသည်။ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်း အသင့်အတင့်သာ ရှိသေးသော်လည်း ရေရှည်အတွက် အလားအလာကောင်းကြောင်း လေ့လာ သုံးသပ်ရပါသည်။

# မာတိကာ


**ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း လေ့လာမှု နောက်ခံအကြောင်းအရာ** ........ င

**တွေ့ရှိချက် အကျဉ်းချုပ်** ........ ဆ

**၁. ကယားပြည်နယ်၏ မက်ခရို စီးပွားရေးအား ခြုံငုံ သုံးသပ်ချက်** ........ ၁

၁.၁ ကယားပြည်နယ် အကြောင်း (အကျဉ်း) ........ ၁

၁.၂ အုပ်ချုပ်ရေးဆိုင်ရာ အခြေအနေ ........ ၄

၁.၃ စီးပွားရေး ........ ၅

၁.၄ မြေယာအသုံးချမှု ........ ၉

၁.၅ စိုက်ပျိုးရေး ........ ၁၂

*၁.၅.၁ စိုက်ပျိုးရေးကုန်ကျစရိတ်များ* ........ ၁၅

*၁.၅.၂ စိုက်ပျိုးရေးထုတ်ကုန် ဈေးကွက်* ........ ၂၀

*၁.၅.၃ စိုက်ပျိုးရေးဆိုင်ရာ လေ့လာတွေ့ရှိချက်* ........ ၂၁

၁.၆ ရေအရင်းအမြစ်များ ........ ၂၃

၁.၇ မွေးမြူရေး ........ ၂၆

၁.၈ သတ္တုတွင်းလုပ်ငန်း ........ ၃၀

၁.၉ သစ်တော ........ ၃၅

**၂. အခြေခံ အဆောက်အအုံ** ........ ၃၉

၂.၁ လမ်းများ ........ ၃၉

*၂.၁.၁ ကယားပြည်နယ်၏ ကားလမ်းများအခြေအနေ* ........ ၃၉

*၂.၁.၂ ကယားပြည်နယ်၏ ရေလမ်းများအခြေအနေ* ........ ၄၃

*၂.၁.၃ ကယားပြည်နယ်၏ ပို့ဆောင်ရေးအခြေအနေ* ........ ၄၄

၂.၂ လေဆိပ် ........ ၄၇

၂.၃ လျှိုင်ကော်ဘူတာ ........ ၄၈

၂.၄ လျှပ်စစ်ဓာတ်အားလုပ်ငန်း ........ ၄၉

၂.၅ ဆက်သွယ်ရေး ........ ၅၄

၂.၆ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှု (အစိုးရ စီမံကိန်း) ........ ၅၆

၂.၇ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ........ ၅၇

*၂.၇.၁ ကယားပြည်နယ်တွင်ရှိသော ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု* ........ ၆၀

၂.၈ စက်မှုလုပ်ငန်းဆိုင်ရာများ ........ ၆၂
*၂.၈.၁ ကယားပြည်နယ်တွင်ရှိသော စက်မှုလုပ်ငန်းများ.* ........ ၆၂
*၂.၈.၂ ကယားပြည်နယ်ရှိ စက်မှုလုပ်ငန်းများ* ........ ၆၂
*၂.၈.၃ အသေးစားစက်မှုလက်မှုလုပ်ငန်းများ* ........ ၆၃
၂.၉ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ........ ၆၅
*၂.၉.၁ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT – Community Based Tourism)* ........ ၆၈
*၂.၉.၂ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကဏ္ဍအတွက် လိုအပ်ချက်များ* ........ ၇၈
*၂.၉.၃ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း* ........ ၇၉
၂.၁၀ အလုပ်သမား ........ ၈၂
၃၃. **နယ်စပ်ကုန်သွယ်ရေး** ........ ၈၄
၃.၁ နယ်စပ်ကုန်သွယ်ရေးအခြေအနေ ........ ၈၄
**၄. ကယားပြည်နယ် အတွင်းရှိ လုပ်ငန်းများ၏ အခြေအနေအပေါ် လုပ်ငန်းရှင်များ၏ သဘောထားအမြင်များ** ........ ၈၆
၄.၁ စစ်တမ်းကောက်ယူသည့် နည်းလမ်း ........ ၈၆
၄.၂ စီးပွားရေးလုပ်ငန်းများ ကိုလေ့လာခြင်း. ........ ၈၉
၄.၃ လုပ်ငန်းစတင်တည်ထောင်လုပ်ကိုင်ခြင်း ........ ၉၁
၄.၄ လုပ်ငန်းလည်ပတ်ခြင်း ........ ၉၆
*၄.၄.၁ ဒေသတွင်း စီးပွားရေးအခြေအနေ နှင့် လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ အခြေအနေ* ........ ၉၇
*၄.၄.၂ အခြေခံ အဆောက်အအုံ လိုအပ်ချက်များ* ........ ၉၉
*၃.၄.၃ လုပ်သားများ၏အရည်အသွေး.* ........ ၁၀၀
*၄.၄.၄ ကယားပြည်နယ်တွင် ဝန်ထမ်းခန့်ထားရေးကုန်ကျစရိတ်* ........ ၁၀၂
*၄.၄.၅ မြေအသုံးချမှုနှင့် ငွေအရင်းအနှီး ရရှိမှု* ........ ၁၀၃
၄.၅ ကုန်စည်သယ်ယူပို့ဆောင်ရေး ........ ၁၀၄
၄.၆ အနာဂတ်တွင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်မှု ........ ၁၀၈
၄.၇ စီးပွားရေးလုပ်ငန်းများ တိုးတက်ရန် လိုအပ်ချက်များ. ........ ၁၁၀
**၅. ကယားပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ တွေ့ကြုံရသည့် အခက်အခဲနှင့် အတားအဆီးများ** ........ ၁၁၃
၅.၁ နယ်မြေတည်ငြိမ်အေးချမ်းရေး. ........ ၁၁၃
၅.၂ စိုက်ပျိုးရေးကဏ္ဍ ........ ၁၁၃
၅.၃ သယ်ယူပို့ဆောင်ရေး နှင့် ထောက်ပံ့ပို့ဆောင်ရေး ........ ၁၁၄
၅.၄ နည်းပညာ. ........ ၁၁၅
၅.၅ အလုပ်သမား (လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှု တိုးတက်စေခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း) ........ ၁၁၆
၅.၆ အခြားသော အချက်အလက်များ. ........ ၁၁၇

၆. **ကယားပြည်နယ်၏ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ.** ...................................... ၁၁၈

၆.၁ ကယားပြည်နယ် တွင် အလားအလာကောင်းသည့် လုပ်ငန်းများ. ................................................ ၁၁၉

*၆.၁.၁ စိုက်ပျိုးရေး အခြေခံတန်ဖိုးမြှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း* ............................................ ၁၁၉

*၆.၁.၂ ခရီးသွားဝန်ဆောင်မှုကဏ္ဍ* ........................................................................................ ၁၂၁

*၆.၁.၃ စက်မှုစက်* ........................................................................................................ ၁၂၂

*၆.၁.၄ တိရစ္ဆာန်မွေးမြူရေး နှင့် ငါးမွေးမြူရေးလုပ်ငန်း* ............................................................ ၁၂၃

*၆.၁.၅ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း.* .................................................................................. ၁၂၄

*၆.၁.၆ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း.* .................................................................................. ၁၂၄

*၆.၁.၇ နယ်စပ်ကုန်သွယ်ရေး.* .................................................................................................... ၁၂၄

*၆.၁.၈ သစ်အချောထည်လုပ်ငန်းများ* ........................................................................................ ၁၂၅

*၆.၁.၉ သတ္တု သန့်စင်လုပ်ငန်းများ* ............................................................................................ ၁၂၅

၇. **စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အကြံပြုချက် နှင့် ဆောင်ရွက်မည့် အစီအစဉ်များ** ......................................................................................... ၁၂၆

၇.၁ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ အတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များ. .............. ၁၂၈

*၇.၁.၁ ဦးစားပေး အကောင်အထည်ဖော်ရမည့် အစီအစဉ်များ* ........................................................ ၁၂၈

**နောက်ဆက်တွဲ** ...................................................................................................... ၁၂၉

# ပုံများစာရင်း


ပုံ(၁) မြန်မာနိုင်ငံရှိ ကယားပြည်နယ်၏ တည်နေရာပြ မြေပုံ ........ ၂
ပုံ(၂) ကယားပြည်နယ်၏ ဂျီဒီပီတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းဖြင့် ဖော်ပြခြင်း ........ ၇
ပုံ(၃) ကယားပြည်နယ်၏ ဂျီဒီပီတန်ဖိုး (နှစ်အလိုက်တန်ဖိုး)ကို ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု ၇
ကဏ္ဍအလိုက် % ဖြင့် ဖော်ပြခြင်း ........ ၈
ပုံ (၄) ကယားပြည်နယ်၏ ဂျီဒီပီတန်ဖိုး (နှစ်အလိုက်တန်ဖိုး)ကို လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု
ကဏ္ဍအလိုက် % ဖြင့် ဖော်ပြခြင်း ........ ၈
ပုံ (၅) ကယားပြည်နယ်၏ မြေအသုံးချမှု ........ ၉
ပုံ (၆) ငွေတောင်ဆည် ........ ၂၄
ပုံ (၇) မိုးဗြဲဆည် ........ ၂၅
ပုံ (၈) မော်ချီးသတ္တုတွင်း (ရဲထွဋ်ကျော်ကုမ္ပဏီ လုပ်ကွက်) ........ ၃၃
ပုံ (၉) ရှာသစ်မြို့နယ်၊ သံလွင်မြစ် တစ်ဖက်ကမ်းတွင် သစ်ထုတ်လုပ်နေမှုအခြေအနေ ........ ၃၈
ပုံ (၁၀) ကယားပြည်နယ်၏ လမ်းများပြမြေပုံ........ ၄၀
ပုံ (၁၁) မြို့နယ်ရှိ ဘီလူးချောင်းတံတား (ရှမ်းပိုင်း) ........ ၄၂
ပုံ (၁၂) ဖားဆောင်းမြို့နယ်ရှိ သံလွင်တံတား (ဖားဆောင်း) ........ ၄၃
ပုံ (၁၃) လွိုင်ကော်လေဆိပ် ........ ၄၇
ပုံ (၁၄) လွိုင်ကော်ဘူတာ. ........ ၄၈
ပုံ (၁၅) ဘီလူးချောင်း (၂) ဓာတ်အားခွဲရုံ ........ ၅၂
ပုံ (၁၆) MYANMAR NEW RAY CO LTD မှ တည်ဆောက်မည့် ၁၁ထပ် အမြင့်ရှိ ဟိုတယ် ပုံစံငယ် ........ ၆၀
ပုံ (၁၇) ပန်ပက်ကျေးရွာမှ ကယန်း/ ပဒေါင် လူမျိုးစုများ ........ ၇၀
ပုံ (၁၈) တနီလာလဲကျေးရွာမှ တခွန်တိုင်ပွဲတော် ........ ၇၁
ပုံ (၁၉) ဒေါတမကြီး ကျေးရွာမှ ကယား လူမျိုးစုများ. ........ ၇၂
ပုံ (၂၀) ထေခိုကျေးရွာမှ ကယား လူမျိုးစုများ ........ ၇၃
ပုံ (၂၁) သီရိမင်္ဂလာတောင်ကွဲစေတီ ........ ၇၅
ပုံ (၂၂) မြို့နာမ်စေတီ ........ ၇၆
ပုံ (၂၃) ကြက်ဂူ ........ ၇၇
ပုံ (၂၄) ဘီလူးချောင်းအတွင်း ၁၀ ယောက်စီး စက်လှေများ. ........ ၈၁
ပုံ (၂၅) ကယားပြည်နယ် နယ်စပ်ဂိတ်များ. ........ ၈၅
ပုံ (၂၆) လုပ်ငန်းများ၏အရွယ်အစား. ........ ၉၀
ပုံ (၂၇) ကဏ္ဍအလိုက် ပါဝင်သည့်လုပ်ငန်းများ ........ ၉၁

ပုံ (၂၈) ကယားပြည်နယ်တွင် လုပ်ငန်းစတင်တည်ထောင်ရန် ရွေးချယ်ရသည့် အကြောင်းအရင်းများ .......... ၉၂
ပုံ (၂၉) လုပ်ငန်းတည်ထောင်ရာတွင် တွေ့ကြုံရသော အခက်အခဲများ .......... ၉၃
ပုံ (၃၀) လုပ်ငန်းများ စတင် တည်ထောင်လုပ်ကိုင်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ .......... ၉၄
ပုံ (၃၁) လုပ်ငန်းများ လည်ပတ်ပုံ. .......... ၉၆
ပုံ (၃၂) မက်ခရို စီးပွားရေးနှင့် လုပ်ငန်းလုပ်ကိုင်မှု အပေါ် သက်ရောက်မှုရှိသည့် စီမံအုပ်ချုပ်မှု ဆိုင်ရာ ကိစ္စရပ်များ .......... ၉၈
ပုံ (၃၃) ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ဆိုင်ရာ အခြေအနေ .......... ၉၉
ပုံ (၃၄) ကယားပြည်နယ်ရှိ အခြေခံအဆောက်အအုံများအခြေအနေ .......... ၁၀၀
ပုံ (၃၅) ကယားပြည်နယ်ရှိ လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြသည့်လုပ်သားများ၏ အခြေအနေ .......... ၁၀၁
ပုံ (၃၆) ကယားပြည်နယ်မှဝန်ထမ်းများ၏ ပညာရေး အခြေအနေ. .......... ၁၀၂
ပုံ (၃၇) ငွေအရင်းအနှီးရရှိနိုင်မှုနှင့် မြေဈေး .......... ၁၀၄
ပုံ (၃၈) ဖြေဆိုသူများ၏ ကုန်သွယ်မှု ပုံစံအမျိုးအစားများ .......... ၁၀၅
ပုံ (၃၉) ကယားပြည်နယ်ရှိ ကုန်စည်ပို့ဆောင်ရေးကဏ္ဍအား အဆင့်သတ်မှတ်ခြင်း .......... ၁၀၆
ပုံ (၄၀) ကယားပြည်နယ်ရှိဒေသတွင်း ကုန်ပစ္စည်းများ ကုန်သွယ်မှုနှင့် ပတ်သက်၍ အဆင့်သတ်မှတ်ခြင်း... ၁၀၇
ပုံ (၄၁) နောင်လာမည့် ၃ နှစ် အတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ အနေအထား .......... ၁၀၈
ပုံ (၄၂) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းအမျိုးအစား အလိုက် နောင်လာမည့် ၃ နှစ်ကို အကဲဖြတ်ခန့်မှန်းခြင်း .......... ၁၀၉
ပုံ (၄၃) ဒေသတွင်းလုပ်ငန်းရှင်များမှ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပူးပေါင်းလိုမှု .......... ၁၁၀
ပုံ (၄၄) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ကယားပြည်နယ် ဧရိယာတစ်ဝိုက် လုပ်ဆောင်ရန် လိုအပ်ချက်များ. .......... ၁၁၁
ပုံ (၄၅) လုပ်ငန်းရှင်များမှ ထင်မြင်သော ပြည်နယ်အတွင်းရှိ အလားအလာရှိသည့် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ .......... ၁၁၈

## ဇယားများစာရင်း

ဇယား ၁ - ကယားပြည်နယ်၏ ခရိုင်အလိုက်အကျယ်အဝန်း. ........ ၂
ဇယား ၂ - ကယားပြည်နယ်၏ အဓိက အချက်အလက်များ. ........ ၃
ဇယား ၃- ကယားပြည်နယ်၏ ခရိုင်၊ မြို့နယ် နှင့် ကျေးရွာစာရင်း ........ ၄
ဇယား ၄- ကယားပြည်နယ်၏ နိုင်ငံဂျီဒီပီတွင် ပါဝင်အားဖြည့်နိုင်မှု ........ ၆
ဇယား ၅ - ကယားပြည်နယ်၏ မြေအသုံးချမှုကို ၂၀၁၆-၁၇ ခုနှစ် အသုံးချမှုကေဖြင့် ပြဆိုခြင်း. ........ ၁၀
ဇယား ၆ - ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၏ အဓိကသီးနှံ (၁၀) မျိုး၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ(ဧက) ........ ၁၂
ဇယား ၇- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၏ နှစ်ရှည်သီးနှံများ စိုက်ပျိုးမှု အခြေအနေ .... ၁၃
ဇယား ၈- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ်ရှိ အခြားစျေးကွက်ဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ (ဧက) ........ ၁၄
ဇယား ၉- မိုးစပါး တစ်ဧက ကုန်ကျစရိတ်........ ၁၆
ဇယား ၁၀- အစေ့ထုတ်ပြောင်းအတွက် တစ်ဧက ကုန်ကျစရိတ် ........ ၁၇
ဇယား ၁၁- မြေပဲ တစ်ဧက စိုက်ပျိုးခြင်း အတွက် ကုန်ကျစရိတ် ........ ၁၈
ဇယား ၁၂- ဘောလခဲခရိုင်အတွင်း နှမ်းစိုက်ပျိုးရန်အတွက် တစ်ဧက ကုန်ကျစရိတ် ........ ၁၉
ဇယား ၁၃- ကယားပြည်နယ်ရှိ ဆည်မြောင်း တာတမံများနှင့် အကျိုးပြုဧရိယာ ........ ၂၃
ဇယား ၁၄- ကယားပြည်နယ်၏ မွေးမြူရေး (ကောင်ရေ) (၂၀၁၈ခုနှစ် မတ် လအထိ) ........ ၂၆
ဇယား ၁၅- ကယားပြည်နယ်၏ ငါးမွေးမြူရေး အခြေအနေ. ........ ၂၈
ဇယား ၁၆-ကယားပြည်နယ်အတွင်း ငါးသားပေါက် ထုတ်လုပ်နိုင်မှု အခြေအနေ. ........ ၂၉
ဇယား ၁၇- ကယားပြည်နယ်၏ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (သတ္တုကဏ္ဍ) ကုမ္ပဏီများ၏ သတ္တုထုတ်လုပ်မှု ........ ၃၀
ဇယား ၁၈- ကယားပြည်နယ်၏ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူပေါင်းဆောင်ရွက်သည့် ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုအခြေအနေ။ ........ ၃၂
ဇယား -၁၉ - ကယားပြည်နယ်၏ အမှတ်(၁) သတ္တုတွင်းထုတ်လုပ်ငန်းနှင့် အကျိုးတူပူပေါင်းဆောင်ရွက်သည့် ခဲ/ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မှုအခြေအနေ။. ........ ၃၂
ဇယား - ၂၀ - ကယားပြည်နယ်၏ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ခဲမဖြူ-အဖြိုက်နက်ရောရာသတ္တု တူးဖော်ထုတ်လုပ်မှု အခြေအနေ။ ........ ၃၂
ဇယား ၂၀ ကယားပြည်နယ်၏ သစ်တောများအခြေအနေ ........ ၃၅
ဇယား ၂၁- လမ်းအရေအတွက်နှင့် အကွာအဝေး (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်) ........ ၃၉
ဇယား ၂၂- မြို့ချင်းဆက်လမ်းများ (၂၀၁၇- ၂၀၁၈ဘဏ္ဍာရေးနှစ်) ........ ၄၀

ဇယား ၂၃- ကယားပြည်နယ်အတွင်း လမ်းအရေအမည်နှင့်အကွာအဝေး (၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်) ....... ၄၁
ဇယား ၂၄- ကယားပြည်နယ်ရှိ ပေ၁၈၀ နှင့်အထက် တံတား(၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်) ................. ၄၂
ဇယား ၂၅- ကယားပြည်နယ်ရှိ ရေကြောင်းလမ်းအခြေအနေ ...................................................... ၄၄
ဇယား ၂၆- ကယားပြည်နယ်ရှိ ကားဂိတ်များအခြေအနေ. ........................................................... ၄၆
ဇယား ၂၇- ကယားပြည်နယ်တွင် လျှပ်စစ် သုံးစွဲမှု (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်) ........................... ၄၉
ဇယား ၂၇- ကယားပြည်နယ်အတွင်းရှိ ထရန်စဖော်မာ အရေအတွက် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်) .... ၄၉
ဇယား ၂၈ လျှပ်စစ်မီးလင်းပြီးကျေးရွာပေါင်း (၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်) ..................................... ၅၀
ဇယား ၂၉- ဘီလူးချောင်း ရေအားလျှပ်စစ် စက်ရုံများအခြေအနေ ................................................... ၅၀
ဇယား ၃၀ - ကယားပြည်နယ်၏တယ်လီဖုန်းသုံးစွဲနိုင်မှုအခြေအနေ .................................................. ၅၅
ဇယား ၃၁ - ကယားပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ............................................................................................................................ ၅၆
ဇယား ၃၂- ကယားပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ...................................................... ၅၇
ဇယား ၃၃- ၁၅.-၅.၂၀၁၇ ရက်နေ့မှ ၁၅.၀၃.၂၀၁၈ ရက်နေ့အထိ မြန်မာနိုင်ငံသာ ကုမ္ပဏီများ အက်ဥပဒေ အရ ကယားပြည်နယ်ရှိ စက်မှုလုပ်ငန်းအလိုက် ရင်းနှီးမြှုပ်နှံမှုများ ............................................ ၅၈
ဇယား ၃၄- မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့ အထိ အတည်ပြုပေးခဲ့သော ကယားပြည်နယ်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ. ......................................................... ၅၈
ဇယား ၃၅- မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့ အထိ အတည်ပြုပေးခဲ့သော ကယားပြည်နယ်ရှိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအခြေအနေ. ................................................ ၅၉
ဇယား ၃၆- ကယားပြည်နယ် စက်မှုဇုန်တွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် စက်မှု လုပ်ငန်းများ (၂၀၁၈ ခုနှစ် ဇန်နဝါရီလ အထိ) ............................................................................................... ၆၂
ဇယား ၃၇ - ကယားပြည်နယ် ရှိ ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုခန်းများ ..................................... ၆၆
ဇယား ၃၈ - ၂၀၁၆ခုနှစ်အတွင်း ကယားပြည်နယ်သို့ ဝင်ရောက်လာသော ပြည်တွင်း ပြည်ပ ဧည့်သည်များ၏ အရေအတွက် ...................................................................................................... ၆၇
ဇယား ၃၉- ကယားပြည်နယ် တွင် သွားရောက်လည်ပတ်နိုင်သောနေရာများ..................................... ၇၄
ဇယား ၄၀ - ကယားပြည်နယ်ရှိ အလုပ်သမားများ၏ အရေအတွက်ကိုအဖွဲ့အစည်းနှင့် လုပ်ကိုင်မှုပုံစံ အလိုက်တင်ပြခြင်း ................................................................................................... ၈၂
ဇယား ၄၂ - အဓိကသတင်းပေးသူများ (အစိုးရအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ) နှင့် တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည့် အခြေအနေ ........................................................ ၈၇
ဇယား ၄၃ - စီးပွားရေးလုပ်ငန်းများ အလိုက် နမူနာခွဲခြမ်းသတ်မှတ်ခြင်း .......................................... ၈၈
ဇယား ၄၃ - ကယားပြည်နယ်ရှိ တစ်လ ပျမ်းမျှ လုပ်အားခပြဇယား. ..................................................၁၀၂

# အတိုကောက် ဝေါဟာရများ စာရင်း

| | |
|---|---|
| ADSL | Asymmetric Digital Subscriber Line |
| BP | နယ်စပ် စခန်း (Border Point) |
| CBI | ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန် မြှင့်တင်ရေး ဗဟိုဌာန (Centre for Promotion of Imports from developing countries) |
| CBO | ဒေသခံ အဖွဲ့အစည်း (Community Based Organisation) |
| CBT | ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration) |
| FTTH | ဖိုင်ဘာကြိုးစနစ်ဖြင့် အင်တာနက်၊ ဖုန်းနှင့် တီဗီလိုင်းများ ချိတ်ဆက်ခြင်း (Fiber To The Home) |
| GAP | စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (Good Agricultural Practice) |
| GDP | စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (Gross Domestic Product) |
| ITC | နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန (International Trade Centre) |
| JICA | ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency) |
| KNPP | ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (Karenni National Progressive Party) |
| KW | ကီလိုဝပ် (Kilo Watt) |
| MOU | နားလည်မှု စာချွန်လွှာ (Memorandum Of Understanding) |
| MW | မဂ္ဂါဝပ် (Mega Watt) |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement) |
| NGOs | အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (Non-Government Organisations) |
| ODA | ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ တရားဝင် ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistance) |
| PRRS | ဝက်နားရွက်ပြာ ရောဂါ (Porcine Reproductive & Respiratory Syndrome) |
| ROR | ရေများသော မြစ်ကြောင်းပေါ်တွင် ရေကာတာ မဆောက်လုပ်ဘဲ တိုက်ရိုက် ရေအားလျှပ်စစ် စက်ရုံ တည်ဆောက်ခြင်း စနစ် (Run-of-the-River) |
| SMEs | အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises) |

# ၁. ကယားပြည်နယ်၏ မက်ခရို စီးပွားရေးအား ခြုံငုံ သုံးသပ်ချက်

ဤအပိုင်းတွင် ကယားပြည်နယ်၏ မက်ခရိုစီးပွားရေး အခြေအနေအပေါ် ခြုံငုံသုံးသပ်ချက်များ ပါဝင်ပါသည်။ အဆိုပါ သုံးသပ်ချက်များမှာ အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ် များကို သွားရောက်တွေ့ဆုံမေးမြန်းပြီး ရရှိလာသည့် အချက်အလက်များ အပေါ် မူတည်၍ တင်ပြထားခြင်း ဖြစ်ပါသည်။

## ၁.၁ ကယားပြည်နယ် အကြောင်း (အကျဉ်း)


ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်နှင့် တောင်ဘက်တွင် ကရင်ပြည်နယ်၊ မြောက်ဘက်တွင် ရှမ်းပြည်နယ် တို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ကယားပြည်နယ်၏ အကျယ်အဝန်းမှာ ၄,၅၂၉.၆၁ စတုရန်းမိုင် ရှိပြီး အရှေ့နှင့် အနောက် အကျယ်ဆုံးနေရာမှာ ၆၅ မိုင် ရှိပြီး တောင်နှင့် မြောက် အကျယ်ဆုံးနေရာမှာ ၁၀၅ မိုင်ရှိပါသည်။ မြန်မာနိုင်ငံ အကျယ်အဝန်း၏ ၁.၇၂ ရာခိုင်နှုန်းခန့် ရှိပါသည်။ ကယားပြည်နယ်သည် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် ၁၉ ဒီဂရီ ၅၅ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ်နှင့် ၉၇ ဒီဂရီ ၉၃ မိနစ်ကြားတွင် တည်ရှိပါသည်။ ကယားပြည်နယ်သည် အပူပိုင်းမုတ်သုံ ရာသီဥတု ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးရွာရက် ၁၀၃ရက်ခန့် ရှိခဲ့ရာ မိုးရေချိန်မှာ ၄၇.၁၆ လက်မ ရရှိခဲ့ပါသည်။ ကယားပြည်နယ်သည် ကုန်းမြင့်လွင်ပြင် ဒေသဖြစ်သဖြင့် တောင်တန်းများပေါ်များပြီး ပင်လယ်ရေမျက်နှာပြင် အထက် ၉၈၅ မှ ၆,၀၀၀ ပေ အတွင်းတွင် တည်ရှိပါသည်။ အမြင့်ဆုံးတောင်မှာ လွိုင်ကော်ခရိုင် ရှားတောမြို့နယ်ရှိ ကဖုတောင်ဖြစ်ပြီး ပင်လယ်မျက်နှာပြင်အထက် ပေ ၆,၀၀၀တွင် တည်ရှိပါသည်။ မြေအနိမ့်ဆုံးဒေသမှာ လွိုင်ကော်ခရိုင် ရှားတောမြို့နယ် ဖြစ်ပါသည်။ မြစ်ချောင်းများ နည်းပါးပြီး ထင်ရှားသည့် မြစ်မှာ သံလွင်မြစ်ဖြစ်၍ မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပါသည်။ ဒေသတွင်းရှိ ဘီလူးချောင်း၊ ပွန်ချောင်းနှင့် ထူးချောင်း တို့မှာလည်း မြောက်မှတောင်သို့ စီးဆင်းပြီး သံလွင်မြစ်အတွင်းသို့ စီးဝင်ကြပါသည်။ ချောင်းများကို ဆည်များ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် အခွင့်အလမ်း ရှိပါသည်။ ဘီလူးချောင်းမှ လောပိတ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက် ရှိပါသည်။ လောပိတ ရေအားလျှပ်စစ် စက်ရုံကြီးသည် မြန်မာ တစ်နိုင်ငံလုံးတွင် စုစုပေါင်း ထုတ်လုပ်သော ရေအားလျှပ်စစ် ပမာဏ၏ လေးပုံတစ်ပုံခန့်ကို ထုတ်လုပ်ပေးနေသည့် အဓိက ရေအားလျှပ်စစ် စက်ရုံကြီး ဖြစ်ပါသည်။ ခရိုင်အလိုက် ဧရိယာ အကျယ်အဝန်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### ဇယား ၁ - ကယားပြည်နယ်၏ ခရိုင်အလိုက်အကျယ်အဝန်း

| စဉ် | ခရိုင် | ခရိုင်ဧရိယာ စတုရန်းမိုင် | မြို့ဧရိယာ စတုရန်းမိုင်ပေါင်း |
|---|---|---|---|
| ၁ | လွိုင်ကော် | ၂,၅၃၄.၈၅ | ၁၂.၁၈ |
| ၂ | ဘောလခဲ | ၁,၉၉၄.၇၆ | ၂.၁၉ |
| ပြည်နယ်ချုပ် | | ၄,၅၂၉.၆၁ | ၁၄.၃၇ |

*ဇစ်မြစ် - ကယားပြည်နယ်အစိုးရအဖွဲ့*

### ပုံ(၁) မြန်မာနိုင်ငံရှိ ကယားပြည်နယ်၏ တည်နေရာပြ မြေပုံ




*ဇစ်မြစ် - ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန*

*ဇယား ၂ - ကယားပြည်နယ်၏ အဓိက အချက်အလက်များ*

| | |
|---|---|
| ဧရိယာ | ၄,၅၂၉.၆၁ စတုရန်းမိုင် |
| လူဦးရေ | ၂၇၉,၆၁၅ (၂၀၁၆-၂၀၁၇)<br>လူဦးရေသိပ်သည်းဆ – ၃၇/စတုရန်းကီလိုမီတာ |
| အိမ်ထောင်စု အရေအတွက် | ၅၂,၁၇၇ |
| ခရိုင်ပေါင်း | ၂ |
| မြို့နယ်ပေါင်း | ၇ + မြို့နယ်ခွဲ ၂ မြို့နယ် |
| ပြည်နယ်မြို့တော် | လွိုင်ကော်မြို့ |
| လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး | ကျပ် ၉၃၄,၇၂၇ (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်) |
| စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) | ကျပ် ၂၈၄,၁၅၇ သန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် - နှစ်အလိုက်ဈေးနှုန်း)<br>တစ်နိုင်ငံလုံး၏ ၀.၃၆% (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် - နှစ်အလိုက်ဈေးနှုန်း) |
| အဓိက လုပ်ငန်းများ | • စိုက်ပျိုးရေး လုပ်ငန်း<br>• သတ္တုနှင့် သတ္တုတွင်း လုပ်ငန်း<br>• ကုန်သွယ်ရေးနှင့် ကုန်စည် ပို့ဆောင်ရေး<br>• မွေးမြူရေးလုပ်ငန်း |

*ဇစ်မြစ် - ကယားပြည်နယ် အစိုးရအဖွဲ့နှင့် စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန*

## ၁.၂ အုပ်ချုပ်ရေးဆိုင်ရာ အခြေအနေ

ကယားပြည်နယ်သည် ယခင်က ဒေသတည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့်အတွက် အညိုရောင်နယ်မြေ တစ်ခုအဖြစ် တည်ရှိခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးယူခဲ့၍ အပစ်အခတ် ရပ်စဲရေး ပြုလုပ်ခဲ့သည့် ၂၀၁၂ခုနှစ် နောက်ပိုင်း ကာလများတွင် ဒေသတည်ငြိမ် အေးချမ်းမှု ရှိလာသဖြင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ တစ်စထက် တစ်စ ကောင်းမွန်လာခဲ့ပါသည်။

ကယားပြည်နယ်တွင် ခရိုင် ၂ ခရိုင်၊ မြို့နယ် ၇ မြို့နယ်၊ ရပ်ကွက် ၄၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စုနှင့် ကျေးရွာ ၅၁၇ ရွာတို့ ပါဝင်ပြီး ပြည်နယ်၏ မြို့တော်မှာ လွိုင်ကော်မြို့ ဖြစ်ပါသည်။ ကယားပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စု ၉ စုရှိပြီး ၎င်းတို့မှာ ကယန်းပဒေါင် (ကယန်းကဲခေါင်း)၊ ကယန်းလထ (ဇယိမ်း)၊ ကယန်းဂေခို (ကယန်းကဲဒွေ့)၊ ယင်းဘော် (ကယန်းကင်န်)၊ မိုနူ၊ ဂေပါး၊ ကယား၊ ကယော၊ ယင်းတလဲ တို့ ဖြစ်ကြပါသည်။ ယင်းလူမျိုးစုများသည် ကယားပြည်နယ်တွင် ၆၀% ခန့် နေထိုင်ကြပြီး ဗမာလူမျိုးမှာ ၁၅%၊ ရှမ်းလူမျိုးမှာ ၁၅%၊ ကရင်လူမျိုးမှာ ၈% နှင့် အခြားလူမျိုးများမှာ ၂% ခန့် အသီးသီး နေထိုင်လျက် ရှိကြပါသည်။ ထို့အပြင် ပအိုဝ်းနှင့် အင်းသားများလည်း နေထိုင်လျက် ရှိသည်ကို တွေ့ရှိရပါသည်။

*ဇယား ၃- ကယားပြည်နယ်၏ ခရိုင်၊ မြို့နယ် နှင့် ကျေးရွာစာရင်း*

| စဉ် | ခရိုင် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | လွိုင်ကော် | ၄ | ၂ | ၃၆ | ၅၄ | ၄၂၉ |
| ၂ | ဘောလခဲ | ၃ | ၁ | ၈ | ၂၀ | ၈၈ |
| | ပြည်နယ်ချုပ် | ၇ | ၃ | ၄၄ | ၇၄ | ၅၁၇ |

*ဇစ်မြစ် - ကယားပြည်နယ်အစိုးရအဖွဲ့*

## ၁.၃ စီးပွားရေး

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတွင် တည်ရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရန် တွန်းအားပေး ဆောင်ရွက်ရမည့် ဒေသတစ်ခု ဖြစ်ပါသည်။ ကယားပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင် ဆောင်ရွက်ကြပြီး ပြည်နယ်အတွင်းတွင် တွင်းထွက် သယံဇာတများလည်း ထုတ်ယူနိုင်သဖြင့် သဘာဝအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးပုံစံကို တွေ့ရှိရပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းတွင် ကယားပြည်နယ်သည် နိုင်ငံ၏ဂျီဒီပီတွင် ၀.၃၆% ပါဝင်ဖြည့်ဆည်းပေးလျက် ရှိပါသည်။ ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဂျီဒီပီပျှမ်းမျှ တိုးတက်မှုနှုန်း ၁.၆ ရာခိုင်နှုန်းရှိစေရန်နှင့် တစ်ဦးကျ ဂျီဒီပီ ၉၇၄,၁၆၆ ကျပ် ရရှိလာစေရန် ရည်မှန်းထားပါသည်။

ကယားပြည်နယ်ရှိ ခရိုင်နှစ်ခုဖြစ်သော လွိုင်ကော်နှင့် ဘောလခဲတို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရှိ နှစ်အလိုက်ဈေးနှုန်းအရ GDP တန်ဖိုးများကို လေ့လာရာတွင် လွိုင်ကော်ခရိုင်မှာ ၈၄% ဖြင့် အများဆုံး ပါဝင်လျက်ရှိပြီး ဘောလခဲခရိုင်မှာ ၁၆%သာ ပါဝင်လျက်ရှိကြောင်း သိရှိရပါသည်။ ကယားပြည်နယ်၏ GDP တွင် လယ်ယာကဏ္ဍမှာ ၃၉% ပါဝင်နေသဖြင့် အဓိက စီးပွားရေး လုပ်ငန်းစု ဖြစ်ပါသည်။ သားငါးကဏ္ဍမှာလည်း အလားအလာကောင်းသော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ လယ်ယာကဏ္ဍပြီးလျှင် ဒုတိယအားကောင်းသော ကဏ္ဍမှာ ကုန်သွယ်မှုကဏ္ဍ ဖြစ်ပြီး ၂၀% ပါဝင်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်၏ နိုင်ငံ့ဂျီဒီပီတွင် ပါဝင်အားဖြည့်နိုင်မှုမှာ အဆင့်နိမ့်ကျလျက်ရှိသော်လည်း ကယားပြည်နယ်၏ စီးပွားရေးတိုးတက်မှု လက်ရှိ အခြေအနေများအရ ဆက်လက်မြင့်တက်လာမည့် အလားအလာကောင်းများကို တွေ့မြင်ရလျက် ရှိပါသည်။ လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်တို့၏ ဂျီဒီပီတန်ဖိုးများ တိုးတက်လာရန် ရည်မှန်းထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လွိုင်ကော်ခရိုင်၏ ဂျီဒီပီတန်ဖိုးကို ကျပ်သန်း ၁၈၄,၅၁၉ ရရှိရန်နှင့် ဘောလခဲခရိုင်၏ ဂျီဒီပီတန်ဖိုးကို ကျပ်သန်း ၃၂,၃၀၁ ရရှိရန် ရည်မှန်းထားပါသည်။

နယ်စပ်မြို့ဖြစ်သော မယ်စဲ့မြို့တွင် နယ်စပ်ကုန်သွယ်ရေးရုံး၊ အကောက်ခွန်ရုံးနှင့် လူဝင်မှု ကြီးကြပ်ရေး ရုံးခွဲများ ဖွင့်လှစ်ထားသည်ကို တွေ့ရှိရပြီး နယ်စပ် ဂိတ်ပေါက်များမှ ကုန်စည် စီးဆင်းမှု ကောင်းမွန်လာစေရန် ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါသည်။ နယ်စပ်ဂိတ်များ စနစ်တကျ ဖွံ့ဖြိုးလာစေရန် အတွက် တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်လျက် ရှိကြောင်းလည်း တွေ့ရှိရပါသည်။

ကယားပြည်နယ်တွင် လမ်းပန်း ဆက်သွယ်ရေး အထူးတိုးတက်ကောင်းမွန်လာခြင်း၊ တည်ငြိမ်အေးချမ်းမှု ရှိလာခြင်း တို့ကြောင့် ကုန်သွယ်မှုတန်ဖိုးများ တိုးတက်လာသည်သာမက ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ တစ်နှစ်ထက် တစ်နှစ် တိုးတက်လျက်ရှိပါသည်။ တစ်ဖက်နိုင်ငံ၏ နယ်စပ်မြို့ ဖြစ်သော မယ်ဟောင်ဆောင်မြို့မှာလည်း ခရီးသွားများ လာရောက်လည်ပတ်ရာ မြို့ဖြစ်သဖြင့် နှစ်နိုင်ငံ သွားလာရေး လမ်းကြောင်းများ တိုးတက်ကောင်းမွန်လာသည် နှင့်အမျှ ကယားပြည်နယ် အတွင်းသို့ လာရောက်လည်ပတ်ရန် အခွင့်အလမ်းကောင်းများ ရှိနေသည်ကို လေ့လာသိရှိရပါသည်။ လွိုင်ကော်မြို့တွင် အဆင့်မီ ဟိုတယ်များကို တွေ့ရှိနိုင်ပြီး အချို့သော ဟိုတယ်များမှာ တည်ဆောက် နေဆဲဖြစ်ကာ တည်ဆောက်ခွင့် ရရှိရန်အတွက် တင်ပြထားသည်များလည်း ရှိကြောင်း လေ့လာ သိရှိရပါသည်။


ကယားပြည်နယ်၏ အဓိက စိုက်ပျိုးရေးထွက်ကုန်များမှာ စပါး၊ ပြောင်းနှင့် နမ်း တို့ဖြစ်ကြပါသည်။ အဆိုပါ ထွက်ကုန်များကို တရုတ်နှင့် ထိုင်းသို့ နယ်စပ်ဂိတ်များမှ တင်ပို့ ရောင်းချပြီး အချို့ကို မန္တလေး၊ ရန်ကုန်နှင့် ရှမ်းပြည်နယ်သို့ တင်ပို့ ရောင်းချကြပါသည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုရှိပြီး ခဲနှင့် ခနောက်စိမ်း အဓိက ထွက်ရှိသည်ဟု သိရပါသည်။ သို့သော် အပြည့်အဝ တည်ငြိမ်အေးချမ်းမှု ရရှိလာမှသာ သတ္တုသိုက်များကို ပိုမိုတူးဖော်နိုင်မည် ဖြစ်ပြီး ယိုဖိတ်နေမှုများကို တားဆီးနိုင်မည် ဖြစ်ပါသည်။ အချို့သော မြို့နယ်များတွင် ကျွန်းနှင့် ထင်းရှူးကဲ့သို့သော အဖိုးတန်သစ်များ ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။

*ဇယား ၄- ကယားပြည်နယ်၏ နိုင်ငံ့ဂျီဒီပီတွင် ပါဝင်အားဖြည့်နိုင်မှု*

| ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|---|---|---|
| မြန်မာနိုင်ငံ့ဂျီဒီပီတွင် ပါဝင်အားဖြည့်မှု (နှစ်အလိုက်ဈေးနှုန်း) | ၀.၃၅% | ၀.၃၄% | ၀.၃၅% | ၀.၃၅% | ၀.၃၆% |

*ရင်းမြစ် - ကယားပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

*ပုံ(၂) ကယားပြည်နယ်၏ ဂျီဒီပီတန်ဖိုးကို နှစ်အလိုက်စျေးနှုန်းဖြင့် ဖော်ပြခြင်း*





| | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|
| လှိုင်ကော်ခရိုင် | ၁၈၄၈၃၈ | ၂၁၃၉၂၂ | ၂၃၇၆၉၇ |
| ဘောလခဲခရိုင် | ၄၁၁၃၂ | ၄၁၉၀၄ | ၄၆၄၆၀ |
| ပြည်နယ်ချုပ် | ၂၂၅၉၇၀ | ၂၅၅၈၂၇ | ၂၈၄၁၅၇ |

*ဇစ်မြစ် - ကယားပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

ကယားပြည်နယ်၏ ဂျီဒီပီကို ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု ရာခိုင်နှုန်းများ အလိုက် လေ့လာရာတွင် ထုတ်လုပ်မှုတန်ဖိုး၏ ပါဝင်မှုရာခိုင်နှုန်းမှာ တစ်နှစ်ထက် တစ်နှစ် အနည်းငယ် လျော့နည်းလာခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ ကယားပြည်နယ်သည် ထိုင်းနိုင်ငံနယ်စပ်မြို့ များနှင့် ထိစပ်လျက် ရှိသဖြင့် ကုန်သွယ်မှုတန်ဖိုး၏ ပါဝင်မှု ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုထက် နှစ်စဉ် အသာစီးတွင် ရှိနေသည်ကို ပြဆိုလျက် ရှိပါသည်။

*ပုံ(၃) ကယားပြည်နယ်၏ ဂျီဒီပီတန်ဖိုး (နှစ်အလိုက်တန်ဖိုး)ကို ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု ကဏ္ဍအလိုက် % ဖြင့် ဖော်ပြခြင်း*





*ဇစ်မြစ် - ကယားပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

မက်ခရိုစီးပွားရေးကို လေ့လာခဲ့ရာ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တွင် ပါဝင်အားဖြည့်ပေးသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုများ၏ ရာခိုင်နှုန်းကို ပိုင်းခြားလေ့လာသကဲ့သို့ ဂျီဒီပီတွင် ပါဝင်လျက်ရှိသည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ ပါဝင်အားဖြည့်မှု ရာခိုင်နှုန်းကိုလည်း လေ့လာကြပါသည်။ မြန်မာနိုင်ငံ အမျိုးသားဘက်စုံ ဖွံ့ဖြိုးမှု စီမံကိန်းတွင်လည်း နိုင်ငံ၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍ၏ ပါဝင်မှု အချိုးအစားကို တဖြည်းဖြည်း လျော့ချပြီး စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ ပါဝင်မှု အချိုးအစားကို မြင့်တက်လာစေရန် ရည်မှန်းထားပါသည်။ လယ်ယာကဏ္ဍကို လျော့၍ လုပ်ကိုင်ရန် မဟုတ်ဘဲ လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် စက်မှုကဏ္ဍကို တိုးတက်စေပြီး ငွေကြေးဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် ပညာရေး စသည့် ဝန်ဆောင်မှုကဏ္ဍများကို တိုးတက်စေခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍ၏ ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်းကို တိုးတက်လာစေရန် ဖြစ်ပါသည်။

ကယားပြည်နယ်၏ ဂျီဒီပီတွင် လယ်ယာကဏ္ဍ၏ ပါဝင်အားဖြည့်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အနည်းငယ်စီ လျော့နည်းလာခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရှိ စက်မှုကဏ္ဍ၏ ပါဝင်အားဖြည့်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် သိသာစွာ တိုးတက်လာခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍမှာ ယခင်ဘဏ္ဍာနှစ်တွင် ပါဝင်အားဖြည့်မှုအတိုင်း ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

*ပုံ (၄) ကယားပြည်နယ်၏ ဂျီဒီပီတန်ဖိုး (နှစ်အလိုက်တန်ဖိုး)ကို လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍအလိုက် % ဖြင့် ဖော်ပြခြင်း*





*ဇစ်မြစ် - ကယားပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

## ၁.၄ မြေယာအသုံးချမှု

ကယားပြည်နယ်၏ မြေအမျိုးအစား အလိုက် အသုံးချထားသည့် ဧကမှာ အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်ပါသည်။

*ပုံ (၅) ကယားပြည်နယ်၏ မြေအသုံးချမှု*




*ဇစ်မြစ် - ကယားပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန*

ဇယား ၅ - ကယားပြည်နယ်၏ မြေအသုံးချမှုကို ၂၀၁၆-၁၇ ခုနှစ် အသုံးချမှုကဏ္ဍအလိုက် ပြဆိုခြင်း

| စဉ် | မြေအမျိုးအစား | ဧရိယာ (ဧက) |
|---|---|---|
| ၁ | အသားတင် စိုက်ပျိုးမြေ ဧရိယာပေါင်း | ၁၆၇,၆၉၆ |
| | (က) လယ်မြေဧရိယာ | ၅၂,၈၁၆ |
| | (ခ) ယာမြေ | ၉၃,၀၇၄ |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၇၉၈ |
| | (င) တောင်ယာမြေ | ၂၁,၀၀၈ |
| | (စ) ဓနိမြေ | - |
| ၂ | လုပ်ထားမြေဧရိယာ | ၁၀,၂၇၅ |
| ၃ | စားကျက်မြေ | - |
| ၄ | စက်ရုံမြေ | ၂,၁၅၀ |
| ၅ | မြို့မြေ | ၉,၈၀၂ |
| ၆ | ရွာမြေ | ၂၅,၁၈၁ |
| ၇ | အခြားမြေ | ၆၅၁၂၇ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေ ဧရိယာ | ၁,၅၆၂,၁၀၀ |
| ၉ | တောရိုင်း | ၄၀၉,၅၇၃ |
| ၁၀ | မြေရိုင်း | ၄၁,၆၃၇ |
| ၁၁ | စိုက်ပျိုးခြင်း မပြုနိုင်သော မြေ | ၆၀၅,၃၈၀ |
| | **စုစုပေါင်း** | **၂,၈၉၈,၉၂၁** |

ဖစ်မြစ် - ကယားပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန

ကယားပြည်နယ်တွင် စိုက်ပျိုးရေး မြေအမျိုးအစားကို အသားတင်စိုက်ပျိုးသည့်မြေ၊ ပလပ်ထားသောမြေ၊ စိုက်ပျိုးနိုင်သောမြေ၊ သစ်တောကြိုးဝိုင်း၊ အခြားသစ်တောမြေနှင့် အခြားမြေ ဟူ၍ အမျိုးအစားခြောက်မျိုး ခွဲခြားထားပါသည်။ ကယားပြည်နယ်တွင် အသားတင် စိုက်ပျိုးသည့် မြေဧရိယာသည် ဧက ၁.၇ သိန်းခန့် ရှိပါသည်။ ကယားပြည်နယ်တွင် လုပ်ထားသောမြေ ၈,၃၉၃ ဧက၊ တောရိုင်းမြေ ၄၁၃,၃၁၃ ဧကနှင့် မြေရိုင်း ၄၀,၅၁၄ ဧက၊ စုစုပေါင်း ၄၆၂,၂၂၀ ဧက ရှိနေသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသင့်တော်မည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကယားပြည်နယ်တွင် လယ်ယာမြေကို အခြားအသုံးချခွင့်အတွက် လျှောက်ထားမှု နည်းသည်ဟု သိရပါသည်။ အများစုမှာ စက်သုံးဆီဆိုင်ဖွင့်ရန်အတွက် မြေနေရာ လျှောက်ထားကြသည်ဟု သိရှိရပါသည်။ လက်ရှိတွင် အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုခဲ့သည့် လုပ်ငန်း (၁၆)ခု ရှိပါသည်။ သစ်တောမြေမှ ပယ်ဖျက်ပေးခြင်း ဧက ၃၀၀ ၊ ယာမြေမှ ပယ်ဖျက်ပေးခြင်း ဧက ၂၀၀ ၊ စုစုပေါင်း ဧက ၅၀၀ ရှိပါသည်။ အဆိုပါပယ်ဖျက် ဧကများထဲမှ ရဲတပ်ရင်းနေရာ၊ ဝန်ထမ်းအိမ်ယာများ၊ စက်မှုဇုန်မြေနေရာတို့အတွက် ဧက ၂၀၀ ကျော်ကို အခြားနည်းဖြင့် အစိုးရအဖွဲ့မှ (၄) ခု၊ အခြားအဖွဲ့အစည်းအတွက် (၄) ခု၊ သီးနှံသိုလှောင်ရုံအတွက် (၃) ခု၊ စက်သုံးဆီဆိုင်အတွက် (၃) ခု၊ ဆက်သွယ်ရေးတာဝါတိုင်အတွက် (၂) ခု ခွင့်ပြု ပေးထားခဲ့ကြောင်း သိရပါသည်။

မြေလွတ်၊ မြေရိုင်း(၄)မျိုးကို ခွင့်ပြုပေးထားသည်ဟု သိရှိရပါသည်။ ယင်းတို့မှာ (၁) စိုက်ပျိုးရေး၊ (၂) မွေးမြူရေး၊ (၃) ဓာတ်သတ္တုတူးဖော်ရေးနှင့် (၄) အခြားလုပ်ငန်း (ဟိုတယ်၊ ဆေးရုံ စသည်) တို့ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက(၅၀)အောက် ကို ပြည်နယ်အစိုးရမှ ခွင့်ပြုချက်ပေးပြီး ဧက(၅၀)အထက် ဖြစ်ပါက ဗဟိုအစိုးရသို့ တင်ပြရပြီး ခွင့်ပြုချက်ယူရပါသည်။ အခြားလုပ်ငန်းများအနေဖြင့် ဗဟိုကိုတင်ပြပြီးမှ ခွင့်ပြုချက် ရယူရပါသည်။ တပ်မှ စွန့်လွှတ်လိုက်သည့် မြေများအားလုံးကို စိုက်ပျိုးရေးအတွက် ချထားပေးမည်ဖြစ်ပြီး ကျန်ရှိသည့်မြေများကို ဌာနဆိုင်ရာ၊ ရုံးမြေနေရာများအတွက် ချထားပေးခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိကများအတွက်လည်း ချထားပေးမည်ဟု သိရှိရပါသည်။ ဘောလခဲ နှင့် ဖားဆောင်း ဒေသတို့တွင်လည်း လျှောက်ထားနိုင်ကြပါသည်။ မယ်စဲ့မြို့အနေဖြင့် သစ်တောမြေများနေ သဖြင့် မြေယာစီမံခန့်ခွဲမှုတွင် လုပ်ပိုင်ခွင့်ပြုသည့် ဧကမှာ အနည်းငယ်သာ ရှိပါသည်။ မြို့ပိုင်မြေအဖြစ် ဧက ၇၉၀ ကို သစ်တောမှ စွန့်လွှတ်ပေးရန် အစိုးရသို့ တင်ပြထားပြီး လက်ရှိတွင် မယ်စဲ့မြို့ မြေဇရိယာမှာ ဧက ၂၁၀ သာရှိပါသည်။

## ၁.၅ စိုက်ပျိုးရေး

ကယားပြည်နယ်မှာ စိုက်ပျိုးရေးအတွက် ကောင်းမွန်သောမြေဆီလွှာရှိပြီး ရေရရှိမှု မှာလည်း လွယ်ကူသောဒေသ တစ်ခုဖြစ်ပါသည်။ မြေဆီသြဇာကောင်းမွန် သဖြင့် သီးနှံအမျိုးပေါင်းများစွာကို စိုက်ပျိုးနိုင်ပါသည်။ ကယားပြည်နယ်တွင် စုစုပေါင်း မြေဧရိယာ ဧက ၂,၈၉၈,၉၂၁ ရှိသည့်အနက် အသားတင်စိုက်ပျိုးမြေမှာ ၁၆၆,၈၃၂ ဧကသာ ရှိသည့်အတွက် စုစုပေါင်းမြေ ဧရိယာ၏ (၆%) သာ ရှိပါသည်။ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၆၇၁,၁၃၂ ဧက ရှိနေပြီး တောရိုင်းမြေနှင့် မြေရိုင်းမြေများလည်း များစွာကျန်ရှိနေပါသည်။ လွိုင်ကော်ခရိုင်တွင် စပါးနှင့် အစေ့ထုတ်ပြောင်း၊ ဘောလခဲခရိုင်တွင် နှမ်းကို အဓိက စိုက်ပျိုးထုတ်လုပ်ပြီး အခြား စိုက်ပျိုးသော မိုးသီးနှံများမှာ ဖူးစားပြောင်း၊ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ အခြားပဲ၊ ကော်ဖီ၊ လက်ဖက် နှင့် ဟင်းသီးဟင်းရွက်များ ဖြစ်ကြပါသည်။

*ဇယား ၆ - ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၏ အဓိကသီးနှံ (၁၀) မျိုး၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ(ဧက)*

| စဉ် | သီးနှံ အမည် | ၂၀၁၆ - ၂၀၁၇ လျာထားဧက | | ၂၀၁၆ -၂၀၁၇ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက်ဧက | ရိတ်ဧက | နှုန်း (တင်း/ဧက) | အထွက် (တင်း) |
| ၁ | စပါး | နွေ | ၉,၆၁၁ | ၄,၅၀၁ | ၄,၅၀၁ | ၈၉.၁၃ | ၄၀၁,၁၇၄ |
| | | မိုး | ၉၈,၉၆၅ | ၉၀,၆၇၉ | ၉၀,၆၇၉ | ၆၇.၁၉ | ၆,၀၉၃,၁၀၃ |
| ၂ | မြေပဲ | မိုး | ၁၂,၁၂၂ | ၁၁,၈၁၉ | ၁၁,၈၁၉ | ၄၅.၃၅ | ၅၃၅,၉၅၇ |
| | | ဆောင်း | ၂,၅၆၂ | ၂,၁၆၂ | ၂,၁၆၂ | ၄၈.၇၈ | ၁၀၅,၄၆၁ |
| ၃ | နှမ်း | မိုး | ၁၈,၈၁၉ | ၂၂,၆၄၄ | ၂၂,၆၄၄ | ၉.၈၃ | ၂၂၂,၆၅၆ |
| | | ဆောင်း | ၁,၉၃၁ | ၁,၁၂၇ | ၁,၁၂၇ | ၁၁.၂၃ | ၁၂,၆၅၃ |
| ၄ | နေကြာ | မိုး | ၂,၈၆၇ | ၁,၈၂၆ | ၁,၈၂၆ | ၂၉.၂၈ | ၅၃,၄၆၄ |
| | | ဆောင်း | ၂,၈၁၇ | ၂,၂၈၈ | ၂,၂၈၈ | ၂၈.၇၁ | ၆၅,၆၈၁ |
| ၅ | ပဲတီစိမ်း | မိုး | ၁,၆၉၂ | ၉၁၉ | ၉၁၉ | ၁၃.၆၁ | ၁၂,၅၀၅ |
| | | ဆောင်း | ၁,၁၈၇ | ၉၇၅ | ၉၇၅ | ၁၂.၇၅ | ၁၂,၄၃၄ |
| ၆ | ပဲစဉ်းငုံ | မိုး | ၁၃,၉၈၅ | ၁၀,၃၈၉ | ၁၀,၃၈၉ | ၁၂.၈၂ | ၁၃၃,၂၂၃ |
| ၇ | ကြံ | မိုး | ၇၁ | ၇၁ | ၇၁ | ၁၇.၃၂ | ၁,၂၃၀ |
| ၈ | အစေ့ထုတ်ပြောင်း | မိုး | ၃၆,၇၄၃ | ၅၂,၇၆၆ | ၅၂,၇၆၆ | ၆၅.၀၁ | ၃,၄၃၀,၂၄၇ |
| ၉ | မတ်ပဲ | ဆောင်း | - | ၁၇၇ | ၁၇၇ | ၈.၆၅ | ၁,၅၃၁ |

*ဇစ်မြစ် - ကယားပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန*

ကယားပြည်နယ်အတွင်း မိုးစပါးဧက ၉၀,၀၀၀ ကျော်၊ နွေစပါးဧက ၄,၅၀၀ ကျော်ခန့် စိုက်ပျိုးပြီး မြေပဲဧက ၁၄,၀၀၀ နီးပါး စိုက်ပျိုးပါသည်။ အစေ့ထုတ်ပြောင်း ဧက ၅၃,၀၀၀ ခန့် စိုက်ပျိုးရာတွင် လွိုင်ကော်ခရိုင်၌ ဧက ၅၂,၀၀၀ နှင့် ဘောလခဲခရိုင်၌ ဧက ၁,၀၀၀ ခန့်သာ စိုက်ပျိုးပါသည်။ နံစားပြောင်းဧက ၈,၇၀၀ ခန့် စိုက်ပျိုးကြပြီး ပြောင်းကောက်ကို ခေါင်ရည် ချက်လုပ်ရန် အတွက် အသုံးပြုကြပါသည်။ မြေပဲကို လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆို မြို့နယ်များ၌ စိုက်ပျိုးကြပါသည်။ ဘောလခဲခရိုင်ရှိ ဘောလခဲနှင့် ဖားဆောင်း၊ မယ်စဲ့ နှင့် ရွာသစ် မြို့နယ် များတွင် နှမ်းအဓိက စိုက်ပျိုးပြီး ဧက ၂၃,၀၀၀ ခန့် ရှိပါသည်။ ဝါမှာ ဒေသ၏ ရာသီဥတုနှင့် မကိုက်ညီသဖြင့် မစိုက်ပျိုးကြကြောင်း သိရှိရပါသည်။ ကြံစိုက်ပျိုးမှုမှာ ၇၁ ဧကခန့်သာရှိပြီး ၎င်းမှာလည်း တစ်ကွင်းတစ်ဆက်တည်း မဟုတ်ကြောင်း လေ့လာ သိရှိရပါသည်။

စိုက်ပျိုးမှုအတွက် ဆည်ရေကို မိုးပြဲဆည်နှင့်ငွေတောင်ဆည်များမှ အဓိက ဖြန့်ဝေပေးနေပြီး ဘောလခဲမြို့နယ်ရှိ ဒေါတချားဆည်မှာ သောက်သုံးရေအတွက်သာ အဓိက ဖြန့်ဖြူးပေးလျက် ရှိပါသည်။ ယခုနှစ်မိုးရေချိန် လက်မ ၄၁ လက်မ ရရှိခဲ့သော်လည်း ဘောလခဲခရိုင်တွင် ရေရရှိမှု အခက်အခဲကြောင့် စပါးစိုက်ပျိုးခြင်း ကို ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်ခဲ့ပါသည်။ စမ်းသပ်ကွက်များ၏ စပါး ထွက်ရှိမှုမှာ တစ်ဧကလျှင် တင်း ၁၄၀ ခန့် ရှိပြီး ပျမ်းမျှအားဖြင့် အထွက်နှုန်းမှာ လယ်စပါးတစ်ဧက ၈၂ တင်းနှုန်း၊ တောင်ယာစပါး တစ်ဧက တင်း ၅၀ နှုန်း ရှိသဖြင့် ပြည်နယ် ပျမ်းမျှ အထွက်နှုန်းမှာ တင်း ၆၇ ခန့် ထွက်ရှိပါသည်။ အများစုမှာ တင်း ၈၀ အထိ ထွက်ရှိပါသည်။ ပြောင်းတစ်ဧကလျှင် ၆၀ မှ ၆၅ တင်းအထိ ထွက်ရှိပါသည်။၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်၏ ဒေသတွင်း ဝမ်းစာလိုအပ်ချက်မှာ စပါးတင်းပေါင်း ၄.၇ သန်းနီးပါး ရှိသဖြင့် ဆန်ဖူလုံမှု ရာခိုင်နှုန်းမှာ ၂၂၁.၄၂% ဖြစ်သည်ကို တွေ့ရပါသည်။ ကယားပြည်နယ်တွင် ဆီထွက်သီးနှံအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညှင်း နှင့် ပန်းနှမ်း သီးနှံတို့ကို စိုက်ပျိုးကြပြီး ကယားပြည်နယ်၏ ဆီဖူလုံမှုမှာ ၁၆၂.၄၁% ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

*ဇယား ၇- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၏ နှစ်ရှည်သီးနှံများ စိုက်ပျိုးမှု အခြေအနေ*

| စဉ် | နှစ်ရှည်ပင် အမည် | နှစ်ရှည်ပင် စိုက်ဧက | | |
|---|---|---|---|---|
| | | လွိုင်ကော်ခရိုင် | ဘောလခဲခရိုင် | ပြည်နယ်ချုပ် |
| ၁ | အုန်း | ၅၃ | ၁၁၈ | **၁၇၁** |
| ၃ | လက်ဖက် | ၅၂ | - | **၅၂** |
| ၄ | ကော်ဖီ | ၁၄၉၀ | ၂၅၀ | **၁၇၄၀** |
| ၅ | ဖာလာ | ၂၃၃၅ | ၂၃၄၀ | **၄၆၇၅** |
| ၆ | ကွမ်းသီး | ၇၆ | ၆၃ | **၁၃၉** |
| ၇ | ကွမ်းရွက် | ၁၉၈ | ၅၀ | **၂၄၈** |
| ၈ | ငှက်ပျော | ၁၇၂၃ | ၆၀၀ | **၂၃၂၃** |

*ဖစ်မြစ် - ကယားပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန*

ကယားပြည်နယ်အတွင်းတွင် အလားအလာရှိသော နှစ်ရှည်ပင်မှာ ကွမ်းသီး စိုက်ပျိုးခြင်း ဖြစ်ပါသည်။ ဘောလခဲခရိုင်တွင် အနည်းငယ် စိုက်ပျိုးဖြစ်ထွန်းနေသည်ကို တွေ့ရှိရပြီး စီးပွားဖြစ် စိုက်ပျိုးမှု မရှိသေးကြောင်း တွေ့ရှိရပါသည်။ ကယားပြည်နယ်တွင် ထောပတ်၊ လိမ္မော်၊ သရက်နှင့် ကော်ဖီများလည်း ကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ ယခုအခါတွင် ကော်ဖီကို တိုးချဲ့ စိုက်ပျိုးလာကြပြီး ပြည်နယ် အတွင်းတွင် ကော်ဖီ ဧက ၇၀၀ ကျော် စိုက်ပျိုးထားရှိပါသည်။ ထို့အပြင် ပြည်နယ်အတွင်းတွင် မကျည်းစိုက်ပျိုးပါက ဖြစ်ထွန်းနိုင်ပြီး ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။ ယခင်က သီးထပ် စိုက်ပျိုးမှု အလွန်နည်းခဲ့သော်လည်း ယခုအခါတွင် အချို့တောင်သူများမှာ စပါးပြီးပါက ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ပဲများ စိုက်ပျိုးလာကြပါသည်ကို လေ့လာတွေ့ရှိရပါသည်။

*ဇယား ၈- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ်ရှိ အခြားစေျးကွက်ဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ (ဧက)*

| စဉ် | သီးနှံ အမျိုးအစား | သီးနှံ စိုက်ဧက | | |
|---|---|---|---|---|
| | | လွိုင်ကော်ခရိုင် | ဘောလခဲခရိုင် | ပြည်နယ်ချုပ် |
| ၁ | ကြက်သွန်နီ | ၂၀၇၉ | ၁၄၃ | ၂၂၂၂ |
| ၂ | ကြက်သွန်ဖြူ | ၂၄၆၈ | ၄၉၆ | ၂၉၆၄ |
| ၃ | ငရုတ် | ၃၁၃၂ | ၁၁၄၈ | ၄၂၈၀ |
| ၄ | ပန်းနှမ်း | ၁၀၅၅၆ | ၂၀၀ | ၁၀၇၅၆ |
| ၅ | ငှက်ပျော | ၁၇၂၃ | ၆၀၀ | ၂၃၂၃ |
| ၆ | ပိတ်ချင်း | - | ၉၀ | ၉၀ |
| ၇ | ဟင်းသီး/ ရွက် | ၂၀၈၆၆ | ၆၁၀၇ | ၂၆၉၇၃ |

*ဇစ်မြစ် - ကယားပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန*

စိုက်ပျိုးမြေပြုပြင်ရာတွင် ထွန်စက်ကြီးများကို အသုံးပြုကြပြီး အချို့သော တောင်သူများမှာ လက်တွန်း ထွန်စက်ငယ်များကိုသာ အသုံးပြုနိုင်ကြပါသည်။ ထို့အပြင် ရိတ်သိမ်း ချွေလှေ့စက်များနှင့် မျိုးစေ့ချ စက်များကို သုံးစွဲလာကြပြီ ဖြစ်သဖြင့် ကယားပြည်နယ်၏ အခြေအနေကို ခြုံငုံ သုံးသပ်ပါက စက်မှုလယ်ယာ ဘက်သို့ များစွာ တိုးတက် ပြောင်းလဲလာကြောင်း တွေ့ရှိရပါသည်။

## ၁.၅.၁ စိုက်ပျိုးရေးကုန်ကျစရိတ်များ

### (၁) စပါး

စပါးကို လွိုင်ကော်ခရိုင်အတွင်းတွင် အများဆုံး စိုက်ပျိုးကြပါသည်။ မိုးစပါးကို ဇူလိုင်လ နှင့် ဩဂုတ်လတွင် စိုက်ပျိုးပြီး နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများ တွင် ရိတ်သိမ်းကြပါသည်။ မိုးစပါးဧက ၉၀,၀၀၀ ခန့်စိုက်ပျိုးပြီး၊ နွေစပါးဧက ၄,၅၀၀ ဝန်းကျင်ခန့်သာ စိုက်ပျိုးကြပါသည်။ အများဆုံး စိုက်ပျိုးသည့် စပါးမျိုးမှာ ရွှေရင်အေး (၁၂) နှင့် တရုတ်မွှေးမျိုးများ ဖြစ်ကြပါသည်။ စပါးအထွက်နှုန်းမှာ ပျမ်းမျှ (၈၀-၁၀၀) တင်း ထွက်ရှိပါသည်။ ကယားပြည်နယ်တွင် စပါးများစွာ ထွက်ရှိသော်လည်း ကြိတ်ခွဲစက် အများစုမှာ ဟာလာစက်များ ဖြစ်ပါသည်။ ဆန်ကြိတ်ခွဲစက်ကြီးမှာ ပြည်နယ်တစ်ခုလုံးတွင် တစ်လုံး သာရှိပါသည်။ ၎င်းစက်မှာ အဆင့်မီ ဆန်များ ရရှိအောင် ကြိတ်ခွဲနိုင်ကြောင်း သိရပါသည်။ မိုးစပါး စိုက်ပျိုးမှု၏ တစ်ဧက ကုန်ကျစရိတ်မှာ ၃၅၇,၀၀၀ ကျပ် ဖြစ်ပြီး အဆင့်အလိုက် ကုန်ကျစရိတ်များကို အောက်ပါဇယားတွင် တင်ပြထားပါသည်။

*ဇယား ၉- မိုးစပါး တစ်ဧက ကုန်ကျစရိတ်*

| စဉ် | လုပ်ငန်းအမည် | နှုန်း (ကျပ်) | စုစုပေါင်း ကုန်ကျစရိတ် (ကျပ်) |
|---|---|---|---|
| ၁။ | **ပျိုးခင်းမြေပြင်ခြင်း** | | **၁၄,၅၀၀** |
| | - ထယ် | ၁၅,၀၀၀ | ၁,၅၀၀ |
| | - ထွန် | ၁၅,၀၀၀ | ၃,၀၀၀ |
| | - နွားချေးချ | ၅,၀၀၀ | ၅,၀၀၀ |
| | - ပျိုးထောင်/ကြဲ | ၅,၀၀၀ | ၅,၀၀၀ |
| ၂။ | **စိုက်ခင်းမြေပြင်ခြင်း** | | **၄၀,၀၀၀** |
| | - ထယ် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - ထွန် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - မြက်ကောက် | ၅,၀၀၀ | ၁၀,၀၀၀ |
| ၃။ | **စိုက်ပျိုးခြင်း** | | **၈၀,၀၀၀** |
| | ပျိုးနှုတ်/သယ် | ၅,၀၀၀ | ၃၀,၀၀၀ |
| | - ကောက်စိုက် | ၅,၀၀၀ | ၅၀,၀၀၀ |
| ၄။ | **အပင်ပြုစုခြင်း** | | **၆၀,၀၀၀** |
| | - ပေါင်းလိုက်/သမန်းထိုး | ၅,၀၀၀ | ၅၀,၀၀၀ |
| | - ဆေးဖျန်း | ၅,၀၀၀ | ၅,၀၀၀ |
| | - ဓာတ်မြေသြဇာကြဲ | ၅,၀၀၀ | ၅,၀၀၀ |
| ၅။ | **ရိတ်သိမ်းခြင်း** | | **၅၅,၀၀၀** |
| | - ကောက်ရိတ် | ၅,၀၀၀ | ၅၅,၀၀၀ |
| ၆။ | **ချွေလှေ့ခြင်း** | | **၂၀,၅၀၀** |
| | - စပါးချွေလှေ့ | ၁၀၀ | ၅,၅၀၀ |
| | - သိုလှောင်ရုံသယ် | ၅,၀၀၀ | ၁၅,၀၀၀ |
| ၇။ | **သွင်းအားစု** | | **၈၇,၀၀၀** |
| | - မျိုးစေ့၁/၂တင်း | ၁၀,၀၀၀ | ၁၅,၀၀၀ |
| | ယူရီးယား ၁အိတ် | ၂၂,၀၀၀ | ၂၂,၀၀၀ |
| | ကွန်ပေါင်း ၁အိတ် | ၄၀,၀၀၀ | ၄၀,၀၀၀ |
| | ပိုးသတ်ဆေး ၀.၅ လီတာ | ၁၅,၀၀၀ | ၁၀,၀၀၀ |
| | **စုစုပေါင်း** | | **၃၅၇,၀၀၀** |

*ဇစ်မြစ် - ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန*

### (၂) ပြောင်း

ပြောင်းကို မေလတွင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းပြီး လွိုင်ကော်ခရိုင် အတွင်းတွင် အများဆုံး စိုက်ပျိုးကြပါသည်။ အစေ့ထုတ်ပြောင်း အနေဖြင့် ကယား တစ်ပြည်နယ်လုံး ဧက ၅၃,၀၀၀ ခန့် စိုက်ပျိုးပြီး တစ်ဧက ပြောင်းအထွက်နှုန်းမှာ (၆၀-၆၅)တင်း ဖြစ်ပါသည်။ တောင်သူများ အချို့ပြောင်းမျိုးစေ့ကို ကုမ္ပဏီများမှ ဈေးကြီးပေး၍ ဝယ်ယူ စိုက်ပျိုးကြပြီးအချို့မှာ စိုက်ပျိုးရေး ဦးစီးဌာနမှ ပြောင်းမျိုးစေ့များကို ဈေးနှုန်း ချိုသာစွာဖြင့် ဝယ်ယူ စိုက်ပျိုးလျက်ရှိပါသည်။ ပြည်နယ်အတွင်းတွင်

ပြောင်းအခြောက်ခံစက် နည်းပါးနေသေးသဖြင့် ပြောင်းအခြောက်ခံ စက်များ တည်ထောင်ခြင်းသည်လည်း အလားအလာ ကောင်းသော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ပြောင်းတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၂၉၃,၀၀၀ ကျပ် ဖြစ်ပြီး လုပ်ငန်းအဆင့်အလိုက် ကုန်ကျစရိတ်များကို အောက်ပါဇယားတွင် တင်ပြထားပါသည်။

*ဇယား ၁၇- အစေ့ထုတ်ပြောင်းအတွက် တစ်ဧက ကုန်ကျစရိတ်*

| စဉ် | လုပ်ငန်းအမည် | နှုန်း (ကျပ်) | စုစုပေါင်း ကုန်ကျစရိတ် (ကျပ်) |
|---|---|---|---|
| ၁။ | **စိုက်ခင်းမြေပြင်ခြင်း** | | **၄၀,၀၀၀** |
| | - ထယ် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - ထွန် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - စိုက်ကြောင်းဆွဲ | ၅,၀၀၀ | ၁၀,၀၀၀ |
| ၂။ | **စိုက်ပျိုးခြင်း** | | **၁၀,၀၀၀** |
| | - မျိုးစေ့ချ | ၅,၀၀၀ | ၁၀,၀၀၀ |
| ၃။ | **အပင်ပြုစုခြင်း** | | **၄၀,၀၀၀** |
| | - ပေါင်းလိုက် | ၅,၀၀၀ | ၄၀,၀၀၀ |
| ၄။ | **ရိတ်သိမ်းခြင်း** | | **၁၃၁,၀၀၀** |
| | -အဖူးချိုး | ၅,၀၀၀ | ၄၀,၀၀၀ |
| | - တလင်းသယ် | ၅,၀၀၀ | ၃၀,၀၀၀ |
| | - အခွံခွာ | ၅,၀၀၀ | ၃၀,၀၀၀ |
| | - အခြောက်လှန်း | ၅,၀၀၀ | ၁၀,၀၀၀ |
| | - အစေ့ချွေ(စက်) | ၂၀၀ | ၁၁,၀၀၀ |
| | - ပြာလှေ့ | ၅,၀၀၀ | ၁၀,၀၀၀ |
| ၅။ | **သွင်းအားစု** | | **၇၂,၀၀၀** |
| | - မျိုးစေ့ဝယ်ထုတ် | ၁၈,၀၀၀ | ၁၈,၀၀၀ |
| | - ကွန်ပေါင်း ၁အိတ် | ၂၂,၀၀၀ | ၂၂,၀၀၀ |
| | - နွားချေး (၂)စီး | ၅,၀၀၀ | ၁,၀၀၀ |
| | - ယူရီးယား (၁)အိတ် | ၂၂,၀၀၀ | ၂၂,၀၀၀ |
| | **စုစုပေါင်း** | | **၂၉၃,၀၀၀** |

*ဇစ်မြစ် - ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန*

## (၃) မြေပဲ

မြေပဲကို လွိုင်ကော်၊ ဒီးမော့ဆို ၊ ဖရူဆိုမြို့နယ် တို့တွင် အများဆုံး စိုက်ပျိုးကြပြီး စုစုပေါင်း မြေပဲစိုက်ဧကမှာ ၁၄,၀၀၀ ဝန်းကျင်ခန့် ရှိပါသည်။ မြေပဲတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၃၁၇,၈၀၀ ကျပ် ဖြစ်ပြီး လုပ်ငန်းအဆင့်အလိုက် ကုန်ကျစရိတ် များကို အောက်ပါဇယားတွင် တင်ပြထားပါသည်။

*ဇယား ၁၁- မြေပဲ တစ်ဧက စိုက်ပျိုးခြင်း အတွက် ကုန်ကျစရိတ်*

| စဉ် | လုပ်ငန်းအမည် | နှုန်း (ကျပ်) | စုစုပေါင်း ကုန်ကျစရိတ်(ကျပ်) |
|---|---|---|---|
| ၁။ | **စိုက်ခင်းမြေပြင်ခြင်း** | | **၄၅,၀၀၀** |
| | - ထယ် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - ထွန် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - စိုက်ကြောင်းဆွဲ | ၅,၀၀၀ | ၅,၀၀၀ |
| | - ဓာတ်မြေသြဇာကြဲ | ၅,၀၀၀ | ၅,၀၀၀ |
| | - နွားချေးချ | ၅,၀၀၀ | ၅,၀၀၀ |
| ၂။ | **စိုက်ပျိုးခြင်း** | | **၄၀,၀၀၀** |
| | - မျိုးစေ့ခွာ | ၅,၀၀၀ | ၂၀,၀၀၀ |
| | - မျိုးစေ့ချ | ၅,၀၀၀ | ၁၀,၀၀၀ |
| | - မျိုးစေ့ဖုံး | ၅,၀၀၀ | ၁၀,၀၀၀ |
| ၃။ | **အပင်ပြုစုခြင်း** | | **၅၀,၀၀၀** |
| | - ပေါင်းလိုက် | ၅,၀၀၀ | ၃၀,၀၀၀ |
| | - ဘောင်တင် | ၅,၀၀၀ | ၂၀,၀၀၀ |
| ၄။ | **ရိတ်သိမ်းခြင်း** | | **၃၀,၀၀၀** |
| | - အပင်နုတ် | ၅,၀၀၀ | ၃၀,၀၀၀ |
| ၅။ | **ချွေလှေ့ခြင်း** | | **၇၀,၀၀၀** |
| | - အတောင့်ချွေ | ၅,၀၀၀ | ၃၀,၀၀၀ |
| | - အခြောက်လှန်း | ၅,၀၀၀ | ၂၀,၀၀၀ |
| | - ပြာလှေ့ | ၅,၀၀၀ | ၂၀,၀၀၀ |
| ၆။ | **သွင်းအားစု** | | **၈၂,၈၀၀** |
| | - မျိုးစေ့(၆)ပြည် | ၇,၀၀၀ | ၄၂,၀၀၀ |
| | - ကွန်ပေါင်း၁/၂အိတ် | ၄၀,၀၀၀ | ၂၀,၀၀၀ |
| | - နွားချေး(၂)စီး | ၅,၀၀၀ | ၁၀,၀၀၀ |
| | - ကျောက်မှုန့်(၆)အိတ် | ၁,၈၀၀ | ၁၀,၈၀၀ |
| | **စုစုပေါင်း** | | **၃၁၇,၈၀၀** |

*ဇစ်မြစ် - ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန*

### (၄) နှမ်း

ဘောလခဲခရိုင်အတွင်း အဓိက စိုက်ပျိုးသော သီးနှံမှာ နှမ်းဖြစ်ပါသည်။ နှမ်းစိုက်ပျိုးရန်အတွက် မေနှင့်ဇွန်လအတွင်း မြေပြုပြင်ခြင်းကို စတင်ပါသည်။ ဇွန်လဒုတိယ အပတ်တွင် မျိုးစေ့ချပါသည်။ အချို့ကကြဲစိုက်ကြသော်လည်း ယခုအခါတွင် စိုက်ပျိုးရေးမှပေးသည့် နည်းပညာကို အသုံးပြု၍ အတန်းလိုက် စိုက်ပျိုးသူများလည်း ရှိလာပါသည်။ ဇွန်လ ကုန်တွင် သားခွဲပြီး ဇူလိုင်လနောက်ဆုံးပတ်တွင် ပေါင်းနုတ် ရပါသည်။ စက်တင်ဘာလနှင့်အောက်တိုဘာလ အတွင်းတွင် နှမ်းအခြေအနေကို ကြည့်၍ ရိတ်သိမ်းကြပါသည်။ နှမ်းများကို ရိတ်သိမ်းပြီးနောက် ယာထဲတွင် နှမ်းစည်းများကို ထောင်ထားပြီး နှမ်းစည်းများကိုခါသန့်စင်၍ တောင်သူအိမ်သို့ ပို့ဆောင်ကြပါသည်။ နှမ်းတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၂၃၈,၀၀၀ ကျပ် ဖြစ်ပြီး လုပ်ငန်းအဆင့်အလိုက် ကုန်ကျစရိတ်များကို အောက်ပါ ဇယားတွင် တင်ပြထားပါသည်။

*ဇယား ၁၂- ဘောလခဲခရိုင်အတွင်း နှမ်းစိုက်ပျိုးရန်အတွက် တစ်ဧက ကုန်ကျစရိတ်*

| စဉ် | လုပ်ငန်းအမည် | နှုန်း (ကျပ်) | စုစုပေါင်း ကုန်ကျစရိတ် (ကျပ်) |
|---|---|---|---|
| ၁။ | **စိုက်ခင်းမြေပြင်ခြင်း** | | **၃၀,၀၀၀** |
| | - ထယ် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | - ထွန် | ၁၅,၀၀၀ | ၁၅,၀၀၀ |
| ၂။ | **စိုက်ပျိုးခြင်း** | | **၁၅,၀၀၀** |
| | - မျိုးစေ့ချ | ၅,၀၀၀ | ၁၅,၀၀၀ |
| ၃။ | **အပင်ပြုစုခြင်း** | | **၄၀,၀၀၀** |
| | - ပေါင်းလိုက်/သားခွဲ | ၅,၀၀၀ | ၄၀,၀၀၀ |
| ၄။ | **ရိတ်သိမ်းခြင်း** | | **၇၅,၀၀၀** |
| | - ရိတ်သိမ်း | ၅,၀၀၀ | ၄၀,၀၀၀ |
| | - အပင်သယ်ပုံ | ၅,၀၀၀ | ၂၀,၀၀၀ |
| | - နှမ်းထောင် | ၅,၀၀၀ | ၁၅,၀၀၀ |
| ၅။ | **ချွေလှေ့ခြင်း** | | **၂၀,၀၀၀** |
| | - နှမ်းခါ | ၅,၀၀၀ | ၂၀,၀၀၀ |
| ၆။ | **သွင်းအားစု** | | **၅၈,၀၀၀** |
| | - မျိုးစေ့(၂)ပြည် | ၄,၀၀၀ | ၈,၀၀၀ |
| | ပိုးသတ်ဆေး ၁လီတာ | ၁၆,၀၀၀ | ၁၆,၀၀၀ |
| | ကွန်ပေါင်း အိတ်ဝက် | ၄၀,၀၀၀ | ၁၉,၀၀၀ |
| | မှိုသတ်ဆေးတစ်ထုပ် | ၁၄,၀၀၀ | ၁၄,၀၀၀ |
| | **စုစုပေါင်း** | | **၂၃၈,၀၀၀** |

*ဇစ်မြစ် - ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန*

## ၁.၅.၂ စိုက်ပျိုးရေးထုတ်ကုန် ဈေးကွက်

### (၁) စပါး

ကယားပြည်နယ်အတွင်းမှ ထွက်ရှိသော ဆန်ကို ပြည်နယ်အတွင်း လေးပုံတစ်ပုံခန့်သာ စားသုံးကြပြီး ပိုလျှံသည်များကို ရှမ်းပြည်နယ်နှင့် တရုတ်ပြည်သို့ နှစ်စဉ်ရောင်းချကြောင်း သိရပါသည်။ အဆိုပါ စပါးမျိုးသည် အနည်းငယ် စေးထန်းမှု ရှိသဖြင့် ရှမ်းနှင့် တရုတ်လူမျိုးများ အကြိုက်ဖြစ်ပြီး ပြည်နယ်အတွင်းမှ လူအများစုမှာလည်း ကြိုက်နှစ်သက်မှု ရှိသည်ကို သိရှိရပါသည်။ ပြည်နယ်အတွင်း စားသုံးရန် လိုအပ်သော ဆန်စပါးများကို ရန်ကုန်၊ စစ်ကိုင်းနှင့် မကွေးတိုင်းတို့မှ နှစ်စဉ် အိတ် ၃၀,၀၀၀ ကျော်ခန့် ဝယ်ယူစားသုံးနေရကြောင်း သိရှိရပါသည်။

### (၂) ပြောင်း

ကယားပြည်နယ်အတွင်းမှထွက်ရှိသော ပြောင်းကို အခြောက်ခံပြီးမှသာ မန္တလေးသို့ အဓိက တင်ပို့ရောင်းချကြပါသည်။ ကယားပြည်နယ်မှ တစ်ရက်လျှင် ၂၇၇ တန်ခန့်နှင့် တစ်ပတ်လျှင် ၁,၉၃၈.၄၁ တန်ကို ပြည်နယ်ပြင်ပသို့ ရောင်းချလျက် ရှိပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၇၀ ကျပ် ဖြစ်ကြောင်း သိရှိရပါသည်။ တောင်သူအများစုမှာ ၎င်းတို့၏ ရွာများသို့ လာရောက်ဝယ်ယူသော ပွဲစားများထံတွင်သာ ရောင်းချလေ့ ရှိကြပါသည်။

ပြောင်း အခြောက်ခံစက်ကြီးများ လိုအပ်ချက်ရှိသည်။ လက်ရှိတွင် တစ်ရက်တန် (၉၀)ကျ စက်ကြီးတစ်လုံးနှင့် စက်ငယ် (၂) လုံးသာရှိသည်။ အရည်အသွေးမီ စက်ကြီးများတည်ဆောက်ကာ ပြောင်းမှတဆင့် တန်ဖိုးမြှင့် (value – added) ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်တွင်း ပြည်ပသို့ ဖြန့်ဖြူး နိုင်သည့် စီးပွားရေးအလားအလာကောင်းများ ရှိပါသည်။ လက်ရှိတွင် မျိုးမြန်မာ ပြောင်းအခြောက်ခံစက် လုပ်ငန်းမှ တစ်ရက် (၁၅)တန်ကျ နှင့် တန်(၃၀)ကျ စက်ငယ်များကို ထုတ်လုပ်ဖြန့်ဖြူးရန် ပြင်ဆင်နေကြောင်း သိရှိခဲ့ရပါသည်။

### (၃) နှမ်း

နှမ်းကို ဘောလခဲ ခရိုင်တွင် အများဆုံး စိုက်ပျိုးကြပါသည်။ တောင်သူအများစုမှာ ၎င်းတို့၏ ရွာများသို့ လာရောက်ဝယ်ယူသော ပွဲစားများထံတွင်သာ ရောင်းချလေ့ ရှိကြပါသည်။ မန္တလေး ကုန်စည်ဒိုင်သို့ ကိုယ်တိုင် သွားရောက် ရောင်းချသည့် တောင်သူအချို့လည်း ရှိကြပါသည်။ မန္တလေးကုန်စည်ဒိုင်မှ နေ့စဉ် ဖွင့်သော ဈေးနှုန်းများကို တယ်လီဖုန်း ဆက်သွယ်မှုဖြင့် သိရှိကြ၍ ယင်းဈေးနှုန်းကို အခြေခံပြီး

ရောင်းချကြပါသည်။ ဘောလခဲမြို့နယ်အတွင်းမှ မိုင်းထမ်း၊ ဝမ့်ချဲ့၊ ရှစ်ကွက်၊ ဖောင်းလွတ်၊ နမ့်နောက် ရွာများမှ နမ်းထွက်နှုန်းမှာ တစ်ရာသီတွင် ဆယ်ဘီးကားအစီးရေ (၃၀)ခန့် ရှိကြောင်း မှတ်သားရပါသည်။ ယခုနှစ် ၂၀၁၈ ခုနှစ်အတွင်း နမ်းဈေးကျနေသည့် အတွက် တောင်သူအများစုမှာ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရပါသည်။ ကုန်သည်ပွဲစားများက နမ်းကို အရည်အသွေး ညံ့သည်ဟုဆိုကာ ဈေးနှိမ်ဝယ်ယူကြသဖြင့် တောင်သူအများစုမှာ ရသင့်ရထိုက်သော ဝင်ငွေ မရကြခြင်းကို ခံစားနေကြ ရကြောင်း သိရှိရပါသည်။

## ၁.၅.၃ စိုက်ပျိုးရေးဆိုင်ရာ လေ့လာတွေ့ရှိချက်

စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် လယ်ယာသုံး သွင်းအားစုများ ဖြစ်သော ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးကို ယခင်ကကဲ့သို့ ဖြန့်ဖြူးပေးခြင်း မရှိတော့ဘဲ မျိုးစေ့ တစ်မျိုးကိုသာ ဖြန့်ဖြူးပေးလျက် ရှိပါသည်။ သီးနှံတိုင်းအတွက် စမ်းသပ်ကွက်များ၊ စံပြကွက်များ စိုက်ပျိုးပြသလျက် ရှိပါသည်။ ပြင်ပတွင် ရောင်းချနေသည့် ဓာတ်မြေသြဇာများ၏ မှန်ကန်မှုကို အခါအားလျော်စွာ စစ်ဆေး၍ မမှန်ကန်မှုများ တွေ့ရှိပါက အရေးယူမှုများ ဆောင်ရွက်လျက် ရှိပါသည်။

စိုက်ပျိုးရေး ဦးစီးဌာနသည် တောင်သူများ အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ (GAP [1] ) တိုးတက်အောင် ဆောင်ရွက်ရန် မူဝါဒများ ချမှတ်ထားသည်နှင့် အညီ GAP နည်းစနစ် ကျင့်သုံးရေး သင်တန်းများ ပို့ချပေးခြင်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးအတွက် ပညာပေး လုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်လျက် ရှိပြီး စက်မှုလယ်ယာ ဦးစီးဌာနမှလည်း လယ်ယာသုံး စက်ကိရိယာများ ကိုင်တွယ် မောင်းနှင်ခြင်း သင်တန်းများကို ဖွင့်လှစ် ပို့ချပေးလျက် ရှိပါသည်။

ကယားပြည်နယ်တွင် အလားအလာ ကောင်းသည့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး လုပ်ငန်းများမှာ စပါး၊ နမ်း၊ ပြောင်းဖူး စိုက်ပျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပိုးဇာပင် စိုက်ပျိုး၍ ပိုးချည် ထုတ်လုပ်သည့် လုပ်ငန်း၊ ပြောင်း အခြောက်ခံစက် လုပ်ငန်း၊ ပြောင်းမှတစ်ဆင့် အစာစပ်စက်ရုံ တည်ဆောက်ခြင်း၊ ဘီစကွတ်စက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများ ဖြစ်ကြောင်း ဦးစီးဌာနမှ ဖြေကြားချက်အရ သိရှိရပါသည်။

လယ်ယာကဏ္ဍတွင် လက်ရှိ ဖြစ်ပေါ်နေသော အဓိက အတားအဆီးမှာ လုပ်သားအင်အား ရှားပါးမှု ဖြစ်ပါသည်။ လက်ရှိတွင် အမျိုးသမီးတစ်ဦး အတွက် တစ်ရက်လျှင် ၅,၀၀၀ ကျပ်နှုန်းနှင့် အမျိုးသားတစ်ဦး

[1] Good Agricultural Practices

အတွက် တစ်ရက်လျှင် ၇,၀၀၀ ကျပ်နှုန်းပေး၍ ငှားနေရပြီး လုပ်သားရှားပါးမှုကြောင့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ဒုတိယ အတားအဆီးမှာ ကယားပြည်နယ်တွင် ကျွဲ၊ နွား လွှတ်ကျောင်းစနစ် ရှိနေဆဲ ဖြစ်ပြီး မိုးသီးနှံပြီးသည်နှင့် ကျွဲ၊ နွားများကို လွှတ်ကျောင်းလေ့ ရှိကြပါသည်။ ထို့ကြောင့် အခြားသီးနှံများ ထပ်မံစိုက်ပျိုးရန် အခက်အခဲများ ရှိနေဆဲ ဖြစ်ပါသည်။ တတိယ အတားအဆီးမှာ ဈေးကွက် အခြေအနေ မကောင်းခြင်း ဖြစ်ပြီး စတုတ္ထ အခက်အခဲမှာ ထွန်ယက်ခနှင့် ရိတ်သိမ်း ချွေလှေ့ခ နှုန်းထားများ ကြီးမြင့်ခြင်းပင် ဖြစ်ပါသည်။ စပါးရိတ်သိမ်းချွေလှေ့ခမှာ တစ်ဧက လျှင် ၄၀,၀၀၀ မှ ၅၀,၀၀၀ ကျပ်အထိ ပေးကြရပါသည်။

မျိုးစေ့ချ စိုက်ပျိုးရာတွင် လုပ်အားခဈေးကြီး၍ လုပ်အားခ သက်သာစေရန် မျိုးစေ့ချ ကိရိယာများနှင့် အထွက်နှုန်း တိုးပြီး အရည်အသွေး ကောင်းစေသည့် ဓာတ်မြေဩဇာ များကို ဌာနဆိုင်ရာမှ အရည်အသွေးမှန်၊ ဈေးနှုန်းမှန် ရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။ ကျွဲ၊ နွားများ လွှတ်ကျောင်းခြင်းကြောင့် စိုက်ခင်းများ မပျက်စီးစေရန် အကာအရံများ ပြုလုပ်၍ ထိန်းကျောင်း မွေးမြူသင့်ပါသည်။ ထွက်ရှိလာသည့် သီးနှံများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများ ရရှိအောင် ပြည်တွင်းရှိ ကုန်သည်ပွဲစား အဖွဲ့အစည်းများ၊ နယ်စပ် ကုန်သွယ်ရေးတွင် ဈေးနှိမ်မခံရစေရန်အတွက် တစ်ဖက်နိုင်ငံရှိ လက်ကား ကုန်သည်ကြီးများနှင့် ဆက်သွယ် ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖြေဆိုသူများမှ အကြံပေး ကြပါသည်။

ဆန်စက်ကြီးများအနေဖြင့် အရည်အသွေးမီထုတ်လုပ်နိုင်သည့် တစ်ရက် တန်(၃၀)ကျ နှင့် (၂၅)တန်ကျ ရှိသော ဆွေမျိုးဆန်စက်တစ်လုံးသာရှိပြီး၊ အခြားတစ်ပိုင်တစ်နိုင် ဆန်စက်ငယ်ကလေး (၃၀)ကျော် ရှိကြောင်း သိရပါသည်။ ဆွေမျိုးဆန်စက်အနေဖြင့် ကိုယ်တိုင်လည်း စိုက်ပျိုးပြီး၊ ပြည်နယ်အတွင်း စပါးများကိုလည်း ဝယ်ယူကာ ဖြန့်ချီလျက်ရှိပါသည်။ ထပ်မံ၍ ၂၀၁၈ ခုနှစ်တွင် တစ်ရက် တန်(၆၀)ကျ စက်တစ်လုံး ထပ်တည်ရန် ပြင်ဆင်လျက်ရှိပါသည်။

## ၁.၆ ရေအရင်းအမြစ်များ

ကယားပြည်နယ်တွင် စိုက်ပျိုးရေး လုပ်ငန်းများအတွက် ရေကို အစိုးရမှ တည်ဆောက်သည့် ဆည်မြောင်းများ၊ ကိုယ်အားကိုယ်ကိုးဆည်များ တည်ဆောက်ပြီး အသုံးပြုလျက် ရှိကြပါသည်။ လွိုင်ကော်ခရိုင်တွင် အစိုးရနှင့် ကိုယ့်အားကိုယ်ကိုး ဆည်များရှိသော်လည်း ဘောလခဲခရိုင်တွင် အစိုးရမှ တည်ဆောက်ပေးသည့် ရေလှောင်တမံ နှစ်ခုသာ ရှိကြောင်း တွေ့ရပါသည်။ ဆည်များ၊ မြစ်ရေတင် စီမံကိန်းများနှင့် တာတမံ၊ ရေထိန်းတံခါးများ မရှိသည်ကို တွေ့ရပါသည်။ ဆည်များမှ အကျိုးပြု ဧကမှာ ၃၅,၈၀၂ ဧက ရှိပါသည်။

*ဇယား ၁၃- ကယားပြည်နယ်ရှိ ဆည်မြောင်း တာတမံများနှင့် အကျိုးပြုဧရိယာ*

| စဉ် | ခရိုင် | ရေလှောင် တမံ | ကျောက်စီ | ကွန်ကရစ် | သစ်/ မြေသား | ရေလွှဲ | အကျိုးပြု ဧက |
|---|---|---|---|---|---|---|---|
| (က) | **အစိုးရဆည်များ** | | | | | | |
| ၁ | လွိုင်ကော် | ၂၁ | | | | ၉ | ၄၃, ၉၅၁ |
| ၂ | ဘောလခဲ | ၁ | - | - | - | - | - |
| | **ပြည်နယ်ချုပ်** | **၂၂** | | | | **၉** | ၄၃, ၉၅၁ |
| (ခ) | **ကိုယ့်အားကိုယ်ကိုးဆည်များ** | | | | | | |
| ၁ | လွိုင်ကော် | ၈ | - | - | - | ၁၄ | ၁,၁၂၄ |
| ၂ | ဘောလခဲ | ၂ | - | - | - | ၉ | ၁,၆၄၅ |
| | **ပြည်နယ်ချုပ်** | **၁၀** | | | | **၂၃** | **၂,၇၆၉** |

*ဇစ်မြစ် - ကယားပြည်နယ် ဆည်မြောင်းဦးစီးဌာန*

### ငွေတောင်ဆည်

ငွေတောင်ဆည်သည် ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ရပ်တွင် တည်ရှိပြီး မြေသားတမံ တစ်ခု ဖြစ်ပါသည်။ ၁၉၆၅ ခုနှစ်တွင် ရွှေတောင်၊ ငွေတောင်နှင့် ပတ္တမြားတောင် သုံးလုံးကို နောက်ခံပြု၍ တည်ဆောက်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၅၀ ကျော် ရှိနေပြီ ဖြစ်သော်လည်း စနစ်တကျ ထိန်းသိမ်းမှုများ ပြုလုပ်ထားပါသည်။ နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၃၃ လက်မခန့် ရရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ၁၇,၁၈၉ ဧကပေ ဖြစ်ပါသည်။ တမံအမြင့်မှာ ၃၅ ပေ၊ အလျားမှာ ပေ ၆,၀၀၀ နှင့် ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၈,၉၂၀ ဧကပေ ရှိပြီး ၎င်းတမံမှ ဆည်ရေပေးနိုင်မည့် ဧရိယာမှာ စီမံကိန်းဧက ၆,၂၉၁ ဧက ဖြစ်ပါသည်။ ငွေတောင်ဆည်ကို အများပြည်သူများနှင့် ခရီးသွားဧည့်သည်များက အပန်းဖြေရန် နေရာတစ်ခုအဖြစ် သတ်မှတ်ပြီး လာရောက် လည်ပတ်လျက်ရှိပါသည်။

*ပုံ (၆) ငွေတောင်ဆည်*



## မိုးဗြဲဆည်

မိုးဗြဲဆည်သည် ရှမ်းပြည်နယ်အတွင်း တည်ရှိသော်လည်း ကယားပြည်နယ် လွိုင်ကော်မြို့၏ မြောက်ဘက် ၁၈မိုင်အကွာတွင် တည်ရှိကာ ၎င်းဆည်၏ ရေအရင်းအမြစ်ရရှိမှုမှာ အင်းလေးကန်မှ ရေသည် ဆည်အတွင်း စီးဝင်ပြီး ဘီလူးချောင်းအဖြစ် တောင်ဘက်သို့ ဆက်လက် စီးဆင်းသည်။ မိုးဗြဲဆည်ကို ၁၉၆၈ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၇၀ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးစီးခဲ့ပါသည်။ လောပိတ ရေအားလျှပ်စစ်စက်ရုံသည် ဘီလူးချောင်းမှ ရေကို သဘာဝအတိုင်းရယူပြီး လည်ပတ်ခဲ့ရာမှ မိုးဗြဲရေကာတာ တည်ဆောက်ပြီးသွားသော အခါ လျှပ်စစ်ဓာတ်အားကို ပိုမို ထုတ်လွှတ်ပေး နိုင်ခဲ့ပါသည်။ မိုးဗြဲရေကာတာ၏ ထူးခြားချက်မှာ ရေစုပ်အနက်လေးပေရှိ ရေယာဉ်များကို ရေကာတာအပေါ်မှ အောက်သို့၊ အောက်မှ အပေါ်သို့ ရေလှောင်တံခါးနှစ်ခုဖြင့် အတင်အချ ပြုလုပ်ပေးပြီး ဖယ်ခုံ၊ အင်းလေး၊ လွိုင်ကော်အထိ ၇၆ မိုင်ခန့် ရှည်လျားသော ရေကြောင်းပို့ဆောင်ရေး လမ်းကြောင်းတစ်ခုကို ဖော်ဆောင် ပေးနိုင်ခဲ့ကြောင်း၊ ယင်းသည် ပနားမားတူးမြောင်း၏ လုပ်ဆောင်ချက်များကဲ့သို့ပင် ဖြစ်ပြီး အရွယ်အစား အကြီးအသေး ပုံစံသာ ကွာခြားသည့် မြန်မာနိုင်ငံရှိ တစ်ခုတည်းသော ရေကာတာကြီး ဖြစ်ပါသည်။ သို့သော် လုံခြုံရေး အခြေအနေအရ ၁၉၉၉ ခုနှစ်မှ စ၍ ရေလမ်းကို ပိတ်ထားခဲ့ပြီး ယခုအခါတွင် မိုးဗြဲဆည်ကို နိုင်ငံခြား ပညာရှင်အဖွဲ့နှင့် ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင်မှုများ လုပ်ဆောင်ရန် စီမံလျက် ရှိနေပါသည်။

*ပုံ (၇) မိုးဗြဲဆည်*



*ဓါတ်ပုံ - ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန*

## ၁.၇ မွေးမြူရေး

ကယားပြည်နယ်သည် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကောင်းမွန်သည့် ဒေသတစ်ခုဖြစ်ပါသည်။ ကယားပြည်နယ်အတွင်း မွေးမြူရေးကဏ္ဍ၏ မွေးမြူမှု အခြေအနေကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

*ဇယား ၁၄- ကယားပြည်နယ်၏ မွေးမြူရေး (ကောင်ရေ) (၂၀၁၈ခုနှစ် မတ် လအထိ)*

| စဉ် | တိရစ္ဆာန် အမျိုးအစား | လွိုင်ကော်ခရိုင် | ဘောလခဲခရိုင် | ပြည်နယ်ချုပ် |
|---|---|---|---|---|
| ၁ | ကျွဲ | ၃၄,၃၄၁ | ၄,၂၀၂ | **၃၈,၅၄၂** |
| ၂ | နွား | ၉၆,၇၉၀ | ၅,၉၇၅ | **၁၀၂,၇၆၅** |
| ၃ | ဝက် | ၁၄၅,၇၆၀ | ၁၅,၈၅၃ | **၁၆၁,၆၁၃** |
| ၄ | သိုး/ဆိတ် | ၁,၁၀၂ | ၂,၈၅၄ | **၃,၉၄၆** |
| ၅ | ကြက် | ၂,၉၁၁,၇၆၁ | ၁၅၅,၂၈၂ | **၃,၀၆၇,၀၄၃** |
| ၆ | ဘဲ | ၂၄,၄၇၄ | ၁,၉၁၆ | **၂၆,၃၉၀** |
| ၇ | ကြက်ဆင်/ဘဲငန်း | ၇,၇၇၄ | ၉၆၇ | **၈,၇၄၁** |

*ဇစ်မြစ် - ကယားပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန*

ကယားပြည်နယ်တွင် တစ်အုပ်တစ်မ မွေးမြူသူများသာ များပြီး စီးပွားဖြစ် လုပ်ငန်းကြီး အနေဖြင့် မွေးမြူသူ နည်းပါးကြောင်း သိရှိရပါသည်။ ပြည်နယ်တွင် ကြက်သားစားနှုန်း မြင့်မားသော်လည်း ဘဲသားစားနှုန်းမှာ နည်းပါးသဖြင့် ဘဲမွေးမြူမှုကို စီးပွားဖြစ် မလုပ်နိုင်ကြောင်းသိရှိရပါသည်။ ကြက်မွေးမြူရေးအနေဖြင့် အလားအလာရှိသော်လည်း ဈေးကွက်တွင် ကုမ္ပဏီ နှင့် လုပ်ငန်းရှင်များကသာ ထိန်းချုပ်ထားသည့်အတွက် မွေးမြူသောသူများမှာ အကျိုးအမြတ် အနည်းငယ်သာ ခံစားရကြောင်း သိရပါသည်။ ကယားပြည်နယ်အတွင်း တစ်ပတ်လျှင် ကြက်ကောင်ရေ (၁၀,၀၀၀)ခန့် မှုန့်လေးတိုင်းအတွင်းမှ ကားများနှင့် ဝင်ရောက်နေသည်ဟု သိရပါသည်။ လွိုင်ကော်နှင့် ဒီးမော့ဆိုတွင် ဝက်၊ ဥစားကြက်နှင့် နွားများကို မွေးမြူနိုင်ပြီး ဖွဲ/ဆန်ကွဲများ ပေါများစွာ ရနိုင်သဖြင့် နွားနှင့်ဝက်ကို ဦးစားပေး မွေးမြူနိုင်ပါသည်။

ရေတိုအနေဖြင့် ဝက်နှင့်ဆိတ် မွေးမြူခြင်းက အကျိုးကျေးဇူးများပြီး ရေရှည် အတွက်ဆိုလျှင် နို့စားနွား မွေးမြူနိုင်ကြောင်း သိရပါသည်။ ကယားပြည်နယ်တွင် ဝက်အဖြူမျိုးကို ကြိုက်နှစ်သက်ခြင်း မရှိဘဲ ဝက်အမည်းမျိုးကိုသာ စားသုံးကြကြောင်း သိရှိရပါသည်။ ယခင်က အကောင် ၃၀/၄၀ အထိ မွေးသည့် ဝက်ခြံများ ရှိခဲ့သော်လည်း PRRS (Porcine Reproductive & Respiratory Syndrome) ခေါ် ဝက်နားရွက်ပြာ ရောဂါများ ကျရောက်ပြီး နောက်ပိုင်းတွင် ကောင်ရေ အများအပြား မမွေးကြတော့ကြောင်း သိရှိရပါသည်။ ဝက်မျိုး အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၃နှစ်အတွင်း ဝက်ကောင်ရေ

(၁,၀၀၀)ကျော် ဖြန့်ပေးနိုင်ခဲ့ပါသည်။ ဆိတ်မွေးမြူရေးကို တိုက်တွန်းရခြင်းမှာ ကယားပြည်နယ် အတွင်းတွင် စားကျက်မြေများ ရှိနေသောကြောင့် ဖြစ်ပါသည်။ ယခုလက်ရှိတွင် ဆိတ်မွေးမြူသူမှာ အလွန်နည်းပါးနေပြီး ဆိတ်မွေးမြူရာတွင် ပြည်မ ဆိတ်မျိုးများမှာ ဒေသရာသီဥတုနှင့် မကိုက်ညီသဖြင့် အသေအပျောက်များ ရှိနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ပြည်မဆိတ်မျိုးများနှင့် ထိုင်းမှ ဘိုအာဆိတ်မျိုးများဖြင့်စပ်ပြီး ရရှိလာသည့် ဆိတ်များကို မွေးမြူပါက ပိုမိုသင့်လျော်မည် ဖြစ်သည်ကို တွေ့ရှိရပါသည်။

ကယားပြည်နယ်တွင် အစာစပ်စက်ရုံ မရှိသေးသဖြင့် အဆိုပါလုပ်ငန်းကို တည်ထောင် လုပ်ကိုင်ပါက အခွင့်အလမ်းကောင်းများ ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေး လုပ်ငန်းများ အတွက် လိုအပ်သော သွင်းအားစုများကို ပြည်ထောင်စု အစီအစဉ်ဖြင့် လည်းကောင်း၊ ပြည်နယ် အစီအစဉ်ဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက် ရှိနေပါသည်။ သို့သော် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရန် အတွက် အလားအလာရှိသော လုပ်ငန်းကို လုပ်ငန်းရှင်များအား ခေါ်ယူ၍ စနစ်တကျ သရုပ်ပြကာ ရှင်းလင်းပေးရန် လိုအပ်နေပြီး ကျရောက်လာနိုင်သည့် ရောဂါများကို ကာကွယ်ကုသခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရှိရပါသည်။

### ငါးမွေးမြူရေး

ကယားပြည်နယ်၏ မွေးမြူရေးကဏ္ဍတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရိက္ခာဖူလုံရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ငါးလုပ်ငန်းရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို မူဝါဒ ချမှတ်ပြီး ပြည်နယ်အတွင်း ငါးမွေးတောင်သူများ၊ ရေလုပ်သားများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးသယံဇာတတည်ရှိမှုကို မထိခိုက်စေဘဲ ရေရှည်သားစဉ်မြေးဆက် ငါးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။ ငါးလုပ်ငန်း ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ငါးလုပ်ငန်းများသည် ကျေးလက်နေ ပြည်သူများ တည်ရှိရာ ကျေးရွာများနှင့် ကျေးရွာသူကျေးရွာသားများကို အခြေပြု၍ အဓိက ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ်အတွင်းတွင် ငါးမွေးတောင်သူ (၁၆၀) ဦး၊ ငါးမွေးကန်ဧက (၈၅၉.၉၀) ရှိပြီး ထုတ်လုပ်မှုအနေဖြင့် တစ်ဧက ပျမ်းမျှပိဿာ (၄၀၀) ကျော်သာ ထွက်ရှိပါသည်။

ကယားပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်ကို ၂၀၁၆ ခုနှစ်မှ စတင်၍ ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ဦးရေ (၉၅)ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် အခါအားလျော်စွာ တွေ့ဆုံ ဆွေးနွေးပြီး ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်မ်းရောင် (ငါးကဏ္ဍ) အစုအဖွဲ့များ ကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်၊ ငါးလုပ်ငန်း ဦးစီးဌာန (ရုံးချုပ်) ၏ ခွင့်ပြုချက်ဖြင့် အစုအဖွဲ့ (၁၁) ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်ထောင်စု ရန်ပုံငွေမှ ပံ့ပိုးထားသော အရင်းမပျောက် မတည်ငွေများဖြင့် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပြည်နယ်အတွင်း လက်ရှိငါးမွေးကန်ဧကမှာ (၈၉၂.၉၁)ဧက ဖြစ်ပြီး ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ငါးမွေးကန်ဧကများ တိုးမြှင့်ဖော်ထုတ်နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိသော စိမ့်မြေ ဧရိယာဖြစ်သည့် ဒီးမော့ဆိုမြို့နယ်၊ ဖေါင်းတောအင်း ဒေသသည် ငါးမွေးမြူရေးဇုန်အဖြစ် သတ်မှတ် ဖော်ထုတ် ဆောင်ရွက်ရန် အလားအလာ ကောင်းများရှိသည့် ဒေသ ဖြစ်ကြောင်း သိရပါသည်။ ထိုဒေသတွင် ငါးမွေးမြူနေသူ (၂၀)ဦး၊ ဧကအားဖြင့် ၂၅၀ ဧက ကျော်ခန့် ရှိပြီး ထပ်မံဖော်ထုတ်နိုင်သည့် ဧကအားဖြင့် ၂၀၀ဧက ခန့်ရှိကြောင်းသိရှိရပါသည်။

ပြည်နယ်အတွင်း ဖမ်းဆီးရေးနှင့် မွေးမြူရေးကဏ္ဍမှ ရရှိသော ရေချိုငါးများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်တို့မှ ရေချိုငါး/ပုဇွန်နှင့် ရေငန်ငါး/ပုဇွန်များကို အဝယ်ဒိုင်များမှ တစ်ဆင့် ရောက်ရှိ ဖြန့်ဖြူးလျက် ရှိပါသည်။ ကယားပြည်နယ်တွင် ပုဇွန်မွေးမြူခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။

***ဇယား ၁၅- ကယားပြည်နယ်၏ ငါးမွေးမြူရေး အခြေအနေ***

| စဉ် | ခရိုင် | ငါး | | |
|---|---|---|---|---|
| | | ကန် အရေအတွက် | ဧက | ထုတ်လုပ်မှု (တန်) |
| ၁ | လွိုင်ကော် | ၅၇ | ၁၁၉.၉၅ | ၁၂၁.၃၀ |
| ၂ | ဘောလခဲ | - | - | - |
| ပြည်နယ်ချုပ် | | ၅၇ | ၁၁၉.၉၅ | ၁၂၁.၃၀ |

*ဇစ်မြစ် - ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန*

ကယားပြည်နယ်အတွင်းတွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော အောက်ဖော်ပြပါ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း (၃) ခုမှ ငါးသားပေါက်များ ထုတ်လုပ်လျက် ရှိပါသည်-

(၁) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း

(၂) ဒေသကွပ်ကဲမှု စစ်ဌာနချုပ်၊ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း

(၃) ဒီးမော့ဆိုမြို့နယ်၊ နောင်ပုလဲကျေးရွာ၊ ဦးရှာမူအေးလှ၊ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း

၂၀၁၇-၂၀၁၈ ခုနှစ် လုပ်ငန်းရာသီအတွက် ငါးသားပေါက်များကို အောက်ပါအတိုင်း ထုတ်လုပ်နိုင်ခဲ့ပါသည်-

***ဇယား ၁၆-ကယားပြည်နယ်အတွင်း ငါးသားပေါက် ထုတ်လုပ်နိုင်မှု အခြေအနေ***

| စဉ် | သားဖောက်စခန်း (Backyard Hatchery) | ထုတ်လုပ်မှု (ကောင်ရေသိန်းပေါင်း) | | |
|---|---|---|---|---|
| | | ငါးမှန် | ငါးသန် | စုစုပေါင်း |
| ၁ | ပြည်နယ်ငါးလုပ်ငန်းဦးစီဌာန | - | ၅.၁၀ | ၅.၁၀ |
| ၂ | တပ်မတော် စခန်း | - | ၂.၁၀ | ၂.၁၀ |
| ၃ | နောင်ပုလဲစခန်း | - | ၂.၀၀ | ၂.၀၀ |
| | | - | **၉.၂၀** | **၉.၂၀** |

*ဇစ်မြစ် - ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန*

ထုတ်လုပ်ရရှိသော ငါးသားပေါက်များကို ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် သဘာဝရေချို ငါးလုပ်ငန်း ရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမွေး တောင်သူများအား အခမဲ့ဖြန့်ဝေခြင်း၊ တပ်မတော် စခန်းအနေဖြင့် တပ်ပိုင်ငါးမွေးကန်များသို့ ထည့်သွင်းမွေးမြူခြင်း၊ နောင်ပုလဲ စခန်း အနေဖြင့် နီးစပ်ရာ ကျေးရွာငါးကန်များ၏ ငါးသားပေါက်လိုအပ်ချက်များကို သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချခြင်း၊ ၎င်း၏ ငါးကန်များတွင် ထည့်သွင်း မွေးမြူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ လုပ်ငန်းရာသီ အတွက် ငါးသန်ကောင်ရေ စုစုပေါင်း ၀.၉၇၁ သိန်း ကို ငါးမွေး တောင်သူများ အား ဖြန့်ဖြူးခဲ့ပြီး နောင်ယားကန်၊ ဘီလူးချောင်း၊ ငွေတောင်ဆည်၊ ကန်ခုနစ်ဆင့်၊ လွိုင်နန်းဖတမံ၊ ငွေတောင်စိုက်ပျိုးရေးခြံ၊ ဟိုထာဆည်၊ ထုးလွိုးဘီးလာ ကန်၊ ပါဒိုဒူးကန်၊ ထီးပေါ်ဆိုကန်၊ နွားလဝိုးဆည်၊ ထေးဌားလျားကန်၊ ဘဒိုကန် စုစုပေါင်း ၁၃ နေရာတို့တွင် လည်းကောင်း ငါးသားပေါက်ငါးသန် ကောင်ရေ ၅.၈၅ သိန်း စိုက်ထည့် ခဲ့ပါသည်။

ကယားပြည်နယ်၏ သားငါးရိက္ခာလိုအပ်ချက် ဖြည့်ဆည်းရန်နှင့် ဒေသတွင်း ငါးထုတ်လုပ်မှု တိုးတက်ရန် အောက်ပါအချက်များ လိုအပ်လျက်ရှိပါသည်-

(၁) ဖမ်းဆီးရေးလုပ်ငန်းများ မဖွံ့ဖြိုးသေးသဖြင့် တိုးမြှင့်ဆောင်ရွက်ရန်

(၂) ငါးမွေးမြူရေး လုပ်ငန်းတွင် နည်းပညာနှင့် အရင်းအနှီး လိုအပ်ချက်များ ရှိနေသေး သဖြင့် ငါးမွေး တောင်သူများအတွက် အကျိုးအမြတ် ရသင့်သလောက် မရနိုင်သေးသည့်အတွက် နည်းပညာများ ပံ့ပိုးပေးရန်

(၃) ငါးဖမ်းလုပ်ငန်းအတွက် ဥပဒေအရ တားမြစ်ချက်များ နှင့် လိုက်နာရမည့် စည်းကမ်းချက် များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန်

(၄) ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန် သတ်မှတ် ဝန်ထမ်းအင်အား ဖြည့်တင်းပေးရန်

(၅) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမွေးတောင်သူများ၏ ငါးသားပေါက် လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန် သဘာဝသားပေါက် စခန်း (၁)ခု တည်ဆောက်ရန်

## ၁.၈ သတ္တုတွင်းလုပ်ငန်း

ကယားပြည်နယ်တွင် ခနောက်စိမ်း၊ ခဲ နှင့် ခဲရောရာသတ္တု၊ ခဲမဖြူ အဖြိုက်နက်သတ္တု နှင့် စက်မှုတွင်းထွက်ကုန်ကြမ်း ထုံကျောက် စသည့် သတ္တုသယံဇာတ ပစ္စည်းများ ထွက်ရှိပါသည်။ မော်ချီးသတ္တုတွင်းသည် လွိုင်ကော်မြို့၏ အနောက်တောင်ဘက် (၉၆) မိုင်အကွာ ပင်လယ်ရေ မျက်နှာပြင် အထက် အမြင့်ပေ ၁,၅၀၀ မှ ပေ ၄,၅၀၀ တွင် တည်ရှိပြီး ဖားဆောင်းမြို့နယ် အတွင်း ကျရောက်ပါသည်။ ယင်းသတ္တုတွင်းမှာ မြန်မာနိုင်ငံ၏ အကြီးဆုံး ခဲမဖြူ အဖြိုက်နက် သတ္တုတွင်း ဖြစ်ပြီး ၁၉၃၀ ခုနှစ်တွင် စတင်တူးဖော်ခဲ့ကြောင်း သိရှိရပါသည်။ ကယားပြည်နယ်တွင် ကျောက်မျက် ရတနာ ထုတ်လုပ်မှု မရှိကြောင်း သိရပါသည်။

*ဇယား ၁၇- ကယားပြည်နယ်၏ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (သတ္တုကဏ္ဍ) ကုမ္ပဏီများ၏ သတ္တုထုတ်လုပ်မှု*

| စဉ် | အကြောင်းအရာ | ကုမ္ပဏီ | ထုတ်လုပ်မှု (မက်ထရစ် တန်) |
|---|---|---|---|
| ၁ | ခနောက်စိမ်း သတ္တုရိုင်း | ၉ | ၄၅၆၆ |
| ၂ | ခဲနှင့် ခဲရောရာ သတ္တု | ၂ | ၅၀၀ |
| ၃ | ခဲမဖြူ/အဖြိုက်နက် ရောရာ | ၅ | ၇၇၀ |

*ဖစ်မြစ် - သတ္တုတွင်း ဦးစီးဌာန*

ခနောက်စိမ်းသတ္တု၊ ခဲနှင့်ခဲရောရာသတ္တုတို့ကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ ကြီးကြပ်၍ ရွှေ၊ ခဲမဖြူ-အဖြူနက် တို့ကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ကြီးကြပ်လုပ်ကိုင်ပါသည်။ ကယားပြည်နယ်အတွင်း သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (သတ္တုကဏ္ဍ) အနေဖြင့် အကြီးစားထုတ်လုပ် ဧရိယာ ၇၀၂၄ ဧက၊ အသေးစားထုတ်လုပ်ဧရိယာ ၇၂၂.၄ ဧက၊ အသေးစား စမ်းသပ်ဧရိယာ ၅၈၃.၃ ဧက စုစုပေါင်း ၈၃၂၉.၇ ဧကရှိ၍ မြေအသုံးချမှုအနေဖြင့် ၀.၂၈၇% ရှိကာ သဘာဝပတ်ဝန်း ကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်သော ပြည်နယ်လည်းဖြစ်ပါသည်။

ထုတ်လုပ်မှုစနစ်အနေဖြင့် ယမ်းအသုံးပြု ရပါသည်။ မော်ချီးသတ္တုတွင်းမှ ထွက်ရှိသော ခဲမဖြူ-အဖြိုက်နက်များမှာ ပါဝင်မှုရာခိုင်နှုန်းမြင့်ပါသည်။ သတ္တုတူးဖော်ရေး လုပ်ကွက်များအတွက် သက်တမ်းတိုး လုပ်ကိုင်ခွင့်ကိုလည်း ၂၀၁၂ ခုနှစ်တွင် (၁)နှစ်သက်တမ်း တိုးမှ ၂၀၁၅ ခုနှစ်တွင် (၅)နှစ် သက်တမ်းတိုး စနစ်သို့ ပြောင်းလဲပေးခဲ့သဖြင့် ပိုမိုလုပ်ကိုင်ရ အဆင်ပြေသည်ဟု သိရသည်။ သို့သော် သတ္တုဈေးသည် ကမ္ဘာဈေးကွက်တွင် ၂၀၁၂ ခုနှစ်မှ စ၍ ၃ နှစ် ဆက်တိုက် ဈေးကျလျက်ရှိပြီး ယခု ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်ကာ ဈေးအနည်းငယ်ပြန်တက်လာသည်ကို တွေ့ရပါသည်။

သတ္တုထုတ်လုပ်မှုအနေဖြင့် တစ်နှစ်ထုတ်လုပ်မှုလျာထားသတ်မှတ်၍ ခနောက်စိမ်းနှင့်ခဲထုတ်လုပ်မှုအား အမှတ်(၁) သတ္တုတွင်းလုပ်ငန်းသို့လည်းကောင်း၊ ခဲမဖြူ-အဖြိုက်နက်သတ္တုထုတ်လုပ်မှုအား အမှတ်(၂) သတ္တုတွင်းလုပ် ငန်းရုံးချုပ်သို့လည်းကောင်း လစဉ်တင်ပြရပါသည်။ သတ္တုများကိုရောင်းချပါက ရောင်းချမည့်သတ္တုနမူနာ ကောက်ယူ ပေးရန် ရုံးချုပ်သို့တင်ပြရပြီး ရုံးချုပ်မှ သတ္တုနမူနာ ကောက်ယူရေး အဖွဲ့ ဖွဲ့စည်းစေလွှတ်၍ နမူနာကောက်ယူပြီး ဘူမိဗေဒ ဓာတ်ခွဲခန်းတွင် ပြန်လည်စစ်ဆေးရပါသည်။ ဓာတ်ခွဲခန်းအဖြေမှ ဓာတ်သတ္တုပါဝင်မှု ရာခိုင်နှုန်းအလိုက် ထိုနေ့ကမ္ဘာ့ သတ္တုပေါက်ဈေး London Metal Exchange(LME) ဈေးနှုန်းဖြင့် တွက်ချက်တန်ဖိုးသင့်ကာ နိုင်ငံတော်သို့ ဓာတ်သတ္တုခွန် နှင့် ဝေစုအချိုး ပေးသွင်းရပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ခဲမဖြူ-အဖြိုက်နက်အား ယခင်ဓာတ်သတ္တုပါဝင်နှုန်း ၆၅% သတ်မှတ်ထားရာမှ ယခု ၅၅% အထိ ပြင်ဆင် ပေးထားပါသည်။ မော်ချီးသတ္တုတွင်းသည် ကယားပြည်နယ်ရှိ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိပါသည်။ မိုင်းသတ္တုရှာဖွေမှုအပိုင်းတွင် မိရိုးဖလာ ပုံစံမျိုးကိုသာ အားကိုးလုပ်ကိုင်နေကြပါသည်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ တိုက်ရိုက်ထုတ်လုပ်စဉ် တစ်နှစ်လျှင် တန်(၁၀၀) ရရှိရေးကြိုးစား လုပ်ကိုင်ခဲ့ရသော်လည်း ပုဂ္ဂလိက ကုမ္ပဏီများသို့ အကျိုးတူစနစ်ဖြင့် ဆောင်ရွက်ချိန်၌ တစ်နှစ်လျှင် တန်(၅၀၀)ကျော် ထုတ်လုပ်နိုင်သည်ဟု သိရပါသည်။ လုပ်ကွက်အသစ်များ ခွင့်ပြုမိန့်ထုတ်ပေးခြင်းအား ၂၀၁၅ ခုနှစ်မှစ၍ ယာယီရပ်ဆိုင်းထားသည်ကို တွေ့ရပါသည်။ မော်ချီး သတ္တုတွင်းတွင် အလုပ်သမားခများအနေဖြင့် နေ့စားတစ်ဦး ၆၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အထိပေးရပြီး ကျွမ်းကျင်လုပ်သား တစ်ဦးလျှင် ၁၅၀၀၀ ကျပ်နှုန်းပေးရပါသည်။ သတ္တုထုတ်လုပ်ခွင့်များ ချထားပေးမည်ဆိုပါက သတ္တုကြောများ အခြေအနေ ကို ဦးစွာသုတေသနပြုလုပ်ရန် လိုအပ်ပါသည်။ သတ္တုသန့်စင်စက်ရုံကြီးများလည်း လိုအပ်နေပြီး ဈေးကွက်အနေဖြင့် တရုတ်ဈေးကွက်သာ ရှိပါသည်။ ပြည်နယ်အတွင်းသတ္တုသန့်စင်စက်ရုံကြီးများ တည်ထောင်ကာ အရည်အသွေးမီသတ္တု သန့်စင်ပြီး ပြည်ပနိုင်ငံဈေးကွက်များသို့ ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိနိုင်ပါသည်။

*ဇယား ၁၈- ကယားပြည်နယ်၏ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူပေါင်းဆောင်ရွက်သည့် ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုအခြေအနေ။*

| စဉ် | လုပ်ငန်းအမည် | ခနောက်စိမ်းသတ္တုရိုင်း (တန်) |
|---|---|---|
| ၁ | သူရကံချွန် | ၁၃၈၄ |
| ၂ | သိန်းမျက်လုံး | ၉၁၁ |
| ၃ | ကုန်သွယ်ပံ့ပိုးမှုမြန်မာကုမ္ပဏီလီမိတက် | ၃၁၃ |
| ၄ | ကယားရွှေတံခါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် | ၅၆၀ |
| ၅ | ဆီဂမ် | ၄၅၄ |
| ၆ | ထီးဒေးစတား | ၆၁၄ |
| ၇ | ကယန်းသတ္တုတူးဖော်ရေးကုမ္ပဏီ | ၉၀ |
| ၈ | အာရှအေအင်(န်)တီ | ၂၄၀ |
| | စုစုပေါင်း | ၄၅၆၆ |

*ဇစ်မြစ်- အမှတ် (၁) သတ္တုတွင်းလုပ်ငန်း*

*ဇယား -၁၉ - ကယားပြည်နယ်၏ အမှတ်(၁) သတ္တုတွင်းထုတ်လုပ်ငန်းနှင့် အကျိုးတူပူပေါင်းဆောင်ရွက်သည့် ခဲ/ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မှုအခြေအနေ။*

| စဉ် | လုပ်ငန်းအမည် | ခဲ/ခဲနှင့်ရောရာသတ္တု (တန်) |
|---|---|---|
| ၁ | သုဂဏ္ဏာရွှေစင် | ၂၅၀ |
| ၂ | ကယားဌာနီ | ၂၅၀ |
| | စုစုပေါင်း | ၅၀၀ |

*ဇစ်မြစ်- အမှတ် (၁) သတ္တုတွင်းလုပ်ငန်း*

*ဇယား - ၂၀ - ကယားပြည်နယ်၏ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ခဲမဖြူ-အဖြိုက်နက်ရောရာသတ္တု တူးဖော်ထုတ်လုပ်မှု အခြေအနေ။*

| စဉ် | လုပ်ငန်းအမည် | ခဲမဖြူ-အဖြိုက်နက်ရောရာသတ္တု(တန်) |
|---|---|---|
| ၁ | ကယားပြည်နယ်သတ္တုထုတ်လုပ်ရေး | ၃၉၀ |
| ၂ | ကယားဌာနီ | ၁၅၀ |
| ၃ | ရဲထွဋ်ကျော် | ၅၀ |
| ၄ | လယ်မူခို | ၅၀ |
| | စုစုပေါင်း | ၆၄၀ |

*ဇစ်မြစ်- အမှတ် (၂) သတ္တုတွင်းလုပ်ငန်း*

## မော်ချီးသတ္တုတွင်း

မော်ချီးသတ္တုတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်သော ဓာတ်သတ္တုသိုက်ကြီးမားစွာ ကျန်ရှိနေသည့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ခဲမဖြူ-အဖြိုက်နက်-ရှီးလိုက်ရောရာသတ္တုတွင်း တစ်ခုဖြစ်ပါသည်။ မော်ချီး ခဲမဖြူ-အဖြိုက်နက် သတ္တုတွင်း လုပ်ငန်းသည် ၁၈၃၇ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့မှ သုတေသနပြုလုပ်၍ ကရင်နီ စော်ဘွား ကေးဖိုးဒူနှင့် သဘောတူညီ မှုရယူပြီး သတ္တုစတင်တူးဖော်ခဲ့ကာ ခေတ်အဆက်ဆက်မှ ယခုအချိန်အထိ တူးဖော်ထုတ်လုပ်မှုများ ဆောင်ရွက်လျှက် ရှိပါသည်။ လက်ရှိတွင် မော်ချီးဧရိယာ၌ ကယားပြည်နယ်သတ္တုထုတ်လုပ်ရေးကုမ္ပဏီ (၇၁၂၄)ဧကေ၊ ရဲထွဋ်ကျော်ကုမ္ပဏီ (၉၉)ဧကေ၊ ကယားဌာနီကုမ္ပဏီ (၄၉.၅)ဧကေနှင့် လယ်မှုခိုကုမ္ပဏီ (၄၈.၄)ဧကေ၊ စုစုပေါင်း (၇၂၂၁.၉)ဧက၌ ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

*ပုံ (၈) မော်ချီးသတ္တုတွင်း (ရဲထွဋ်ကျော်ကုမ္ပဏီ လုပ်ကွက်)*



Myanmar Golden Bonanza Co., Ltd

အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ခဲမဖြူ-အဖြိုက်နက် ခွဲခြားသန့်စင်စက်ရုံ(လွိုင်ကော်)တွင် လုပ်ငန်းဆောင်ရွက် ခွင့်ရရှိသည့် Myanmar Golden Bonanza Co.,Ltd ၏ (၁.၈.၂၀၁၇) မှ (၃၁.၁.၂၀၁၈) ထိ စက်ရုံလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ စက်ရုံအနီးကပ်ကြီးကြပ် လ/ထမန်နေဂျာဖြစ်သူ ဦးစောနယ်စေးမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ရုံးချုပ်သို့ (၉.၂.၂၀၁၈)ရက်နေ့တွင် တင်ပြခဲ့သည့်အစီရင်ခံစာအရ ၂၀၁၇ ခုနှစ် မေလတွင် ကုမ္ပဏီမှ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ဝယ်ယူရရှိသည့် အဆင့်နိမ့်ရောရာသတ္တု ၁၁၂.၂၉၃၁ မက်ထရစ်တန်မှ (၁၀.၇.၂၀၁၇) ရက်နေ့တွင် (၇)တန်၊ (၁.၈.၂၀၁၈ မှ ၃၁.၈.၂၀၁၈) ထိ (၁၃)တန် စုစုပေါင်း မက်ထရစ်တန် ၂၀ ကြိတ်ခွဲသန့်စင်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီရင်ခံစာတွင် Myanmar Golden Bonanza Co.,Ltd တင်ဒါဆွဲ၍မရသေး၍ လုပ်ငန်း၏မိတ်ဖက် ကုမ္ပဏီဖြစ်သော ရွှေလမ်းကမ္ဘာကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တင်ဒါဆွဲခွင့်ရရှိသည့် ရောရာသတ္တု (Mix One) ၁၆၄.၆ မက်ထရစ်တန်အား သန့်စင်ပြီးရရှိသည့် သတ္တုအမျိုးအစား ၁၅၇.၃၂၈ မက်ထရစ်တန်ကို ပြည်ပသို့တင်ပို့ရန် (၂.၁.၂၀၁၈) မှ (၅.၁.၂၀၁၈) ထိ စစ်ဆေးရေးအဖွဲ့များမှ ကောက်ယူချိန်တွယ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ငှားရမ်းထားသည့် သတ္တုသန့်စင်စက်ရုံ၏ Capacity မှာလည်း တစ်လလျှင်အများဆုံး တန်(၅၀) သာ သန့်စင်နိုင်ကြောင်းနှင့် အဆိုပါကုမ္ပဏီမှာလည်း တရားမဝင် ဝယ်ယူကြိတ်ခွဲခွင့်မရှိကြောင်း၊ ရေရှည်လုပ်ကိုင်ရာတွင် ကိုယ်တိုင်သတ္တုထုတ်လုပ်ခွင့်ရှိမှသာလျှင် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရပါသည်။

## ၁.၉ သစ်တော

ကယားပြည်နယ်သည် တောတောင် ထူထပ်သော ဒေသဖြစ်ပါသည်။ ပြည်နယ်အတွင်း ပေါ်များစွာ ဖြစ်ထွန်း ပေါက်ရောက်လျက်ရှိသော သဘာဝပေါက်ပင်များမှာ ကျွန်း၊ သစ်ယာ၊ အင်ကြင်း၊ ထင်းရှူးပင်၊ ပိတောက်၊ လျှော်ပင်၊ ဝါး ၊ ကြိမ်၊ မြက်သက်ကယ်၊ စန္ဒကူး၊ ဘုမ္မရာဇ၊ သနပ်ခါး၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ လက်ပံ၊ မြောက်ချော၊ ရှား၊ သစ်စေး၊ လွန်းပို၊ ဘယဆေးပင်များဖြစ်သော ယာခန်းဝိုက်၊ ကြက်လည်ဆံရွက်၊ ဇကရာဇ်၊ တောင်ကြာ၊ ကြက်သွေး၊ သက်ယင်းကြီး၊ ဆေးပုလဲ၊ ဒန့်ဒကူပင်များနှင့် ပန်းမာလာများဖြစ်သော ကယားသဇင်ပန်း၊ သစ်ခွပန်းနှင့် ရောင်စုံရွက်လှပင်များ ဖြစ်ကြပါသည်။

ကယားပြည်နယ်အတွင်း စုဆောင်းရရှိသော သစ်ခွမျိုးများအနက် ဒေသတွင်း ဖြစ်သော လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ မယ်စဲ့နှင့် ဖားဆောင်းမြို့နယ်များတွင် သစ်ခွအမျိုးပေါင်း ၃၉ မျိုးနှင့် နိုင်ငံခြားစပ်မျိုး ၆ မျိုး၊ စုစုပေါင်း ၄၅ မျိုး ရှိကြောင်း သိရှိရပါသည်။

လွိုင်ကော်ခရိုင်အတွင်းတွင်သာ နိုင်ငံပိုင် စီးပွားဖြစ် သစ်တောစိုက်ခင်း (၅၀) ဧကနှင့် ပုဂ္ဂလိက စိုက်ခင်း (၁၄၀) ဧက တို့ရှိ၍ စိုက်ပျိုးသူဦးရေမှာ ၃ ဦးသာရှိပြီး အပင်ပေါင်း ၁သိန်းခွဲ နီးပါးရှိပါသည်။ သစ်ထုတ်လုပ်မှုမှာ ဘောလခဲခရိုင်သည် လွိုင်ကော်ခရိုင်ထက် ထုတ်လုပ်မှု တန်ချိန် ပိုများသည်ကို တွေ့ရပြီး လွိုင်ကော်တွင် ကျွန်းထုတ်လုပ်မှု ၇၈၇ တန်ခန့် ရှိပြီး ဘောလခဲတွင် ကျွန်း ၂,၃၆၃ တန်ခန့်နှင့် ပျဉ်းကတိုး ၃,၈၁၀ တန်ခန့် ထုတ်လုပ်ကြောင်း သိရပါသည်။

ကယားပြည်နယ်တွင် တွေ့ရှိရသော သစ်တောထွက် ပစ္စည်းများမှာ ထင်း၊ မီးသွေး၊ ဝါး၊ ဓနိ၊ အင်တွဲ၊ သစ်ခေါက်၊ သစ်စေး၊ သနပ်ခါး၊ ဖာလာစေ့၊ ပျားရည်နှင့် ဘုံမာရာဇ တို့ဖြစ်ကြပါသည်။

***ဇယား ၂၀ ကယားပြည်နယ်၏ သစ်တောများအခြေအနေ***

| စဉ် | ခရိုင် | ကြိုးဝိုင်း (ဧက) | ကြိုးပြင် (ဧက) | ဧကပေါင်း | ပေါက်ရောက်သည့် အပင်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | လွိုင်ကော် | ၇၁,၅၆၄ | ၄၆၃,၁၁၈ | ၅၃၄,၈၈၂ | ၃၀ |
| ၂ | ဘောလခဲ | ၁၀၀,၁၁၅ | ၉၂၆,၁၀၃ | ၁,၀၂၇,၂၁၈ | ၁၇ |
| | ပြည်နယ်ချုပ် | **၁၇၂,၆၇၉** | **၁,၃၈၉,၄၂၁** | **၁,၅၇၆၂,၁၀၀** | **၄၇** |

*ဇစ်မြစ် - ကယားပြည်နယ်* သစ်တောဦးစီးဌာန

ကယားပြည်နယ်သည် အခြားသော ဒေသများနှင့် ယှဉ်လျှင် သစ်တောများ ကျန်ရှိနေသေးပါသည်။ တရားဝင်သစ်ထုတ်လုပ်ရန် ပြည်နယ်အစိုးရထံ တင်ပြသော်လည်း ခွင့်ပြုချက်မရရှိသေး၍ သစ်လုပ်ငန်းများ

ရပ်တန့်နေပါသည်။ သစ်များကို ရန်ကုန်၊ မန္တလေးနှင့် ရှမ်းပြည်နယ် တာချီလိတ် တို့ဘက်မှ ပြန်ယူရသည့်အတွက် ကုန်ကျစရိတ် များပြားပါသည်။ သစ်စက် များစွာ ရှိပါသည်။ ယခင် အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေး ပြုလုပ်သည့် အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ထုတ်လုပ်သည့် သစ်များကို တရားဝင်ဖြစ်အောင် ပြည်ပသို့ တင်ပို့ခွင့် ပေးခဲ့ဖူးသည်ဟု သိရပါသည်။ လက်ရှိအစိုးရသစ်လက်ထက်တွင် သစ်ကိုတရားမဝင် ထုတ်လုပ်ခွင့်မပြုတော့သည်ကို တွေ့ရပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သစ်တန်ချိန်(၃၀၀) ထုတ်လုပ်မည်ဟု လျာထားပါသည်။ ပြည်နယ်သစ်တောမှ လွှဲပြောင်းပေးသည့် ဖမ်းဆီး ရမိသော သစ်များကို ပြည်နယ်အစိုးရမှ ပြန်ရောင်းပါသည်။ တရားဝင် သစ်ထုတ်လုပ်ခြင်း များဖြစ်ပေါ်လာရန် လိုအပ်နေပြီး ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုရန် လိုအပ်နေပါသည်။ မြန်မာ့သစ် လုပ်ငန်းမှာ ၂၀၁၃ခုနှစ်မှ စ၍ လုပ်ကိုင်ခြင်း မရှိသည့်အတွက် သစ်စက်များမှာလည်း ရပ်တန့်ထားရသည်ကို တွေ့ရပါသည်။ လက်ရှိတွင် စိုက်ကွင်းများ တည်ထောင်ခွင့် မရရှိသေးသော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ် တွင် ပုဂ္ဂလိက သစ်တောစိုက်ကွင်း အဖွဲ့အစည်းများ တည်ထောင်ခွင့်ကို ပြုလုပ်ပေးနိုင်ရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ပြည်နယ်အတွင်းရှိ သစ်လုပ်ငန်းရှင်များ၊ သစ်အချောထည် ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် သစ်ကုန်ကြမ်း လိုအပ်ချက် ရှိကြောင်း သိရပါသည်။

**သစ်ထုတ်လုပ်မှု အခြေအနေ**

ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်များ ပေါက်ရောက်ရာ အရပ်ဖြစ်သည်။ အထူး သဖြင့် ကျွန်းနှင့် ပိတောက်ကို ထုတ်ယူသုံးစွဲကြသည်က များသည်။ နိုင်ငံတော်မှ သစ်အလုံးလိုက်ထုတ်ယူမှုကို တားမြစ် ထားသော်လည်း တရားဥပဒေလက်လှမ်းမမှီသည့် ဘောလခဲနယ်မြေအချို့တွင် သစ်ထုတ်လုပ်မှုများ နေ့စဉ် လူထုများ၏ မြင်ကွင်းရှေ့တွင်တစ်မျိုး၊ လျို့ဝှက်စွာဖြင့်တစ်ဖုံ ထုတ်ယူနေမှုများ ရှိနေပါသည်။ သစ်ထုတ်လုပ်မှု အများဆုံးနေရာအဖြစ် မယ်စဲ့၊ ဖားဆောင်းနှင့် ရှာသစ် မြို့နယ်တို့တွင် တွေ့ရသည်။ မယ်စဲ့မှာ ထိုင်းနိုင်ငံနယ်စပ်မြို့ဖြစ်ခြင်းကြောင့် သစ်မှောင်ခို လမ်းကြောင်း ပွင့်လျက်ရှိသည်။ ယင်းနယ်စပ်တွင် သစ်မှောင်ခိုအပြင် နယ်စပ်ကုန်သွယ်ရေး မှောင်ခို လုပ်ငန်း ရှိနေကြောင်း သိရပါသည်။ ဘောလခဲခရိုင် ရှာသစ်မြို့၏ လေးမိုင်အကွာ တွင်ရှိသော သံလွင်မြစ်တစ်ဖက်ကမ်း သစ်တောအတွင်း သစ်ထုတ်လုပ်မှုများ ပြုလုပ်လျက်ရှိသည်။ ရှာသစ်ပိုင် သံလွင်မြစ်တစ်ဖက်ကမ်း ဟွေဟောကျေးရွာနှင့် မယ်စဲ့မြို့ပိုင် ဟွေပုံလောင်းကျေးရွာ တစ်လျှောက်တွင် သစ်ထုတ်လုပ်မှုများ တရားမဝင်ရှိနေသည်။ သစ်ကိုအလုံးလိုက် တရားမဝင်ရောင်းဝယ် ပို့ဆောင်နေသည် ထက်စာလျှင် နိုင်ငံတော်အစီအစဉ်ဖြင့် ထိန်းသိမ်းထုတ်လုပ်ပြီး သစ်အချောထည် လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက တန်ဖိုး ပိုမိုမြင့်မားစွာရရှိနိုင်မည်ဖြစ်သလို ဒေသတွင်း အလုပ်အကိုင်လည်း ပွင့်လန်း လာမည် ဖြစ်သည်။

သစ်ခုတ်နေမှုကို ထိန်းချုပ်ပြီးသားဖြစ်ပေလိမ့်မည်။ သစ်ထုတ်လုပ်သည့် အခါတွင် ကျွန်းကို အဓိကထားပြီး ဒုတိယ ထုတ်သည့် သစ်မှာ ပိတောက်ဖြစ်သည်။ သစ်အလုံးလိုက် သယ်ယူပို့ဆောင်နေခြင်းများ ရှိသကဲ့သို့ လေးဘက်ပါးပုတ်ထားသည့် စတုရန်းပုံသစ်လုံးများအလိုက်လည်း သယ်ယူနေခြင်းရှိသည်။ ရွာသစ်ပိုင် သံလွင်မြစ် ကမ်းနားတွင် သစ်လုံးများကို သစ်တင်ကားပေါ် သယ်ယူနေခြင်းများ၊ တစ်ဖက်ကမ်းမှ ခုတ်၍ပုံထားသော သစ်လုံးများကို ဇက်ဖြင့် သယ်ယူနေခြင်းများကို မြင်တွေ့နေရသည်။ တစ်ဖက်ကမ်းသစ်တောအတွင်းတွင် မည်၍မည်မျှ ခုတ်ထားသည်ကို မသိနိုင်သော်လည်း မြစ်ကမ်းနားတွင် စုပုံထားသည်မှာ အလုံးရေ ရေတွက်မရအောင် များပြားလှသည်။ ယင်းသစ်ထုတ်လုပ်နေကြသူများမှာ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နီးနွယ်ပတ်သက်သူများ ဟု သိရသည်။ ပြည်တွင်းသို့လည်း လွိုင်ကော်မှ တဆင့် ပို့ဆောင်သည်ဟု သိရသည်။ သစ်လုံးလိုက် တင်ဆောင် ထားသော ကားကြီးများ၊ သစ်ခွဲသားများတင်ဆောင်ထားသော ကားများသည် ညနက်သည့်အချိန်များတွင် လွိုင်ကော်မြို့ရှိရာသို့ ပြည်ထောင်စု လမ်းမကြီးမှတဆင့် ထွက်ခွာသွားရောက်လေ့ ရှိသည်ဟုသိရသည်။ ယင်းကဏ္ဍကို ပြည်နယ်အစိုးရနှင့် သစ်တောဦးစီးဌာနမှ ဖြေရှင်းမည် ဆိုပါလျှင် ကယားပြည်နယ် တွင်းမှ မြန်မာ့သစ်တောခိုးထုတ်ပြီး ထိုင်းနိုင်ငံသို့ တရားမဝင်တင်ပို့ နေမှုကို ထိန်းချုပ် နိုင်မည်ဖြစ်ပါသည်။

သစ်ခိုးထုတ်မှုနှင့်အတူလိုက်ပါ ဆုံးရှုံးနေရသည့် သဘာဝတောရိုင်း တိရိစ္ဆာန်များ စားကျက်ပြောင်းရွှေ့ နေမှုလည်း ရှိသေးသည်။ တောပြုန်းလာခြင်းနှင့် အတူ မှီတင်းနေထိုင်သော တောဆင်ရိုင်း၊ ပြောင်၊ ဆတ်၊ ဂျီ၊ ဒရယ်၊ တောင်ဆိတ် စသည့် သားကောင်များသည် နယ်မြေခြင်းထိစပ်နေသော ထိုင်းနိုင်ငံ ဘုရင့်သစ်တော အတွင်းသို့ ခိုဝင်သွားကြသည်ဟု သိရပါသည်။

မယ်စဲ့မြို့နယ်အတွင်း သစ်သုံးစွဲမှုကို ပိတ်ပင် တားဆီးခြင်း မရှိသော်လည်း မည်သည့် သစ်အမျိုးအစားကို မဆို နယ်ကျော်၍ ယူဆောင်သွားခြင်းကို တားမြစ် ထားသည်။ သစ်အချောထည်အဖြစ် ပြုလုပ်ထားသည့် ကုတင်၊ ဗီရို၊ ဆက်တီမှ အစ မည်သည့် သစ်အမျိုးအစား ပုံစံကိုမဆို ယူဆောင်သွားပါက တရားဥပဒေအရ အရေးယူမည်ဟု မြို့နယ်အုပ်ချုပ်ရေးက အမိန့် ထုတ်ပြန်ထားသည်။ ကယားပြည်နယ်ဘောလခဲခရိုင် အတွင်းမှ အဖိုးတန်ကျွန်းနှင့် ပိတောက်တို့သည် ပုံစံအမျိုးမျိုးဖြင့် တရားမဝင်ထုတ်လုပ်ရောင်းချ သုံးစွဲခြင်း ခံနေရသည်။ တရားမဝင်ခုတ်ယူခြင်းရှိနေသော သစ်များကို နိုင်ငံတော် အစီအစဉ်ဖြင့် စနစ်တကျထုတ်ယူကာ သစ်အချောထည်လုပ်ငန်းများအနေဖြင့် လုပ်ကိုင် ဆောင်ရွက် နိုင်မည်ဆိုပါက ဒေသတွင်း အလုပ်အကိုင်တစ်ခု ဖော်ထုတ်နိုင်မည်ဖြစ်သလို တန်ရာတန်ဖိုးအတိုင်း ဝင်ငွေရှာနိုင်သော ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း တွေ့ရပါသည်။

*ပုံ (၉) ရှာသစ်မြို့နယ်၊ သံလွင်မြစ် တစ်ဖက်ကမ်းတွင် သစ်ထုတ်လုပ်နေမှုအခြေအနေ*



# ၂. အခြေခံ အဆောက်အအုံ

ကယားပြည်နယ်တွင် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြက် ဖွံ့ဖြိုးတိုး တက်ရေးသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ထိရောက်စွာ အားဖြည့်ပေးလျက် ရှိပါသည်။ လက်ရှိတွင် အစိုးနှင့်ပုဂ္ဂလိကအဖွဲ့အစည်း နှစ်ရပ်လုံးသည် ဒေသတွင်း အခြေခံအဆောက်အအုံများ တိုးတက်ရန်အတွက် စီမံချက်မျိုးစုံတွင် ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ကယားပြည်နယ် အစိုးရသည် လူနေမှုအဆင့် အတန်း တိုးတက်ရန်နှင့် ဒေသတွင်းလူနေမှု အဆင့်အတန်းကွာဟမှု လျှော့ချရန် အတွက် အသေးစိတ် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက် ရှိသည် ဟုသိရပါသည်။

## ၂.၁ လမ်းများ

### ၂.၁.၁ ကယားပြည်နယ်၏ ကားလမ်းများအခြေအနေ

ကယား ပြည်နယ်အတွင်း ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသည့် လမ်းများ၏အရှည်မှာ ၅၅၀မိုင် ၇.၃၆ဖာလုံရှိပါသည်။ ကယားပြည်နယ်အတွင်း တစ်ရက်ခရီးဖြင့် သွားလာနိုင်ပါသည်။ လမ်းအရေအတွက် ၁၉ ခုရှိပြီး မြို့ချင်းဆက် လမ်းပေါင်း ၁၀ ခုရှိပါသည်။ ပြည်နယ်၏ အဓိကမြို့ကြီးများဖြစ်သည့် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့ နှင့် ဘီပီ(၁၃)သို့ ဆက်သွယ်သည့် အဓိကလမ်းကြီးအား (၁၂)ပေမှ(၁၈)ပေအကျယ် ကတ္တရာ လမ်းချဲ့ပြီးအဆင့်မြှင့်လျက်ရှိပါသည်။ ဘောလခဲ-ရှာသစ်-စွပ်ပိုင်-BP(10) လမ်းပေါ်ရှိ သံလွင်တံတား(စွပ်ပိုင်) တွင် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားကြောင်း သိရပါသည်။

*ဇယား ၂၁- လမ်းအရေအတွက်နှင့် အကွာအဝေး (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်)*

| စဉ် | ခရိုင် | ကားလမ်းပေါင်း | အရှည်မိုင်ပေါင်း |
|---|---|---|---|
| ၁ | လွိုင်ကော် | ၁၄ | ၃၁၅မိုင် ၄.၄၆ ဖာလုံ |
| ၂ | ဘောလခဲ | ၈ | ၂၃၅ မိုင် ၂.၉ ဖာလုံ |
| **ပြည်နယ်ချုပ်** | | **၂၂** | **၅၅၀ မိုင် ၇.၃၆ ဖာလုံ** |


*ဇစ်မြစ် - ကယားပြည်နယ် လမ်းဦးစီးဌာန*

ဇယား ၂၂- မြို့ချင်းဆက်လမ်းများ (၂၀၁၇- ၂၀၁၈ဘဏ္ဍာရေးနှစ်)

| စဉ် | ခရိုင် | လမ်း ပေါင်း | အရှည် (မိုင်) | အမျိုးအစား (မိုင်) | | | | |
|---|---|---|---|---|---|---|---|---|
| | | | | AC | ကတ္တရာ | ကျောက်ချော | မြေသား | အမာခံ |
| ၁ | လွိုင်ကော် | ၆ | ၁၇၈/၃ | ၇/၂.၄၁ | ၁၆၈/၄.၅၉ | - | - | ၂/၄ |
| ၂ | ဘောလခဲ | ၄ | ၁၃၆/၄.၅ | ၂/၃ | ၁၃၄/၁.၅ | - | - | - |
| ပြည်နယ်ချုပ် | | ၁၀ | ၃၁၄/၇.၅ | ၉/၅.၄၁ | ၃၀၂/၆.၀၉ | - | - | ၂/၄ |

ဇစ်မြစ် - ကယားပြည်နယ် လမ်းဦးစီးဌာန

ပုံ (၁၀) ကယားပြည်နယ်၏ လမ်းများပြမြေပုံ



*ဇယား ၂၃- ကယားပြည်နယ်အတွင်း လမ်းအရေအတွက်နှင့်အကွာအဝေး (၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်)*

| စဉ် | ခရိုင် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) |
|---|---|---|---|
| | **လွိုင်ကော်ခရိုင်** | အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း | ၆-၆ |
| ၁ | | တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း | ၄၈-၃.၇ |
| ၂ | | တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်း | ၂၈-၄ |
| ၃ | | လွိုင်ကော်မြို့သစ်လမ်း | ၃၇-၆.၄၆ |
| ၄ | | လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း | ၄၇-၀.၃ |
| ၅ | | လွိုင်လင်လေး- တီးလုံလမ်း | ၈-၀ |
| ၆ | | ထီးစဲခါး-ပိန်းချစ်လမ်း | ၂-၄ |
| ၇ | | လွိုင်ကော်-လောပိတလမ်း | ၁၂-၂ |
| ၈ | | ဒီးမော့ဆို-နန်းမယ်ခုံ-မိုးဗြဲလမ်း | ၁၂-၂ |
| ၉ | | ဒီးမော့ဆို-ဒေါသြည်းခူ-ဘောလခဲလမ်း | ၃၅-၃ |
| ၁၀ | | လူပို-ပီကင်းလမ်း | ၅-၁ |
| ၁၁ | | ဖရူဆို-မူဆို-ဟိုယာလမ်း | ၂၅-၀ |
| ၁၂ | | ယာဒို-ကေကောလမ်း | ၂၁-၄ |
| ၁၃ | | ရှားတော-ရွာသစ်လမ်း | ၂၅-၀ |
| | | **ပေါင်း** | **၃၁၅-၄.၄၆** |
| | | | |
| ၁ | ဘောလခဲခရိုင် | တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်း | ၈၁-၆ |
| ၂ | | ဖာပွန်-ကော့လူဒိုး-စောထ-ထီးထ-ခဲမဖြူလမ်း | ၄၀-၂ |
| ၃ | | ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်မန်း-ဘီပီ(၁၃) လမ်း | ၄၉-၂ |
| ၄ | | ဒီးမော့ဆို-ဒေါသြည်းခူ -ဘောလခဲလမ်း | ၄-၄ |
| ၅ | | ရှားတော-ရွာသစ်လမ်း | ၂၃-၀ |
| ၆ | | ဘောလခဲ-ရွာသစ်-စွပ်ပိုင်လမ်း | ၂၇-၀.၅ |
| ၇ | | ပွန်ချောင်းတံတား(ဘောလခဲ)ချဉ်းကပ်လမ်း | ၀-၄.၄ |
| ၈ | | မယ်ဆည်နန်-ဟိုဂျစ်လမ်း | ၉-၀ |
| | | **ပေါင်း** | **၂၃၅-၂.၉** |
| | | **စုစုပေါင်း** | **၅၅၀-၇.၃၆** |

*ဇစ်မြစ် - ကယားပြည်နယ် လမ်းဦးစီးဌာန*

ကယားပြည်နယ်တွင် ပေ ၁၈၀ နှင့် အထက် တံတား ၁၃စင်းသာ ရှိပါသည်။ သံလွင်တံတား (ဖားဆောင်း) သည် အရေးပါသည့် အဓိက တံတားကြီး တစ်စင်းဖြစ်ပါသည်။ ယင်းတံတားသည် ဖားဆောင်း - မယ်စဲ့ လမ်းမပေါ်တွင် ရှိသည့်အတွက် နယ်စပ်ကုန်သွယ်ရေးများဆင်ပြေလာပါက အရေးပါမည်ဖြစ်ပါသည်။

*ဇယား ၂၄- ကယားပြည်နယ်ရှိ ပေ၁၈၀ နှင့်အထက် တံတား(၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်)*

| စဉ် | ခရိုင် | ပေ(၁၈၀)နှင့်အထက် တံတားပေါင်း |
|---|---|---|
| ၁ | လွိုင်ကော် | ၉ |
| ၂ | ဘောလခဲ | ၄ |
| ပြည်နယ်ချုပ် | | ၁၃ |

*ဇစ်မြစ် - ကယားပြည်နယ် လမ်းဦးစီးဌာန*

**ဘီလူးချောင်းဖြတ် (ဒေါ်နီးကူး) တံတား**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကယားပြည်နယ် အစိုးရအဖွဲ့မှ ဘီလူးချောင်းတံတား (ရှမ်းပိုင်း)ကို ဆောက်လုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန်လ (၁၁) ရက် နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ တံတားအရှည် မှာ ပေ ၂၇၀ ရှိပြီး လွိုင်ကော်မြို့တွင် တည်ရှိပါသည်။ လွိုင်ကော်မြို့တွင် ဘီလူးချောင်း ဖြတ်သန်းသွားနိုင်သည့် တံတား ၆ စင်းရှိပြီး၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ဒေါ်နီးကူး တံတားမှာ သစ်သားတံတားမှ (၂၀၀) ပေ အရှည်၊ ၂၄ပေး အကျယ် သံကူ ကွန်ကရစ် တံတားအဖြစ် တိုးမြင့် တည်ဆောက်လျက်ရှိပါသည်။

*ပုံ (၁၁) မြို့နယ်ရှိ ဘီလူးချောင်းတံတား (ရှမ်းပိုင်း)*



**သံလွင်တံတား (ဖားဆောင်း)** - သံလွင်တံတား (ဖားဆောင်း)သည် ဖားဆောင်းမြို့နယ်အား ဖြတ်သန်းစီးဆင်းသော သံလွင်မြစ်ကို ဖြတ်ကာ ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ တံတား၏ အရှည်မှာ ပေ ၁,၂၆၀ နှင့် အကျယ်မှာ ပေ ၃၀ ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ် နှင့် အပေါ်ထည် သံကူကွန်ကရစ် သံဘောင် ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ် ခဲ့ပါသည်။ ယင်းတံတားသည် ဖားဆောင်း - မယ်စဲ့ - နန့်မန် လမ်းမကြီးပေါ်တွင်ရှိပါသည်။ ယင်း သံလွင်တံတား (ဖားဆောင်း) ကိုဖွင့်လှစ် နိုင်ခြင်းကြောင့် မယ်စဲ့နယ်စပ် ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှု ပြုရာတွင် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်လာပါသည်။

*ပုံ (၁၂) ဖားဆောင်းမြို့နယ်ရှိ သံလွင်တံတား (ဖားဆောင်း)*




## ၂.၁.၂ ကယားပြည်နယ်၏ ရေလမ်းများအခြေအနေ

ကယားပြည်နယ်သည် သံလွင်မြစ် ဖြတ်သန်းစီးဆင်းသော်လည်း အသုံးပြုမှု နည်းကြသည်။ ဘီလူးချောင်းကို အသုံးပြုပြီးသွားသည့် လမ်းကြောင်း တစ်ခုသာရှိသည်။ အခြား ချောင်းများသည် ကျောက်ဆောင်များ စွာ ရှိသည့် အတွက် သွားလာ၍ မရနိုင်ကြောင်းသိရပါသည်။ မိုးပြဲဆည်ကို ဖွင့်ပြီး

ဘီလူချောင်းမှ တစ်ဆင့် အင်းလေးကန်သို့ သွားရောက်နိုင်မည့် ရေလမ်းကြောင်းကို အသုံးပြုရန် ရည်ရွယ်ကြောင်း သိရပါသည်။

*ဇယား ၂၅- ကယားပြည်နယ်ရှိ ရေကြောင်းလမ်းအခြေအနေ*

| စဉ် | ခရိုင် | ရေကြောင်းလမ်းပေါင်း | မိုင်ပေါင်း | ဆိပ်ကမ်းအရေအတွက် |
|---|---|---|---|---|
| ၁ | လွိုင်ကော် | ၁ | ၁၂ | - |
| ၂ | ဘောလခဲ | - | - | - |
| | **ပြည်နယ်ချုပ်** | ၁ | ၁၂ | - |

*ဇစ်မြစ် -ကယားပြည်နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန*

## ၂.၁.၃ ကယားပြည်နယ်၏ ပို့ဆောင်ရေးအခြေအနေ

ကယားပြည်နယ်တွင် ခရီးသည်ပို့ဆောင်ရေးအသင်းအနေဖြင့် ၁၉၈၇ ခုနှစ်မှ စတင်ကာ ပြေးဆွဲလျက်ရှိပါသည်။ ပြည်နယ်တွင်းနှင့် ပြည်နယ်ကျော် သယ်ယူပို့ဆောင်ရေး ဟူ၍ (၂)မျိုးရှိရာတွင် ပြည်နယ်တွင်း ၇ မြို့နယ်ကို ပြည်နယ်တွင်း အဖြစ်သတ်မှတ်ပြေးဆွဲလျက်ရှိပြီး ကယားပြည်နယ်ကို ကျော်လွန်၍ ပြေးဆွဲလျက်ရှိသည့် ခရီးစဉ်များကို ပြည်နယ်ကျော်ဟုခေါ်ပါသည်။ ပြည်နယ်တွင်း ၇ မြို့နယ်မှာ လွိုင်ကော်၊ ရှားတော၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့ တို့ဖြစ်သည်။ ပြည်နယ်တွင်း ၁၅ သင်း၊ ပြည်နယ်ကျော် ၁၇ သင်း နှင့် အခြားပြည်နယ်တိုင်းမှ ၁၆ သင်း စုစုပေါင်း ၄၉ သင်း ပြေးဆွဲလျက်ရှိပါသည်။ တိုင်းကျော်ပြေးဆွဲမှု မော်တော်ယာဉ်များတွင် အရည်အသွေးမီ မော်တော်ယာဉ် အရေအတွက် ၄၀ စီး ၊ အထူးသီးသန့် ၂ စီး ရှိပါသည်သည်။ ကယားပြည်နယ်တွင် ယာဉ်လိုင်းအများစု ပြေးဆွဲမှု သက်တမ်း (၁၀) နှစ် ပတ်ဝန်းကျင်ရှိပါသည်။ ရွှေရာဇာယာဉ်လိုင်းသည် ၁၀ နှစ်ကျော် ပြေးဆွဲလျက်ရှိပြီး၊ ယခုအခါ online မှနေကာ လက်မှတ်ဖြတ်၍ရပြီဖြစ်သည်။

ကားလမ်းဖြင့် ရန်ကုန်မှ လွိုင်ကော်သို့ ကိုယ်ပိုင်ကားဖြင့် သွားလျှင် နေပြည်တော်၊ ပေါင်းလောင်းလမ်း (၃၄၇ မိုင်) မှာ ၁၂ နာရီကြာမြင့်၍ လိပ်သို-တောင်ငူလမ်း (၂၇၀ မိုင်) မှ သွားလျှင်လည်း ၁၂ နာရီ ကြာသည်ကို သိရှိရပါသည်။ အဝေးပြေးမော်တော်ယာဉ်လိုင်းများဖြင့် သွားမည်ဆိုပါက အချိန် ၁၅ နာရီအထိ ကြာမြင့်ကြောင်း သိရပါသည်။ လွိုင်ကော်သို့ ပြေးဆွဲသည့် ယာဉ်လိုင်းများသည် အများအားဖြင့် နေ့လည် ၂ နာရီ နှင့် ၃ နာရီတွင် ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးစခန်းမှ စထွက်လေ့ရှိပြီး နေပြည်တော်၊ ရှမ်းပြည်နယ် ဖယ်ခုံမှတစ်ဆင့် လွိုင်ကော်မြို့သို့ နောက်တစ်နေ့ မနက် ၅ နာရီ ခန့်တွင် ဆိုက်ရောက်လေ့ရှိသည်။ လွိုင်ကော်မှ မန္တလေး သို့ သွားရာတွင် နံနက် ၈ နာရီ နှင့် ညနေ ၆ နာရီတို့တွင် လွိုင်ကော်မှ ထွက်ခွာလေ့ရှိပြီး မန္တလေးသို့ ၁၀နာရီခန့်ကြာမြင့်ပါသည်။ ကုန်းလမ်းခရီးဖြင့် ရန်ကုန်မှ

လွိုင်ကော်သို့ လာရောက်ရန် ၁၂ နာရီ မှ ၁၅ နာရီအကြား၊ မန္တလေးမှ လွိုင်ကော် သို့ လာရောက်ရန် ၁၀ နာရီမှ ၁၂ နာရီခန့် ကြာမြင့်နေသဖြင့် ခရီးလမ်းကြောင်းများ တိုးတက်လာပါက ယခု ကြာမြင့်ချိန်ထက် လျော့ချနိုင်မည် ဖြစ်ပါသည်။

၂၀၁၇-၁၈ တွင် တောင်ငူလမ်းပိုင်းကို ပိုမိုအဆင့်မြှင့်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း၊ ရန်ကုန် နှင့် လွိုင်ကော် ကို အချိန်အနည်းဆုံး (၆)နာရီအတွင်း အရောက်သွားနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်းသိရပါသည်။ ယခု(၂)လမ်းသွားအဆင့်မှ (၄)လမ်းသွားအဆင့်သွားလာနိုင်အောင် ဆောင်ရွက်ရန် တင်ပြထားကြောင်း သိရပါသည်။

လွိုင်ကော်မြို့နယ် ပကြဲကျေးရွာရှိ၊ ပဒိုင်းစျေးအနီး တွင် အဝေးပြေး ကားဝင်းလုပ်ရန်ရှိသောကြောင့် ပြည်နယ်အစိုးရထံ တင်ပြထားကြောင်းသိရပါသည်။ မြေ ၁၀ ဧကခန့် ဝယ်ယူကာ ဆောင်ရွက်မည်ဖြစ်ပြီး ၅ နှစ်အတွင်း စီမံကိန်းချမှတ်လုပ်ဆောင်မည်ဟုသိရပါသည်။ အဆိုပါကားဝင်းအတွင်း နှစ်ထပ် လူနေဆောင်များ ပါဝင်ကာ အောက်ထပ်တွင် လက်မှတ် အရောင်းခန်းများဖြင့် ဆောက်လုပ်ရန် လျာထားပါသည်။ နောက်ပိုင်း ဖွံ့ဖြိုးလာနိုင်သည့် ခရီးသွားလုပ်ငန်းအတွက် ပြင်ဆင်ထားခြင်းဖြစ်သည်ဟု သိရပါသည်။

ကုန်စည်ပို့ဆောင်ရေးအနေဖြင့် လွိုင်ကော် မှ ရန်ကုန် ကုန်ကျစ် တစ်ပိသာ (၅၀-၆၀)ကျပ် နှင့် ရန်ကုန် မှ လွိုင်ကော် ကုန်ပွ ၁၂၀ ကျပ် ၊ ကုန်ကျစ် ၈၀ ကျပ် ပေးရပါသည်။ လွိုင်ကော် မှ မန္တလေး ကုန်ကျစ် တစ်ပိဿာ ၄၀ ကျပ်၊ ကုန်ပွ တစ်ပိဿာ ၅၀ ကျပ် ပေးရ သည်။ ဥပမာ- ၁၂ ဘီးကားဖြင့် ပြောင်းတစ်ပိဿာ ၄၀ ကျပ်၊ တစ်အိတ် ၁၃၅၀/ ၊ ဆန် တစ်ပိဿာ ၄၅ ကျပ်၊ တစ်အိတ် ၁၄၅၀/ ပေးရသည်။ လွိုင်ကော်-မန္တလေး ၂၄ နာရီသာ ကြာသည်။ ရန်ကုန်-လွိုင်ကော် ၂၆ နာရီကြာပြီး၊ ကလောမြို့မှပတ်လျှင် လမ်းကြေး ၈၀၀၀၀ ကျပ် ပေးရသည်။ ရန်ကုန်သို့ ကုန်တင်ကား ၁၂ ဘီးတစ်စီးတွင် အိတ်ပေါင်း (၃၄၀x၁၅၀၀/-)၊ ပင်လောင်း-နေပြည်တော် (ပေါင်းလောင်းဘက်) မှ သွားလျှင် (၂၄) နာရီသာ ကြာမြင့်မည်ဖြစ်သည်။ မန္တလေးသို့ကုန်စည် ပို့ဆောင်မှုတွင် အတက်ကုန်မရှိ သလောက် ရှားပါသည်။ ၁၂ ဘီးကုန်တင်ကားတစ်စီးအတွက် (၃၄၀x၁၂၀၀/-) ကုန်ကျမှု ရှိမည်ဖြစ်သည်။

ကယားပြည်နယ်သို့ ရန်ကုန်မှ အတက်ကုန်ရှိသည်။ မန္တလေးတိုင်းအတွက်မူ မုန်လုံ၊ ၆ ဘီး၊ ၁၂ ဘီး ကားများ ကုန်လုနေရသည့် အနေအထားဖြစ်နေသည်။ ကုန်ကားသမားများအနေဖြင့် ရန်ကုန် မှ လွိုင်ကော်သို့ ကုန်ကျစ် ဘိလပ်မြေ၊ သံချောင်း၊ ဂျုံ၊ ဆန်၊ မြေဆီ (ဓာတ်မြေသြဇာ) စသည်တို့တင်လျှင် ၂ သိန်းခွဲ မှ ၃ သိန်းအတွင်း၊ ကုန်ပွနှင့်ပြန်ရလျှင် ၃ သိန်းကျပ် ကျန်သည်ဟု သိရသည်။ မန္တလေးမှ လွိုင်ကော်သို့ ကုန်ပို့ရလျှင် ကုန်ကျစ် ၁ သိန်းခွဲ၊ ကုန်ပွ ၂ သိန်းခွဲခန့်သာ ကျန်သည်။ လက်ရှိတွင်

ကယားပြည်နယ်အတွင်း ကုန်စည်ကားအသင်းမှ ကုန်စည်တင်သည့်ကား ၁၂ ဘီးယာဉ်၊ ၂၂ ဘီးယာဉ် စုစုပေါင်း ၁၃၅ စီးရှိသော်လည်း ကုန်စည်စီးဆင်းမှု မကောင်းခြင်းကြောင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် အရှုံးပေါ်နေကြသည်။ လူစီးကားများ၊ ၆ ဘီးကား များဖြင့် ကုန်များလုတင်နေရသောကြောင့် ဝင်ငွေရရှိမှု နည်းပါးလျက်ရှိကြောင်း သိရှိရပါသည်။

ကယားပြည်နယ်သည် ယခင်က ငြိမ်းချမ်းမှု အားနည်းသော ကြောင့် လွိုင်ကော်နှင့် ဘောလခဲ မိုင် ၅၀ ခရီးကို တစ်ညအိပ် သွားလာခဲ့ရသည်။ ၂၀၁၄ ခုနှစ် တွင် လွိုင်ကော်-ဘောလခဲ လမ်းပိုင်း စတင် ကောင်းမွန်လာခဲ့သည်။ လက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်စဲရေး ကိစ္စများ ဆောင်ရွက်လာနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးတည်ဆောက်လာနိုင်ခဲ့သည်။ ယခုအချိန်တွင် ၂ နာရီအတွင်း အရောက် သွားနိုင်ခဲ့ပြီ ဖြစ်သည်။ ဘောလခဲမှ လွိုင်ကော်သို့ သယ်ယူပို့ဆောင်ခမှာ နမ်းတစ်ပိဿာ ၈၀ ကျပ်မှနေ၍ ၃၀ ကျပ်သို့ ကျဆင်းသွားကြောင်းသိရှိရသည်။

*ဇယား ၂၆- ကယားပြည်နယ်ရှိ ကားဂိတ်များအခြေအနေ*

| စဉ် | ခရိုင် | ကားဂိတ်ခန်းပေါင်း | ပြေးဆွဲသည့် ခရီးစဉ် ပေါင်း | ပြေးဆွဲသည့် ယာဉ်စီးရေ |
|---|---|---|---|---|
| ၁ | လွိုင်ကော် | ၄၄ | ၄၆ | ၂၁၇ |
| ၂ | ဘောလခဲ | ၁၆ | ၃ | ၁၃၉ |
| စုစုပေါင်း | | ၆၀ | ၄၉ | ၃၅၆ |

*ဇစ်မြစ် -ကယားပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန*

## ၂.၂ လေဆိပ်

ပို့ဆောင်ရေးအနေဖြင့် လေကြောင်းလိုင်းမှာ ယခင် ၂၀၁၅ ခုနှစ် မတိုင်ခင်က မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းမှ တစ်ပတ်လျှင် (၂) ရက်သာ ပြေးဆွဲလျက်ရှိခဲ့ရာမှ ယခုအခါ ရန်ကုန်-လွိုင်ကော် ခရီးစဉ်တစ်ခုသာရှိပြီး နေ့စဉ် နံနက်အချိန်တွင်သာ အသွားတစ်ကြောင်း၊ အပြန်တစ်ကြောင်း ပြေးဆွဲပေးလျက်ရှိပါသည်။ ရန်ကုန်မှ လွိုင်ကော်သို့ လေယာဉ်ဖြင့် တစ်နာရီခန့်သာ ကြာမြင့်ပါသည်။ ကယားပြည်နယ်တွင် လွိုင်ကော်လေဆိပ်သို့ တစ်နေ့လျှင် မြန်မာအမျိုးသားပိုင် လေကြောင်း လေယာဉ် (၁) စီးသာ ဆင်းပြီး ခရီးသည် ပို့ဆောင်ခြင်းများ ကို ဆောင်ရွက်လျက်ရှိပါသည်။ ယခင်က ကမ္ဘောဇလေကြောင်းလိုင်း ဆင်းသက်သည်ဟု သိရပါသည်။ လွိုင်ကော်လေဆိပ်ကို အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်း များကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း ပြည်ပ ခရီးသွားများ ပိုမိုဝင်ရောက်လာပါက ခရီးသည်များ၏ လိုအပ်ချက်ကို လေ့လာပြီး လေကြောင်းလိုင်းများ ပိုမို ဆင်းသက်ရန် စီစဉ်သင့်ပါသည်။

*ပုံ (၁၃) လွိုင်ကော်လေဆိပ်*



## ၂.၃ လွိုင်ကော်ဘူတာ

ကယားပြည်နယ်၏ မီးရထားဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လွိုင်ကော်-သာစည် ခရီးစဉ်ကိုသာ ပြေးဆွဲပေးလျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် လွိုင်ကော် - ပျဉ်းမနား အထိ ပြေးဆွဲခဲ့ပြီး ၊ ခရီးသည်မရှိ၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ လပိုင်းတွင် လွိုင်ကော်-အောင်ပန်းခရီးစဉ် ပြောင်းလဲပြေးဆွဲခဲ့သည်။ ခရီးသည်စီးနင်းမှုနည်းသဖြင့် ၂၄-၁၀-၂၀၁၇ ခုနှစ်တွင် လွိုင်ကော်-သာစည် ရက်ခြားသာ ပြေးဆွဲလျက်ရှိသည်။ ရထားမှာလည်း ၂ တွဲသာပါသည်။ လွိုင်ကော်မှ တစ်ရက်ခြား ညနေ ၅ နာရီထွက်သည်။ ရိုးရိုးတန်း ၂၃၀၀-ကျပ်၊ ပထမတန်း ၃၁၀၀-ကျပ် ဖြစ်သည်။ ခရီးသည် ပျမ်းမျှ (၆-၇) ဦးသာ လိုက်ပါစီးနင်းမှုရှိသည်။ ၁၀ ခေါက်ပြေးဆွဲမှ ခရီးသည်ပျမ်းမျှ ၆၅ ဦးသာ ရှိသည်။ ဆယ်ရက်အတွက်ဝင်ငွေ တစ်သိန်းသုံးသောင်းကျော် သာရရှိသည်။ အရှုံးခံဆွဲနေခြင်း ဖြစ်သည်။ သယ်ယူစရိတ်အနေဖြင့် ကုန်တစ်ပိဿာလျှင် ၁၈၃ ကျပ်နှုန်း သာကျသင့်ပါသည်။

*ပုံ (၁၄) လွိုင်ကော်ဘူတာ*



## ၂.၄ လျှပ်စစ်ဓာတ်အားလုပ်ငန်း

ကယားပြည်နယ်သည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၂၀.၃၅ မဂ္ဂါဝပ် ရှိပြီး နိုင်ငံတော် မဟာဓာတ်အားလိုင်း မှ ၇၀% ကျော်ရရှိနေပြီဖြစ်ပါသည်။ ကယားပြည်နယ်၏ အဓိက လျှစ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက် ရှိသော လောပိတရေအား လျှပ်စစ် စက်ရုံသည် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၁၆) မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ စက်ရုံပေါင်း (၃) ရုံရှိပြီး ဂျပန်နိုင်ငံမှ ၁၉၅၄ ခုနှစ်တွင် အမှတ် (၂)နှင့် ၁၉၈၂ ခုနှစ်တွင် အမှတ် (၁) စက်ရုံများကို တည်ဆောက်ပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် အမှတ် (၃) စက်ရုံအား တည်ဆောက်နိုင်ခဲ့ပြီး လောပိတရေအားလျှပ်စစ်စက်ရုံကြီးသည် တစ်ချိန်က မြန်မာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု၏ ၃၀% ပေးနိုင်ခဲ့ကြောင်း သိရပါသည်။ ကယားပြည်နယ်တွင် ခရိုင်အလိုက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်၊ ရရှိမှုနှင့် သုံးစွဲမှု မဂ္ဂါဝပ် မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*ဇယား ၂၇- ကယားပြည်နယ်တွင် လျှပ်စစ် သုံးစွဲမှု (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်)*

| စဉ် | ခရိုင် | လိုအပ်သည့် ပမာဏ (MW) | ရရှိသည့် ပမာဏ (MW) | သုံးစွဲသည့် ပမာဏ (MW) | လို/အပို ပမာဏ (MW) |
|---|---|---|---|---|---|
| ၁ | လွိုင်ကော် | ၁၇.၅၅ | ၁၇.၅၅ | ၁၇.၅၅ | - |
| ၂ | ဘောလခဲ | ၂.၈ | ၂.၈ | ၂.၈ | - |
| | ပြည်နယ်ချုပ် | ၂၀.၃၅ | ၂၀.၃၅ | ၂၀.၃၅ | - |

*ဇစ်မြစ် - ကယားပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း*

*ဇယား ၂၇- ကယားပြည်နယ်အတွင်းရှိ ထရန်စဖော်မာ အရေအတွက် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်)*

| စဉ် | ခရိုင် | ထရန်စဖော်မာ အရေအတွက် | ဖြန့်ဖြူးသည့် ဓါတ်အား (ကီလိုဝပ်) |
|---|---|---|---|
| ၁ | လွိုင်ကော် | ၅၃၅ | ၁၀၉၃၁၀ |
| ၂ | ဘောလခဲ | ၁၀၂ | ၄၉၁၄၅ |
| | ပြည်နယ်ချုပ် | ၆၃၇ | ၂၀.၃၅ |

*ဇယား ၂၈ လျှပ်စစ်မီးလင်းပြီးကျေးရွာပေါင်း (၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်)*

| စဉ် | မြို့နယ်/မြို့ | ကျေးရွာပေါင်း | ဓာတ်အား | ရေအား | ဆိုလာ | ဒီဇယ် | ပေါင်း | မီးလင်းရန် ကျန် ကျေးရွာ |
|---|---|---|---|---|---|---|---|---|
| 1 | လွိုင်ကော် | ၁၂၃ | ၁၀၇ | ၁ | ၉ | | ၁၁၇ | ၆ |
| 2 | ဒီးမော့ဆို | ၁၆၅ | ၁၃၃ | | ၂၂ | ၂ | ၁၅၇ | ၈ |
| 3 | ဖရူဆို | ၁၁၄ | ၆၅ | | ၂၀ | | ၈၅ | ၂၉ |
| 4 | ရှားတော | ၂၀ | ၁၁ | | ၃ | | ၁၄ | ၆ |
| 5 | ဘောလခဲ | ၁၇ | ၁၇ | | | | ၁၇ | |
| 6 | ဖားဆောင်း | ၅၅ | ၁၅ | | ၃၂ | | ၄၇ | ၈ |
| 7 | မယ်စဲ့ | ၁၂ | ၉ | | ၃ | | ၁၂ | |
| | **စုစုပေါင်း** | **၅၀၆** | **၃၅၇** | **၁** | **၈၉** | **၂** | **၄၄၉** | **၅၇** |

*ဇစ်မြစ် - ကယားပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း*

ကယားပြည်နယ် အတွင်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်သည့် စက်ရုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

*ဇယား ၂၉- ဘီလူးချောင်း ရေအားလျှပ်စစ် စက်ရုံများအခြေအနေ*

| အကြောင်းအရာ | အမှတ်(၁)စက်ရုံ | အမှတ်(၂)စက်ရုံ | အမှတ်(၃)စက်ရုံ | မှတ်ချက် |
|---|---|---|---|---|
| စက်တပ်ဆင်အင်အား | ၁၄ × ၂ = ၂၈ MW | ၂၈ × ၆ = ၁၆၈ MW | ၂၆ × ၂ = ၅၂ MW | |
| တစ်နှစ်ဓာတ်အားထုတ်လုပ်မှု | ၂၀၀ ယူနစ်သန်းပေါင်း | ၁၂၀၀ ယူနစ်သန်းပေါင်း | ၃၃၄ ယူနစ်သန်းပေါင်း | |
| ရေအားအမြင့် | ၂၂၈ ပေ | ၁၃၈၈ ပေ | ၃၉၈ ပေ | |
| ရေစားနှုန်း | ၁၆၈၀ ကျူးဆက် | ၁၆၈၀ ကျူးဆက် | ၁၈၀၀ ကျူးဆက် | |
| တာဘိုင်အမျိုးအစား | ဖရန်စစ်(ဒေါင်လိုက်) | ပယ်တန်(အလှဲလိုက်) | ဖရန်စစ်(ဒေါင်လိုက်) | |
| စီမံကိန်းစတင်သည့်ခုနှစ် | ၁၉၈၇ | ပထမစက်(၃)လုံး - ၁၉၅၄<br>ဒုတိယစက်(၃)လုံး- ၁၉၇၀ | ၂၀၀၈ | |
| စက်စတင်လည်ပတ်မှု | ၉-၈-၁၉၉၂ | (ပ)စက်(၃)လုံး ၁-၄-၁၉၆၀<br><br>(ဒု)စက်(၃)လုံး ၁-၃-၁၉၇၄ | ၁-၁-၂၀၁၄ | |
| ဓာတ်အားဖြန့်ဖြူးမှု | | | | |
| 230 KV လိုင်း | | ရန်ကုန်<br>ရွှေဘို ခွဲရုံ<br>တောင်ငူခွဲရုံ | | |
| 132 KV လိုင်း | | လွိုင်ကော် ၁၃၂ ကေဗွီ | | |

| | | | | |
|---|---|---|---|---|
| | | ပင်မ ဓါတ်အားခွဲရုံသို့ | | |
| 132 KV လိုင်း | အမှတ်(၂)စက်ရုံသို့ | | အမှတ်(၂)စက်ရုံသို့ | |
| 33 KV လိုင်း | | | | ၁၃၂ ကေဗွီခွဲရုံ မှ တစ်ဆင့် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓါတ်အားခွဲရုံ များဖြင့် ကယား ပြည်နယ် အတွင်းရှိ မြို့များသို့ |
| 11 KV လိုင်း | လွိုင်ကော်(ဒေသသုံး) | | | |

*ဇစ်မြစ် - ကယားပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း*

**(က) ဘီလူးချောင်း အမှတ်(၁) စက်ရုံ**

ဘီလူးချောင်း အမှတ်(၁) စက်ရုံကို ဂျပန်ချေးငွေ ယန်းသန်း (၁၆,၀၀၀) နှင့် ညီမျှသော နိုင်ငံပိုင်ငွေ (ကျပ်သန်း - ၅၃၃.၃၃၄) အပါအဝင် စုစုပေါင်း (ကျပ်သန်း - ၅၃၅.၁၀၆) အကုန်အကျခံ တည်ဆောက်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် စီမံကိန်း စတင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် စတင်လည်ပတ်နိုင်ခဲ့ပါသည်။ စက်တပ်ဆင်အားမှာ ၂၈ မဂ္ဂါဝပ် (14 MW x 2 Unit=28 MW) ရှိပါသည်။

ပုံ (၁၅) ဘီလူးချောင်း (၂) ဓာတ်အားခွဲရုံ



## (ခ) ဘီလူးချောင်း အမှတ် (၂) စက်ရုံ

ဘီလူးချောင်း အမှတ် (၂) စီမံကိန်းကို ၁၉၅၃ ခုနှစ်၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မှ အင်ဂျင်နီယာများနှင့် ဂျပန်ပညာရှင်များပူးပေါင်း၍ ရေအားအရင်းအမြစ် စူးစမ်းတိုင်းတာ ပုံစံ ပြုနိုင်ခဲ့ပါသည်။ ဘီလူးချောင်း အမှတ်(၂) စက်ရုံ ပထမစက် (၃)လုံး စီမံကိန်းကို ဂျပန်စစ်လျော်ကြေးငွေ ကျပ်သန်း (၁၄၃.၈)နှင့် ပြည်တွင်း မြန်မာကျပ်ငွေသန်း (၁၄၀)တို့ဖြင့် တည်ဆောက်ခဲ့ပါသည်။ စီမံကိန်းမှာ ၁၉၅၄ ခုနှစ်တွင် စတင်ခဲ့ပြီး (၁.၄.၁၉၆၀) ရက်နေ့တွင် ပထမစက် (၃) လုံးစတင်လည်ပတ်ခဲ့ပါသည်။ ပထမစက် (၃)လုံး၏ စက်တပ်ဆင်အားမှာ ၈၄ မဂ္ဂါဝပ် (28 MW x 3 Unit=84 MW) ရှိသည်။ မိုးဗြဲရေလှောင်ကန်စီမံကိန်းမှာ ၁၉၆၇ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ စုစုပေါင်း ကုန်ကျငွေမှာ ကျပ်(၃၇.၇) သန်း ကုန်ကျခံကာ တည်ဆောက်ခဲ့ပါသည်။ ဒုတိယ စက် (၃)လုံး စီမံကိန်းမှာ ၁၉၆၇ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလတွင် စက်များစတင်လည်ပတ်မောင်းနှင်နိုင်ခဲ့ပါသည်။စီမံကိန်းကုန်ကျငွေမှာ နိုင်ငံခြားငွေ ကျပ်သန်း (၃၇.၇၂) နှင့် ပြည်တွင်းငွေ ကျပ်သန်း (၃၃.၃) စုစုပေါင်းကျပ်ငွေ (၇၁) သန်းကုန်ကျခဲ့ပါသည်။ ဒုတိယစက် (၃)လုံး၏ တပ်ဆင်အားမှာ 28 MW x 3 Unit = 84 MW ရှိပါသည်။ ဘီလူးချောင်း အမှတ် (၂) စက်ရုံကို ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဂျပန်ချေးငွေ ယန်းသန်း (၃၄၆၀) ဖြင့် စက်များအား အကြီးစားပြုပြင်မှု ပြုလုပ်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ

အထိ ဂျပန် ODA Grant Money ဖြင့် စက်များ အကြီးစားပြုပြင်မွမ်းမံမှု ပထမအဆင့် ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှ ဖေဖော်ဝါရီလအထိ ဒုတိယအဆင့် ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ ဖေဖော်ဝါရီလအထိ တတိယအဆင့်ကို လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

**(ဂ) ဘီလူးချောင်း အမှတ်(၃) စက်ရုံ**

ဘီလူးချောင်း အမှတ်(၃) စက်ရုံသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၁၆)မိုင်ခန့် အကွာ အမှတ်(၂)စက်ရုံ၏ အရှေ့ဖက် (၃.၂၅)မိုင်ခန့်အကွာ ဘီလူးချောင်းနှင့် ပွန်ချောင်းဆုံရာ အနီးတွင် တည်ရှိပါသည်။ ဘီလူးချောင်း အမှတ် (၃) ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်ရန် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် Future Energy Co.,Ltd ၏ ညီနောင် ကုမ္ပဏီဖြစ်သော High Tech Concrete Technology Co.,ltd သည် နားလည်မှုစာချွန်လွှာ (MOU) တစ်ရပ်ကို ၂၀၀၈ ခုနှစ်၊ မေလ(၂)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ စီမံကိန်းတစ်ခုလုံးအတွက် အကြံပေးအဖြစ် ဆွစ်ဇာလန်နိုင်ငံမှ AF Colenco အဖွဲ့နှင့် လုပ်ငန်းအပ်နှံမှု စာချုပ်ချွန်လွှာကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၈ ခုနှစ် မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စတင်လည်ပတ်မောင်းနှင်နိုင်ခဲ့ပါသည်။ စက်တပ်ဆင်အားမှာ ၅၂ မဂ္ဂါဝပ် (26 MW x 2 Unit = 52 MW) ရှိပါသည်။ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားပျမ်းမျှ (334) KW နာရီသန်းပေါင်း ထုတ်လုပ်ရန် လျာထားဆောင်ရွက်ခဲ့ပါသည်။

## ၂.၅ ဆက်သွယ်ရေး

ကယားပြည်နယ်၏ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍသည် တိုးတက်လျက်ရှိပါသည်။ ကယားပြည်နယ်တွင် လူဦးရေ ၂၇၉,၆၁၅ ဦးခန့် ရှိရာ ဖုန်းအလုံးအရေအတွက် ၁၂၀,၅၀၀[2] လုံး အသုံးပြုလျက်ရှိသဖြင့် ဖုန်းသုံးစွဲမှုသည် လူဦးရေ၏ ၄၃% ဖြစ်ပါသည်။

ဆက်သွယ်ရေးကွန်ယက် အခြေခံအဆောက်အအုံ တိုးချဲ့တပ်ဆင်ခြင်း၊ စီမံကိန်းနှင့် ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်ခြင်း စီမံကိန်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ကယားပြည်နယ်တွင် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, Telenor, Ooredoo နှင့် MEC Tel တို့ကို အသုံးပြုနိုင်ပါသည်။

ကယားပြည်နယ်အတွင်း ခေတ်မီ အိတ်ချိန်းများကို ပြောင်းလဲ သုံးစွဲလျက် ရှိပါသည်။ ပြည်နယ်အတွင်း MPT မှ တိုင်ပေါင်း (၅၅)တိုင်/စခန်း လုပ်ဆောင်ပြီးဖြစ်၍ ထပ်မံပြီး (၇)တိုင်/စခန်း တိုးချဲ့တည်ဆောက်ရန် ရှိကြောင်း သိရပါသည်။ အခြားပြိုင်ဘက် ကုမ္ပဏီများဖြစ်သော Telenor အနေဖြင့် စုစုပေါင်း တိုင်/စခန်း(၈၀)၊ Ooredoo အနေဖြင့် (၃၅)တိုင်/စခန်း ပြုလုပ်ပေးထားပြီး၊ ယခု ဆက်သွယ်ရေး အော်ပရေတာအသစ်ဖြစ်သော Mytel Telecom အနေဖြင့် တိုင်/စခန်း(၂၀) တည်ဆောက်ပြီး ဖြစ်သည်ကို တွေ့ရှိရပါသည်။ Mytel Telecom မှာ တိုင်/စခန်းများ တည်ဆောက်ပြီး ဖြစ်သော်လည်း ပြည်နယ်အတွင်း မသုံးစွဲနိုင်သေးသည်ကို တွေ့ရပါသည်။

ပြည်နယ်အတွင်း အင်တာနက် သုံးစွဲမှု အနေဖြင့် ADSL လိုင်းကိုသာ သုံးစွဲနိုင်သေးပြီး Video Conferencing မှာ ဆက်သွယ်ရေးရုံး၊ တရားရုံးနှင့် ဆောက်လုပ်ရေးရုံးတို့ လောက်သာ သုံးစွဲနိုင်သေးသည်ကို တွေ့ရပါသည်။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလအထိ ADSLလိုင်းပေါင်း (၁၂၂၄) လိုင်းချပေးထားသော်လည်း ၊ အစိုးရဌာန ၊ ပုဂ္ဂလိက သုံးစွဲမှုအနေဖြင့် စုစုပေါင်း(၂၈၂)သာအသုံးပြုကြပြီး၊ လက်ကျန် (၉၄၃) ရှိနေသေးကြောင်း သိရသည်။ အများစု ADSL လိုင်းသုံးစွဲမှုအနေဖြင့် 1 Mab နှင့် 1.5 Mab ကိုသာ အများဆုံးတွေ့ရှိရသည်။ တက္ကသိုလ် ကျောင်းများအနေဖြင့်လည်း အများစု တပ်ဆင်ပြီး၍ သုံးစွဲလျက်ရှိနေပြီး၊ နည်းပညာ တက္ကသိုလ်တစ်ခုသာ တပ်ဆင်သုံးစွဲရန် ပြင်ဆင်နေသေးကြောင်း သိရသည်။လာမည့်နှစ်တွင် နယ်စပ်ဥ ထပ်မံ စခန်းတစ်ခု တိုးချဲ့ရန် ပြင်ဆင်လျက်ရှိနေပြီး စက်များလည်း

[2] MPT ၏ Mobile အသုံးပြုမှု အချက်အလက်ကိုသာ ရရှိသည့်အတွက် အခြား Mobile Opeator များ၏ အရေအတွက် ကို ခန့်မှန်း တွက်ချက်ထားပါသည်။

အဆင်သင့် ရောက်ရှိနေပြီး ဖြစ်သည်။ ရှားတောရှိ Semi Auto အိတ်ချိန်းကို အဆင့်မြှင့်ရန် အစီအစဉ်ရှိပါသည်။ Semi Auto exchange များကို တက္ကသိုလ်ကျောင်းများတွင် အများစု တပ်ဆင်သုံးစွဲလျက် ရှိနေပြီး နည်းပညာတက္ကသိုလ် တစ်ခုသာ တပ်ဆင်သုံးစွဲရန် ပြင်ဆင်နေဆဲ ဖြစ်းကြောင်း သိရပါသည်။ အခက်အခဲအနေဖြင့် ဆက်သွယ်ရေး တာဝါတိုင်များ ထောင်ရာတွင် ကန့်ကွက်မှုများ ရှိသေးသည်။ MPT အနေဖြင့် CSRလုပ်ငန်းများအား နှစ်စဉ်ပြုလုပ်ပေးလျက်ရှိပြီး၊ ပြုလုပ်ရန် လျာထားမှုများတွင် ကယားပြည်နယ်၊ ဆေးရုံကြီးတွင် FTTH လိုင်းတပ်ဆင်ပေးရန် လုပ်ဆောင်နေပြီဖြစ်သည်။

***ဇယား ၃၀ - ကယားပြည်နယ်၏တယ်လီဖုန်းသုံးစွဲနိုင်မှုအခြေအနေ***

| စဉ် | ခရိုင် | စာတိုက် | ကြေးနန်း | တယ်လီဖုန်းအရေအတွက် | | | ADSL အင်တာနက် သုံးသူ ဦးရေ | စုစုပေါင်း အင်တာနက် အသုံးပြုသူ ဦးရေ ခန့်မှန်းချက် |
|---|---|---|---|---|---|---|---|---|
| | | | | အော်တိုဖုန်း (လုံး) | IP Star | Mobile | | |
| ၁ | လွိုင်ကော် | ၉ | ၄ | ၂၆၅၅ | ၂ | ၈၇၈၀၀ | ၂၈၁ | ၃၈၁၅၀ |
| ၂ | ဘောလခဲ | ၅ | ၅ | ၃၀၂ | ၁၂ | ၃၂၇၀၀ | ၉ | ၁၀၀၅၀ |
| **ပြည်နယ်ချုပ်** | | **၁၄** | **၉** | **၂၉၅၇** | **၁၄** | **၁၂၀,၅၀၀** | **၂၉၀** | **၄၈,၂၀၀** |

*ဇစ်မြစ် -မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း*

## ၂.၆ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှု (အစိုးရ စီမံကိန်း)

ကယားပြည်နယ်အစိုးရသည် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် မြို့ပြများ၏ အခြေခံအဆောက်အအုံ ပြည့်စုံလာစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့မှသာလျှင် ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပါသည်။ ကယားပြည်နယ်အစိုးရအနေဖြင့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး စသည့် လုပ်ငန်းများအပေါ် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အစိုးရ အနေဖြင့် ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

*ဇယား ၃၁ - ကယားပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်*

| စဉ် | အကြောင်းအရာ | လျာထားချက် (ကျပ်သန်း) |
|---|---|---|
| ၁ | ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လမ်း/တံတားလုပ်ငန်း ဆောင်ရွက်ခြင်း | ၂,၀၁၈ |
| ၂ | လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း တိုးချဲ့တည်ဆောက်ခြင်း | ၄,၀၀၀ |
| ၃ | ပြည်နယ်လွှတ်တော်ရုံးသစ် ဆောက်လုပ်ခြင်း | ၁,၇၉၈ |
| ၄ | လမ်းဦးစီးဌာနမှ လမ်းဖောက်လုပ်၊ ထိန်းသိမ်းပြုပြင်ခြင်း (လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်) | ၁၁,၀၉၃ |
| ၅ | စည်ပင်သာယာရေး အဖွဲ့မှ လမ်း၊ တံတား တည်ဆောက်ရေး (လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်) | ၅,၀၀၆ |

*ဇစ်မြစ် - ကယားပြည်နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန*

# ၂.၇ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု

ကယားပြည်နယ်သည် ဒေသတွင်း နယ်မြေတည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက် ရရှိလာသည်ဟု သိရပါသည်။ ကယားပြည်နယ်တွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ အရ ကုမ္ပဏီ (၁)ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ အရ လုပ်ငန်း (၃)ခုရှိကြောင်း ၂၀၁၈ခုနှစ် မတ်လအထိစာရင်းအင်းများအရ သိရပါသည်။ ကယားပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးရုံးတွင် လာရောက် မှတ်ပုံတင်ထားသော ကုမ္ပဏီများစာရင်း မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

*ဇယား ၃၂- ကယားပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ*

| စဉ် | အချက်အလက် | အရေအတွက် |
|---|---|---|
| ၂ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းများ | ၁ |
| ၃ | နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းများ | ၃ |
| ၄ | ကယားပြည်နယ်တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ | ၁၇၅ |

*ဇစ်မြစ်: ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန*

မြန်မာနိုင်ငံတွင် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အတွက် လွိုင်ကော်မြို့တွင် ၂၀၁၇ ခုနှစ် မေလ ၁၅ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံးကို ဖွင့်လှစ်ခဲ့ပြီး၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရန် အတွက် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ပြည်နယ်ဝန်ကြီးချုပ်မှာ အဆိုပါကော်မတီ၏ ဥက္ကဋ္ဌဖြစ်ပြီး ဝန်ကြီး (၁)ဦးအပါအဝင် အဖွဲ့ဝင် (၇) ဦးနှင့် ဖွဲ့စည်းထားပြီး DICA လွိုင်ကော်ရုံးခွဲ၏ ညွှန်ကြားရေးမှူးမှာ အတွင်းရေးမှူးအဖြစ် ဆောင်ရွက် လျက်ရှိပါသည်။ ကယားပြည်နယ်တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ လုပ်ကိုင်နေသော ကုမ္ပဏီများ မှာအောက်ပါအတိုင်းဖြစ်ပါသည်။

*ဇယား ၃၃- ၁၅.၅.၂၀၁၇ ရက်နေ့မှ ၁၅.၀၃.၂၀၁၈ ရက်နေ့အထိ မြန်မာနိုင်ငံသား ကုမ္ပဏီများ အက်ဥပဒေ အရ ကယားပြည်နယ်ရှိ စက်မှုလုပ်ငန်းအလိုက် ရင်းနှီးမြှုပ်နှံမှုများ*

| စဉ် | လုပ်ငန်းအမျိုးအစား | လုပ်ငန်း အရေအတွက် | မတည်ငွေရင်း (ကျပ်သန်း) | ကနဦး မ တည်ငွေရင်း (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | ဝန်ဆောင်မှု | ၃ | ၇၀၀ | ၁၆ |
| ၂ | ဟိုတယ် နှင့် ခရီးသွား | ၄ | ၁,၃၀၀ | ၆,၅၁၆ |
| ၃ | စက်မှု/ ထုတ်လုပ်မှု | ၅ | ၆၀၀ | ၃၆ |
| ၄ | ကျောက်မျက် | ၁ | ၁၀၀ | ၅ |
| ၅ | ဆောက်လုပ်ရေး | ၂၄ | ၅၄၀၀ | ၉၇၆ |
| ၆ | ရောင်းဝယ်ရေး | ၇ | ၆၅၀ | ၄၇ |
| | **စုစုပေါင်း** | **၄၄** | **၈,၇၅၀** | **၇,၅၉၆** |

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန*

*ဇယား ၃၄- မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့ အထိ အတည်ပြုပေးခဲ့သော ကယားပြည်နယ်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ*

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း | ရင်းနှီးမြှုပ်နှံမှု ပမာဏ (အမေရိကန်ဒေါ်လာ သန်းပေါင်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၇၈၁ | ၁၉,၄၀၂.၄၉ | ၃၀.၆၇ |
| ၂ | ကချင် | ၄ | ၁၂,၆၀၈.၈၀ | ၁၉.၉၃ |
| ၃ | ရခိုင် | ၂၉ | ၁၀,၅၇၄.၉၈ | ၁၆.၇၂ |
| ၄ | မွန် | ၂၈ | ၆,၅၁၂.၃၆ | ၁၀.၂၉ |
| ၅ | တနင်္သာရီ | ၃၈ | ၄,၉၈၉.၅၇ | ၇.၈၉ |
| ၆ | မန္တလေး | ၅၄ | ၂,၈၉၆.၁၀ | ၄.၅၈ |
| ၇ | စစ်ကိုင်း | ၁၇ | ၂,၆၃၇.၀၄ | ၄.၁၇ |
| ၈ | ပဲခူး | ၆၈ | ၁,၃၄၆.၃၈ | ၂.၁၃ |
| ၉ | ရှမ်း | ၁၇ | ၉၄၈.၄၀ | ၁.၅၀ |
| ၁၀ | မကွေး | ၁၄ | ၇၄၀.၅၃ | ၁.၁၇ |
| ၁၁ | ဧရာဝတီ | ၂၃ | ၃၄၆.၄၉ | ၀.၅၅ |
| ၁၂ | ကရင် | ၃ | ၂၂၈.၂၀ | ၀.၃၆ |
| ၁၃ | နေပြည်တော် | ၅ | ၃၄.၁၅ | ၀.၀၅ |
| ၁၄ | ကယား | ၁ | ၂.၄၃ | ၀.၀၀၄ |
| | **စုစုပေါင်း** | **၁,၀၈၂** | **၆၃,၂၆၇.၉၂** | **၁၀၀** |

*ဖစ်မြစ် - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန*

ကယားပြည်နယ်တွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု စီမံကိန်း (၁)ခု ရှိပြီး တစ်နိုင်ငံလုံးတွင် ကယားပြည်နယ်သည် အဆင့် ၁၄ တွင် ရပ်တည်နေပါသည်။

***ဇယား ၃၅- မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့ အထိ အတည်ပြုပေးခဲ့သော ကယားပြည်နယ်ရှိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအခြေအနေ***

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | *ရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း* | ရင်းနှီးမြှုပ်နှံမှု ပမာဏ (အမေရိကန်ဒေါ်လာ သန်းပေါင်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၅၇၁ | ၆,၉၈၃,၁၀၀.၈၂ | ၅၁.၃၇ |
| ၂ | မန္တလေး | ၁၃၇ | ၂,၆၀၀,၅၄၅.၈၀ | ၁၉.၁၃ |
| ၃ | ပဲခူး | ၃၇ | ၈၈၀,၃၄၂.၄၁ | ၆.၄၈ |
| ၄ | မွန် | ၂၇ | ၇၇၀,၁၂၅.၁၂ | ၅.၆၇ |
| ၅ | ရှမ်း | ၆၀ | ၆၉၁,၁၂၀.၀၁ | ၅.၀၈ |
| ၆ | နေပြည်တော် | ၂၂ | ၅၆၂,၃၀၁.၀၃ | ၄.၁၄ |
| ၇ | ဧရာဝတီ | ၂၄ | ၂၅၉,၉၄၃.၇၃ | ၁.၉၁ |
| ၈ | ရခိုင် | ၁၉ | ၂၃၃,၃၄၇.၉၂ | ၁.၇၁ |
| ၉ | တနင်္သာရီ | ၄၂ | ၁၉၉,၉၅၁.၉၅ | ၁.၄၇ |
| ၁၀ | ကယား | ၃ | ၁၈၁,၂၀၁.၈၉ | ၁.၃၃ |
| ၁၁ | စစ်ကိုင်း | ၂၄ | ၁၃၀,၃၇၆.၉၁ | ၀.၉၆ |
| ၁၂ | မကွေး | ၈ | ၄၆,၈၉၈.၄၀ | ၀.၃၅ |
| ၁၃ | ကချင် | ၁၃ | ၄၀,၁၇၄.၆၇ | ၀.၃၀ |
| ၁၄ | ကရင် | ၉ | ၁၃,၆၇၂.၈၀ | ၀.၁၀ |
| စုစုပေါင်း | | ၉၉၆ | ၁၃,၅၉၃,၁၀၃.၄၆ | ၁၀၀.၀၀ |

*ဖစ်မြစ် - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန*

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး စတင်ဖွင့်လှစ်ချိန် (၁၅.၀၅.၂၀၁၇ ရက်နေ့မှ ၁၅.၀၃.၂၀၁၈ ရက်နေ့အထိ) တွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီပေါင်း ၄၄ ခု မှတ်ပုံတင်ခဲ့ပြီး လုပ်ငန်း ဆောင်ရွက်လျက်ရှိနေပါသည်။

## ၂.၇.၁ ကယားပြည်နယ်တွင်ရှိသော ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု

### (၁) ဟိုတယ် စီမံကိန်း

ကယားပြည်နယ်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဟိုတယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိရာ ဟိုတယ် ၁၅ လုံးခန့် တည်ဆောက်လျက်ရှိသည်ဟု သိရပါသည်။ ယင်း ဟိုတယ် များမှ လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက် ရှိ ၁ဧက ဝန်းကျင် ရှိသည့် မြေကွက်ပေါ်တွင် Myanmar New Ray Co.,Ltd မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး ဟိုတယ် စီမံကိန်း တစ်ခုကို အနည်းဆုံး အမေရိကန်ဒေါ်လာ ၅ သန်း ရင်းနှီးမြှုပ်နှံမည့် ကယားပြည်နယ်၏ အမြင့်ဆုံးအဆောက်အဦးဖြစ်မည့် (၁၁)ထပ် မြင့်သည့် ဟိုတယ် စီမံကိန်းတစ်ခု ပါဝင်ပါသည်။ ယင်း ဟိုတယ်ကြီးတွင် လူဦးရေ ၆၀၀ ဆံ့ ခန်းမကြီး နှင့် ဟိုတယ်အခန်းပေါင်း (၈၀) ခန်း၊ ဧည့်သည် ဦးရေ ၂၀၀ တစ်ပြိုင်တည်း တည်းခိုနိုင်သည့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးကို တည်ဆောက်မည် ဖြစ်ပါသည်။ ယင်းဟိုတယ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ခန့်တွင်ပြီးစီးပြီး ၂၀၂၀ ခုနှစ် တွင် ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရပါသည်။ ယခုအချိန်တွင် Pile Foundation လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

*ပုံ (၁၆) Myanmar New Ray Co Ltd မှ တည်ဆောက်မည့် ၁၁ထပ် အမြင့်ရှိ ဟိုတယ် ပုံစံငယ်*



### (၂) ဘိလပ်မြေ စက်ရုံ စီမံကိန်း

ကယားပြည်နယ်အတွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာမှုများ ရှိနေပါသည်။ ကယားပြည်နယ် လွိုင်ကော်မြို့နယ် တောင်သုံးလုံးကျေးရွာတွင် Square Power Group Co Ltd မှ တစ်နေ့ တန် ၄၀၀၀ ကျ ဘိလပ်မြေစက်ရုံ တည်ဆောက်ရန်အတွက် ၂၀၁၇ခုနှစ် ကတည်းက ရင်းနှီးမြှုပ်နှံမှု စတင်ခဲ့သော်လည်း ဒေသခံများ၏ ကန့်ကွက်မှုကြောင့် ရပ်ဆိုင်းခဲ့ရပြီး ယခုအခါ ဒီးမော့ဆိုမြို့နယ် သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု သိရပါသည်။ စီမံကိန်းနေရာ ပြောင်းရွှေ့မှုအတွက် ကယားပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ပြန်လည်တင်ပြ ခွင့်ပြုချက် တောင်းခံရန် ရှိကြောင်း သိရပါသည်။

### (၃) ရေအားလျှပ်စစ် စီမံကိန်း

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ် လွိုင်ကော်မြို့နယ်အတွင်းရှိ နန့်တစ်ဘက်ချောင်းတွင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးကို ခင်မောင်ညွှန့်ထရေးဒင်း ကုမ္ပဏီနှင့် တရုတ်နိုင်ငံ TREA Co. တို့ ပူးပေါင်း၍ Pre Survey ပြုလုပ်နေကြောင်း သိရပါသည်။ ယင်းချောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ် ထုတ်လုပ်ပါက လျှပ်စစ်ဓာတ်အား ၁၁၀ မဂ္ဂါဝပ်ရရှိနိုင်ကြောင်း အကြိုခန့်မှန်းထားပါသည်။ ယင်းစီမံကိန်း၏ ထူးခြားချက်မှာ ရေအား လျှပ်စစ်စီမံကိန်းတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး သက်ရောက်မှု (Environmental & Social Impact) နည်းစေရန် ရေကာတာ မဆောက်ဘဲ Run-of-the-River (ROR) စနစ်ဖြင့် တည်ဆောက်နိုင်မှု ဖြစ်နိုင်ချေကို အကြိုလေ့လာနေခြင်း ဖြစ်ပါသည်။ အကြိုလေ့လာမှုမှ ရရှိသော ရလဒ်ကို ကယားပြည်နယ်အစိုးရနှင့် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနကို တင်ပြ၍ ဖြစ်နိုင်ချေ လေ့လာမှု (Feasibility Study) အတွက် ပြည်ထောင်စု ဝန်ကြီးဌာနနှင့် နားလည်မှု စာချွန်လွှာ (MOU) ထိုးကာ ဆက်လက် ဆောင်ရွက်သွားရန် ရှိကြောင်း သိရပါသည်။ ယင်းစီမံကိန်း စတင်ပါက ခင်မောင်ညွှန့် ထရေးဒင်းမှ ဒေသခံများအတွက် Corporate Social Responsibility (CSR) အစီအစဉ်များ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

## ၂.၈ စက်မှုလုပ်ငန်းဆိုင်ရာများ

ကယားပြည်နယ်တွင်မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကလုပ်ငန်းပေါင်း ၅၂၄ ခု ရှိပါသည်။ အဆိုပါလုပ်ငန်းများတွင် အကြီးစားလုပ်ငန်း ၂၈ခု၊ အလတ်စားလုပ်ငန်း ၃၅၄ခုနှင့် အသေးစားလုပ်ငန်း ၁၄၂ခု ရှိပါသည်။ လွိုင်ကော်ခရိုင်တွင် ၄၉၅ခု ရှိပြီး ဘောလခဲ ခရိုင်တွင် ၂၉ ခုသာရှိသည်ကို တွေ့ရပါသည်။

### ၂.၈.၁ ကယားပြည်နယ်တွင်ရှိသော စက်မှုလုပ်ငန်းများ

*ဇယား ၃၆- ကယားပြည်နယ် စက်မှုဇုန်တွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် စက်မှု လုပ်ငန်းများ (၂၀၁၈ ခုနှစ် ဇန်နဝါရီလ အထိ)*

| စဉ် | လုပ်ငန်းကဏ္ဍ | လုပ်ငန်းအရေအတွက် | | | | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | ကြီး | လတ် | ငယ် | ပေါင်း | |
| ၁ | စားသောက်ရေး | ၁၀ | ၁၇၃ | ၆၁ | ၂၄၄ | ၄၆.၅၆ |
| ၂ | ဝတ်ဆင်ရေး | - | ၁၆ | ၂ | ၁၈ | ၃.၄၄ |
| ၃ | နေထိုင်ရေး | ၁၂ | ၅၈ | ၁၉ | ၈၉ | ၁၆.၉၈ |
| ၄ | လူသုံးကုန်ပစ္စည်း | - | ၄ | - | ၄ | ၀.၇၆ |
| ၅ | အိမ်သုံးပစ္စည်း | ၂ | - | - | ၂ | ၀.၃၈ |
| ၆ | စာပေနှင့် အနုပညာဆိုင်ရာ | - | ၂ | - | ၂ | ၀.၃၈ |
| ၇ | ကုန်ကြမ်းပစ္စည်း | - | - | ၁ | ၁ | ၀.၁၉ |
| ၈ | ဓာတ်သတ္တုပစ္စည်း | ၄ | ၃၆ | ၁၅ | ၅၅ | ၁၀.၄၉ |
| ၉ | စိုက်ပျိုးရေး ကိရိယာ | - | - | - | - | - |
| ၁၀ | စက်မှု လုပ်ငန်းသုံး ကိရိယာ | - | - | - | - | - |
| ၁၁ | သယ်ယူပို့ဆောင်ရေး | - | ၂ | - | ၂ | ၀.၃၈ |
| ၁၂ | လျှပ်စစ်ပစ္စည်း ထုတ် လုပ်ငန်း | - | - | - | - | - |
| ၁၃ | အထွေထွေစက်မှု | - | ၆၃ | ၄၄ | ၁၀၇ | ၂၀.၄၂ |
| | စုစုပေါင်း | ၂၈ | ၃၅၄ | ၁၄၂ | ၅၂၄ | |

*ဖစ်မြစ် - ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန*

### ၂.၈.၂ ကယားပြည်နယ်ရှိ စက်မှုလုပ်ငန်းများ

ကယားပြည်နယ်တွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေနိုင်ရန် ရည်ရွယ်ပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက် နှင့် လိုအပ်သောမြေနေရာ အကျယ် အဝန်းရှိသည့် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာတွင် ၂၀၀၇ ခုနှစ်မှ

စတင်၍ နိုင်ငံတော် အစိုးရမှ ဒေသခံ စက်မှုလုပ်ငန်းရှင်များ စုပေါင်း၍ စက်မှုရပ်ကွက် အဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ လွိုင်ကော် စက်မှုဇုန်ကို ၈၁၇.၄၆ ဧက ပေါ်တွင် တည်ဆောက်ထားပြီး လည်ပတ်လျက်ရှိသည့် စက်ရုံပေါင်း ၈၆ ရုံ ရှိပါသည်။

## ၂.၈.၃ အသေးစားစက်မှုလက်မှုလုပ်ငန်းများ

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော မြင်းကောင်ရေ(၀.၂၅)နှင့် အထက်၊ (၅)ကောင်အားနှင့်အောက်အသုံးပြုသည့် အလုပ်သမား (၉)ဦးထက် မပိုသော အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများနှင့် အလုပ်သမား(၃)ဦးနှင့်အထက်ရှိသော အိမ်တွင်းလက်မှု လုပ်ငန်းများကို အသေးစား စက်မှုလက်မှု လုပ်ငန်းများမြှင့်တင်ရေး နည်းဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးခြင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းအသစ်များ ပေါ်ထွန်းလာစေရေးအတွက် နည်းပညာများ လွှဲပြောင်းပေးခြင်း၊ ဖြစ်ထွန်းတည်ရှိနေသော အသေးစားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်နှင့် လူသုံးကုန်များ ထုတ်လုပ်တတ်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ဓာတ်ခွဲ စမ်းသပ်မှုများ ပြုလုပ်ပေးခြင်း စသည်တို့အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက် ရှိပါသည်။

ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသော သင်တန်း အမျိုးအစားများမှာ ဝါးအခြေခံလက်မှုအနုထည်သင်တန်း၊ စားသောက်ကုန် နှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံပရိ ဘောဂသင်တန်းနှင့် တိုင်းရင်းသားရိုးရာအခြေခံ ဂျပ်ခုတ်သင်တန်းများအပြင် လက်ရက်ကန်း(၆)လသင်တန်း၊ အထည်အလိပ်ကျွမ်းကျင်သူ(၁)နှစ် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ရက်ကန်း သင်တန်းများ ဖွင့်လှစ်သင်ကြားရာတွင် ပထမ(၆)လ သင်တန်းကို နှစ်စဉ် ဇန်နဝါရီလမှ ဇွန်လအထိ ပထမအသုတ်နှင့် ဇူလိုင်လနှင့် ဒီဇင်ဘာလအထိ ဒုတိယအသုတ် (၂)ကြိမ်ခွဲ၍ သင်ကြားပေးပြီး တစ်တန်းလျှင် သင်တန်းသား (၁၃)ဦး လက်ခံသင်ကြားပေးလျက်ရှိပါသည်။ သင်တန်းသူ သင်တန်းသားများအတွက် လက်ရှိ နေထိုင်ရန်သာ စီစဉ်ပေးနိုင်သဖြင့် စားစရိတ်ငြိမ်းပေးပြီး သင်ကြားနိုင်ပါက သင်တန်းသားများပိုမို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။ သင်တန်းပြီးက အသုံးပြုရသည့် ကိရိယာပစ္စည်းများကိုတစ်ပါတည်း ထောက်ပံ့ပေးပြီး စျေးကွက် ကို ရှာဖွေပေးနိုင်ပါက ပိုမို ထိရောက်နိုင်မည် ဖြစ်ပါသည်။

ကယားပြည်နယ်ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကြီးမှူးပြီး ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (လွိုင်ကော်) တွင် Weaving Centre အား ဖွင့်လှစ်ထားရှိခဲ့ပါသည်။ ၎င်းစင်တာမှ နိုင်ငံခြားသားများ လေ့လာနိုင်မှု၊ သဘာဝဆိုး ဆေးအသုံးပြုမှုနှင့် ရက်ကန်းဆိုင်ရာ လုပ်ငန်းများ၊ ကယားရိုးရာ ဂျပ်ခုတ်လုပ်ငန်းနှင့် ရက်ကန်းစင်များသို့ လေ့လာနိုင်ရန် ဆောင်ရွက်ထားရှိပြီး ရက်ကန်း နှင့်အသက်မွေး ပညာသင်တန်းကျောင်း(လွိုင်ကော်) သို့ ပြည်တွင်း ပြည်ပမှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာ လျက်ရှိပါသည်။ ယက္ကန်းလုပ်ငန်းကဏ္ဍကို ဖွံ့ဖြိုး တိုးတက်ရန်အတွက် ထောက်ပံ့မှု ၊ ပံ့ပိုးမှုများစွာ လိုအပ်နေ ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၂.၉ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

ကရင်နီ အမျိုးသားတိုးတက်ရေးပါတီနှင့် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်ဆိုင်းရန် လက်မှတ်ရေးထိုးပြီးနောက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ကမ္ဘာ့လှည့်ခရီးသွားများအား ကယားပြည်နယ်သို့ သွားရောက်လည်ပတ်ရန် စတင်ခွင့်ပြုခဲ့သည်။ ထိုအချိန်က စတင်ကာ ကမ္ဘာ့လှည့်ခရီးသွားအရေအတွက် တစ်ဖြည်းဖြည်းချင်း တိုးတက်လာခဲ့ပြီး ကယားပြည်နယ်ကို အနာဂတ်တွင် ခရီးသွားလုပ်ငန်းများ တရှိန်ထိုးမြင့်တက်လာမည့် ပြည်နယ်အဖြစ် ပညာရှင်များနှင့် ခရီးသွားကုမ္ပဏီများက လေ့လာသုံးသပ်ခန့်မှန်းထားကြသည်။ ယခင်က ကယားပြည်နယ်သည် ကန့်သတ်နယ်မြေအတွင်း တည်ရှိခဲ့ပြီး နိုင်ငံခြားသား ခရီးသွားများ သာမက ပြည်တွင်းခရီးသွားများပါ သွားလာ လည်ပတ်မှု မရှိသလောက် နည်းခဲ့ပါသည်။

ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် စေရေး အတွက် ၂၀၁၄ ခုနှစ် မှ စတင်ပြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ လွိုင်ကော်ရုံးခွဲ ကို ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ခန့်က ကယားပြည်နယ်အတွင်း လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့ပေါ် နှင့် ဖရူဆိုမြို့ပေါ် များသာ ခွင့်ပြုချက်မလိုဘဲ သွားလာ နိုင်ပြီး ကျန်ဒေသများသို့ သွားရောက်လိုပါက ခွင့်ပြုချက်တောင်းခံပြီးမှသာ သွားလာရပါသည်။ ၂၀၁၇ ခုနှစ် နောက်ပိုင်း လက်ရှိအခြေအနေတွင် ရှားတောမြို့နယ် မှ လွဲ၍ ကျန်ဒေသများကို ခွင့်ပြုချက်မလိုဘဲ သွားလာနိုင်ပြီ ဖြစ်ပါသည်။

ကယားပြည်နယ်တွင် စိတ်အေးချမ်းမှုပေးစွမ်းစေမည့် ရေတံခွန်၊ ဆန်းကြယ်မှုများဖြင့် ပြည့်နှက်နေသော သဘာဝထုံးကျောက် လိုဏ်ဂူများ၊ ရိုးရာအစားအသောက်၊ ရိုးရာယက်ကန်း အထည်အလိပ်များ၊ အမှတ်တရပစ္စည်းများနှင့် အထူးခြားဆုံး ဝိသေသမှာ ရှေ့ရိုးရာအတိုင်း ဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှုထုံးတမ်းများ၏ ပြယုဒ်သဖွယ်ဖြစ်သော တိုင်းရင်းသားလူမျိုးစုများပင် ဖြစ်သဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း နှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်း ကောင်းများစွာရှိပါသည်။ ထို့ကြောင့် ပြည်နယ်အတွင်း ဟိုတယ်လုပ်ငန်းရှင်များ အသင်း၊ ခရီးသွားလုပ်ငန်းရှင်များ အသင်း၊ ဧည့်လမ်းညွှန် အသင်းနှင့် စားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်းတို့ကို ဖွဲ့စည်းပြီး အားလုံးပါဝင်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပုံစံတစ်ခုကို တည်ဆောက် ခဲ့ကြကြောင်း သိရပါသည်။ ထို့အတူ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာနသည် နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန (ITC) နှင့် နယ်သာလန်နိုင်ငံရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်များ မြှင့်တင်ရေး ဗဟိုဌာန (CBI) တို့ ပူးပေါင်းအကောင်အထည် ဖော်ခဲ့သည့် ခရီးသွား ကဏ္ဍစနစ်တကျ ဖွံ့ဖြိုးရေး (၃)နှစ်တာ စီမံကိန်းအရ ပြည်နယ်အတွင်း ခရီးစဉ် အသစ်များ ဖော်ထုတ်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် လူထုအခြေပြု

ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ကယားပြည်နယ်တွင် တည်းခိုနေထိုင်ရန် ဟိုတယ်၊ မိုတယ်၊ အင်း နှင့် တည်းခိုခန်း များလည်း တစ်စတစ်စ တိုးတက်လာပြီဖြစ်ပါသည်။

ကယားပြည်နယ်တွင် လက်ရှိ ၂၀၁၇ ခုနှစ် အထိ ဟိုတယ်အလုံး(၁၈)လုံးရှိပြီး၊ အခန်းအရေအတွက် (၃၈၄-ခန်း)ရှိကာ ဟ-လိုင်စင် ၅-လုံး နှင့် တ-လိုင်စင် ၁၃-လုံး ရှိသည်။ တည်ဆောက်ဆဲ လွိုင်ကော်ခရိုင်တွင် ၁၃ လုံး (အခန်း ၄၂၂ ခန်း) နှင့် ဘောလခဲခရိုင်အတွင်း ၁-လုံး (အခန်း ၂၄ ခန်း) ၊ ဖားဆောင်းတွင် ဟိုတယ်(၁)လုံး (အခန်း ၂၂ ခန်း) ၊ စုစုပေါင်း ဟိုတယ် ၁၅လုံး(အခန်းပေါင်း ၄၆၆ ခန်း) ကယားပြည်နယ်အတွင်း ထပ်တိုးနိုင်သည်။ ထိုအထဲမှ Myanmar New Ray Co.,Ltd မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၅ သန်း ရင်းနှီးမြှုပ်နှံကာ စတင်အကောင်အထည် ဖော်ဆောင်နေပြီဖြစ်သော ကယားပြည်နယ်၏ အမြင့်ဆုံး(၁၁)ထပ် အဆောက်အဦးတွင် လူ(၆၀၀)ဆံ့ ခန်းမကြီး၊ အခန်းပေါင်း(၈၀)၊ ဧည့်သည် ၂၀၀ တစ်ပြိုင်တည်း တည်းခိုနိုင်သည့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဟိုတယ်အားလုံး ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အကုန်အတွင်း ပြီးစီးမည်ဟုသိရပါသည်။ ကယားပြည်နယ်တွင် နှစ်အလိုက် တိုးတက်လာသော ဟိုတယ်/ မိုတယ်နှင့် အခန်းများ အရေအတွက်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

*ဇယား ၃၇ - ကယားပြည်နယ် ရှိ ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုခန်းများ*

| စဉ် | ခုနှစ် | ဟိုတယ်/မိုတယ် အရေအတွက် | အခန်း အရေအတွက် |
|---|---|---|---|
| ၁ | ၂၀၁၄ ခုနှစ် | ၈ | ၁၇၅ |
| ၂ | ၂၀၁၅ ခုနှစ် | ၉ | ၂၀၁ |
| ၃ | ၂၀၁၆ ခုနှစ် | ၁၃ | ၂၉၁ |
| ၄ | ၂၀၁၇ ခုနှစ် | ၁၈ | ၃၈၄ |

*ဇစ်မြစ် - ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန*

ကယားပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုမှာ တစ်နှစ် နှင့် တစ်နှစ် တိုးတက် ခဲ့ပါသည်။ ကယားပြည်နယ်အတွင်းတွင် ခရီးသွားကုမ္ပဏီ (၁၀) ခု ရှိပြီး ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ကယားပြည်နယ်အတွင်းရှိ ဧည့်လမ်းညွှန်များကို လိုင်စင်များထုတ်ပေးလျက်ရှိပြီး၊ ဧည့်လမ်းညွှန် အများစုမှာ ဟိုတယ်များနှင့် တိုက်ရိုက် ချိတ်ဆက်ပြီး လုပ်ကိုင်လေ့ ရှိကြပါသည်။ ကယားပြည်နယ်အတွင်းရှိ အချို့သော ဒေသများကို သွားလာခွင့် မပြုသေးသဖြင့်

ငြိမ်းချမ်းရေးကောင်းမွန်ရန် လိုအပ်လျက်ရှိနေဆဲ ဖြစ်ပါသည်။ သံလွင်မြစ်၊ ဘီလူးချောင်း ကို အသုံးချပြီး ခရီးသွားလုပ်ငန်း အနေဖြင့် 9 Generation Co., Ltd မှ ချောင်းအတွင်း အပျော်စီးစက်လှေငယ်များ ဖြင့် ချောင်းတစ်လျှောက် သဘာဝအလှများ လေ့လာနိုင်ရန်ရန် ဆောင်ရွက်ထားကြောင်းတွေ့ရပါသည်။

*ဇယား ၃၈ - ၂၀၁၆ခုနှစ်အတွင်း ကယားပြည်နယ်သို့ ဝင်ရောက်လာသော ပြည်တွင်း ပြည်ပ ဧည့်သည်များ၏ အရေအတွက်*

| စဉ် | ခုနှစ် | ပြည်တွင်း | ပြည်ပ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ၂၀၁၄ ခုနှစ် | ၁၁,၁၁၃ | ၂,၆၆၂ | ၁၃,၉၇၅ |
| ၂ | ၂၀၁၅ ခုနှစ် | ၁၃,၇၇၈ | ၃,၉၃၃ | ၁၇,၇၁၁ |
| ၃ | ၂၀၁၆ ခုနှစ် | ၁၆,၉၉၄ | ၆,၃၇၄ | ၂၃,၃၆၈ |
| ၄ | ၂၀၁၇ ခုနှစ် | ၃၃,၄၉၂ | ၈,၉၇၅ | ၄၂,၄၆၇ |

*ဇစ်မြစ် - ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန*

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ကယားပြည်နယ်သို့ လာရောက်သောဧည့်သည်များကို နှိုင်းယှဉ်ကြည့်လျှင် ပြည်တွင်း ခရီးသွားဧည့်သည်မှာ ရာခိုင်နှုန်းအားဖြင့် ၉၇% တိုးတက်လာသည်ကို တွေ့ရပါသည်။ ပြည်ပ ခရီးသွားဧည့်သည်မှာ ၄၁% တိုးတက်မှု ရှိကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ပြည်နယ်အတွင်း တစ်နှစ်ထက် တစ်နှစ် ခရီးသွားများ သိသိသာသာ တိုးများလာသော်လည်း အိမ်နီးချင်း မယ်ဟောင်ဆောင်မြို့နှင့် ယှဉ်လျှင် နည်းနေသေးကြောင်း တွေ့ရပါသည်။ မယ်စဲ့မြို့၏ တဖက် နယ်စပ် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နှင့် ပိုင်မြို့ တို့တွင် တစ်နှစ်လျှင် ဧည့်သည် (၃)သန်းခန့် ခရီးသွား ရှိသော်လည်း ကယားပြည်နယ်သို့ ခရီးသွားမှာ ၉ ထောင်ခန့်သာ ဝင်ရောက်သဖြင့် များစွာ ခြားနားမှု ရှိပါသည်။ ယင်းထိုင်းနိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန်အတွက် မယ်စဲ့မြို့နယ် နယ်စပ်ဂိတ် BP-13 သည် အလွန်အရေးပါသည့် နယ်စပ်ဂိတ်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းဂိတ်မှ ခရီးသွားများ ဝင်ထွက်နိုင်ရေးအတွက် အစိုးရအချင်းချင်း ဆောင်ရွက် အကောင်ထည်ဖော်ရမည့် လုပ်ငန်းစဉ်များက အလွန်အရေးပါလှပါသည်။ လက်ရှိအချိန်တွင် ဧည့်သည်များမှာ ပျမ်းမျှအားဖြင့် (၂)ညအိပ်နှုန်းဖြင့်သာ တည်းခိုလျက် ရှိကြောင်း သိရှိရပါသည်။

ကယားပြည်နယ်အတွင် ဒေသထွက် ကယားအစားအစာများ ကို စားသုံးနိုင်သလို ဥရောပအစား အစာများကိုလည်း သုံးဆောင် နိုင်ပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာန ၏ လမ်းညွှန်ထားသည့် စားသောက်နိုင်သည့် ဆိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁) Sunday Club (ရိုးရာအစားအစာ)

၂) ကိုမိုး (ရိုးရာအစားအစာ)
၃) နောင်ယားကန်စားသောက်ဆိုင်
၄) ဒေါ်ပလော ဝက်အူချောင်း
၅) ကောင်းကောင်း စားသောက်ဆိုင်
၆) မရှမ်း ထွင်း ၊ ခေါက်ဆွဲဆိုင်
၇) လွိုင်ကော်မြို့ စားသောက်ဆိုင်
၈) ရွှေရတီ မြန်မာအစားအစာ
၉) Golden Lion Restaurant
၁၀) ဖိုးခွါး စားသောက်ဆိုင်
၁၁) Maw Khan Nan Restaurant
၁၂) Royal Village Restaurant
၁၃) Marcopolo Restaurant
၁၄) ရွှေလက်ယာ မြန်မာအစားအစာ
၁၅) သိရိဒေါ်
၁၆) Master

ကယားပြည်နယ် လည်ပတ်နိုင်သည့် နေရာများ၊ စားသောက်ဆိုင်များ အပြင် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူနိုင်သည့် နေရာများလည်းရှိပါသည်။ ယင်းနေရာများမှာ ငွေတောင်ပြည် အမှတ်တရပစ္စည်းအရောင်းဆိုင် နှင့် လွိုင်ကော် အမှတ်တရပစ္စည်း အရောင်းဆိုင်တို့ အပြင် ပန်ပက်ရွာ၏ ကယန်းရိုးရာ ပစ္စည်း ဆိုင်များတွင် လည်း အမှတ်တရ ပစ္စည်းများ ဝယ်ယူ နိုင်ပါသည်။

## ၂.၉.၁ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT – Community Based Tourism)

ကယားပြည်နယ်တွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(Community Based Tourism-CBT) သည် ရပ်ကွက်/ကျေးရွာ နေရာ တစ်ခုရှိ ရှားပါးသော ကိုယ်ပိုင်ယဉ်ကျေးမှုများ ဖြစ်သည့် ရိုးရာဝတ်စားဆင်ယင်မှုများနှင့် ဓလေ့ထုံးစံများ၊ ရိုးရာမပျက်လုပ်ကိုင်လျက်ရှိသော လက်မှုလုပ်ငန်းများနှင့် ဒေသထွက်ရိုးရာစားသောက်ကုန် လုပ်ငန်းများနှင့် သဘာဝ အလှအပများကို လေ့လာကြသည့် ခရီးသွားလုပ်ငန်းဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ရပ်ရွာလူထုအခြေပြု ခရီးစဉ်ဒေသကို အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် ရုံး၏ Asean Community Based Tourism Award 2017 ဆုကို ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်ရှိ တနီးလာလဲနှင့် ပန်ပက်ခရီးစဉ်က ရရှိခဲ့သည်။ ပြည်တွင်းခရီး သွားကုမ္ပဏီများ၏ ဖော်ပြချက်အရ ၂၀၁၅ ခုနှစ်အတွင်း

နိုင်ငံတကာခရီးသွား ဧည့်သည်များ အနှစ်မြို့ကျဆုံးနှင့် လည်ပတ်မှုအများဆုံး ပြည်တွင်းအပန်းဖြေခရီးစဉ် (၅)ခု စာရင်းတွင် ကယားပြည်နယ်ခရီးစဉ်လည်း အပါအဝင် ဖြစ်ခဲ့သည်။ ကယားပြည်နယ်အတွင်း သွားရောက်နိုင်သည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT) ကျေးရွာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(၁) ပန်ပက်ကျေးရွာ**

ပန်ပက်ကျေးရွာတွင် ရမ်းဂူ၊ ဒိုးကီး၊ စလုံးကနား၊ ကသဲကူနှင့် ပင်ဆောင်စသည့် ကျေးရွာငယ် (၅)ရွာ ပါဝင်ပြီး လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းတွင် တည်ရှိပါသည်။ ရွာအား စတင်တည်ထောင်စဉ်က တောင်ပေါ်တွင် တည်ရှိပြီး နောက်ပိုင်းတွင် ရွာသားများ တောင်ခြေသို့ ပြောင်းရွှေ့နေထိုင်လာကြသည်ကို တွေ့ရပါသည်။ အိမ်ခြေ ၂၉၀ ကျော်ခန့်ရှိပြီး လူဦးရေ ၂,၂၀၀ ကျော် နေထိုင်ပါသည်။

ပန်ပက်ကျေးရွာသည် ကယန်း/ ပဒေါင် လူမျိုးများ အဓိက နေထိုင်ရာရွာဖြစ်ပြီး ၎င်းလူမျိုးစုများ၏ ဝတ်စားဆင်ယင်မှု ပုံစံ၊ ရိုးရာဓလေ့ နှင့် ကိုးကွယ်မှုများက နိုင်ငံခြားသား ဧည့်သည်များကို ဆွဲဆောင်နိုင်သော အရာများ ဖြစ်ပါသည်။ ပန်ပက်ကျေးရွာ ခရီးစဉ် အနေဖြင့် လက်ရှိတွင် နေ့ဝက်နှင့် တစ်နေ့တာ ခရီးများကို Trekking လျှောက်ပြီး သွားနိုင်ပါသည်။ ကျေးရွာစိုက်ခင်းများ၊ သဘာဝတောတောင် အလှအပများနှင့် အထင်ကရနေရာများ လည်ပတ်ခြင်း၊ ရွာသားများ၏ နေထိုင်မှုပုံစံများကို လေ့လာခြင်း၊ လက်မှုပစ္စည်းများ ပြုလုပ်နေသည်ကို လေ့လာခြင်း၊ ကယန်းလူမျိုးများ၏ အစားအစာများ စားသောက်ပြီး ရိုးရာဂီတ ဖျော်ဖြေမှုများကို ခံစားခြင်း စသည်တို့ကို ပန်ပက်ကျေးရွာတွင် ခရီးသွားများ ပြုလုပ်နိုင်ပါသည်။ တိုင်းရင်းသားများ တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသော ကျေးရွာအမှတ်တံဆိပ်ဖြင့် ရောင်းချနိုင်သော ရက္ကန်းထည်များနှင့် ဝါးနှင့် ပြုလုပ်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်လျက် ရှိပါသည်။ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေး ကောင်းမွန်စွာ တိုးချဲ့ထုတ်လုပ်နိုင်မည်ဆိုပါက ပန်ပက်ကျေးရွာတွင် အလားအလာရှိသော အသေးစား စီးပွားရေး လုပ်ငန်းများ ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

ပုံ (၁၇) ပန်ပက်ကျေးရွာမှ ကယန်း/ ပဒေါင် လူမျိုးစုများ



## (၂) တနီးလာလဲ ကျေးရွာ

တနီးလာလဲ ကျေးရွာသည် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါကလော်ကျေးရွာအုပ်စု တွင် တည်ရှိပါသည်။ တနီးလာလဲကျေးရွာတွင် ကယားလူမျိုးအများစု နေထိုင်ကြပြီး ရိုးရာ ဝတ်စုံများကိုလည်း ဝတ်ဆင်ကာ နတ်ကိုးကွယ်သည့် ဓလေ့များ၊ တံခွန်တိုင်ပွဲတော်များကို လည်း နှစ်စဉ် ကျင်းပလေ့ ရှိပါသည်။ အိမ်ခြေ ၁၅၀ ကျော် ရှိပြီး လူဦးရေမှာ ၇၉၀ ကျော် ရှိသည်ကို တွေ့ရပါသည်။

တနီးလာလဲကျေးရွာတွင် ရွာသားများသည် တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စပါး၊ ပြောင်းကောက်နှင့် ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ ဝါးဖြင့် အခြေခံပြုလုပ်ကြသည့် ပလိုင်းများ၊ တောင်းများကို တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရာမှ ခရီးသွားဧည့်သည်များကို ရောင်းချနိုင်ရန်အတွက် ဆောင်ရွက်လျက် ရှိပါသည်။ ထိုလုပ်ငန်းမှာလည်း နိုင်ငံခြားဝင်ငွေ ရရှိနိုင်သော အလားအလာရှိသည့် အသေးစား လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ဝါးများကို ပိုမို ကြာရှည်ခံအောင် ပြုလုပ်နိုင်သည့် နည်းပညာများ လိုအပ်လျက် ရှိသည်ဟုလည်း သိရပါသည်။

ပုံ (၁၈) တနီလာလဲကျေးရွာမှ တခွန်တိုင်ပွဲတော်




ဓာတ်ပုံ- ဟိုတယ်နှင့်ခရီး ညွှန်ကြားမှု ဦးစီးဌာန၊ လွိုင်ကော်

## (၃) ဒေါတမကြီး ကျေးရွာ

ဒေါတမကြီး ကျေးရွာသည် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့၏ ၂၇ မိုင်အကွာတွင် တည်ရှိပါသည်။ ဒေါခူလီ၊ ဒေါအီလနှင့် ဒေါတမ စသည့် ကျေးရွာ (၃) ရွာ စုပေါင်း နေထိုင်ရာမှ ဒေါတမကြီးကျေးရွာဟု အမည်ဖြစ်လာခြင်း ဖြစ်ပါသည်။ ထိုကျေးရွာတွင် သက်ကြီး ကယားလူမျိုးများသည် ရိုးရာဝတ်စုံများကို ဝတ်ဆင်လျက် ရှိကြပြီး ရွာ၏ထူးခြားချက်မှာ ကျေးရွာရှိ စပါးများအား ကျေးရွာအပြင်ဘက်တွင် သီးသန့်အိမ်များ တည်ဆောက်၍ သိုလှောင် သိမ်းဆည်းထားသည့် ဓလေ့ပင် ဖြစ်ပါသည်။ ကျေးရွာရှိ နတ်ဆရာမှာ ဒေသခံလူထုတို့၏ ကိုးကွယ် ယုံကြည်မှုနှင့် ရွာ၏သမိုင်းကြောင်းကို ကောင်းမွန်စွာ ရှင်းလင်းပြောကြားပေးနိုင်သူ ဖြစ်သည့်အတွက် ခရီးသွားဧည့်သည်များ နှစ်သက်သည့် နေရာတစ်ခု ဖြစ်ပါသည်။

ပုံ (၁၉) ဒေါ်တမကြီး ကျေးရွာမှ ကယား လူမျိုးစုများ



ဓာတ်ပုံ- http://placesmap.net/

## (၄) ထေစို ကျေးရွာ

ထေစို ကျေးရွာသည် ဖရူဆိုမြို့နယ်တွင် တည်ရှိပါသည်။ ထေစိုကျေးရွာတွင် ကယော လူမျိုးများ နေထိုင်ကြပြီး ကျေးရွာတွင်းတွင် ဝါး၊ နီး စသည်ဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများ အသုံးပြုနေခြင်း၊ ရိုးရာတူရိယာ များကို ကောင်းစွာ တီးမှုတ်တတ်သူများ ကို တွေ့ရှိနိုင်သည့်အတွက် ယဉ်ကျေးမှု အမွေများကို ယနေ့တိုင် ထိန်းသိမ်းထားသည်ကို တွေ့နိုင်ပါသည်။ ထို့အပြင် လက်ရက်ကန်းယက်သူများ၊ စပါးထောင်းသူများကို စိတ်ဝင်စားစရာ တစ်ခုအဖြစ် ပါဝင်လေ့လာနိုင်ပါသည်။ စိတ်ဝင်စားစရာ ကောင်းသော သဘာဝတောတောင် ရှုခင်းများနှင့် ကြည်နူးစရာမြင်ကွင်းများနှင့် အတူ တောင်တက်ခရီးကို လည်ပတ်နိုင်ပါသည်။ ရိုးရာအစား အစာများကိုလည်း သုံးဆောင်နိုင်ကြောင်း တွေ့ရပါသည်။

ပုံ (၂၀) ထေခိုကျေးရွာမှ ကယား လူမျိုးစုများ



ဓါတ်ပုံ- ဟိုတယ်နှင့်ခရီး သွန်ကြားမှု ဦးစီးဌာန၊ လွိုင်ကော်

**ကယားပြည်နယ် တွင် သွားရောက်လည်ပတ်နိုင်သောနေရာများ**

ကယားပြည်နယ်အတွင်း သွားရောက် လည်ပတ်နိုင်သည့် နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*ဇယား ၃၉- ကယားပြည်နယ် တွင် သွားရောက်လည်ပတ်နိုင်သောနေရာများ*

| စဉ် | သွားရောက် လည်ပတ်နိုင်သည့်နေရာ | တည်ရှိရာနေရာ | လွိုင်ကော်မြို့မှ အကွာအဝေး |
|---|---|---|---|
| ၁။ | တောင်ကွဲစေတီ | လွိုင်ကော်မြို့ | |
| ၂။ | မြို့နမ်စေတီ | လွိုင်ကော်မြို့ | |
| ၃။ | Christ The King Church | လွိုင်ကော်မြို့ | |
| ၄။ | ထီးစဲခါးရေတံခွန် | လွိုင်ကော်မြို့နယ် | ၁၆ မိုင် ၂ ဖာလုံ |
| ၅။ | အောင်သပြေဂူ | လွိုင်ကော်မြို့နယ် | ၇ မိုင် |
| ၆။ | လွယ်တမူဂူ | လွိုင်ကော်မြို့နယ် | ၃ မိုင် ၂ ဖာလုံ |
| ၇။ | တောင်သုံးလုံးဘုရားတောင် | လွိုင်ကော်မြို့နယ် | ၃ မိုင် ၅ ဖာလုံ |
| ၈။ | ကြွတ်ဂူ | လွိုင်ကော်မြို့နယ် | ၁၁ မိုင် |
| ၉။ | လောပိတ ရေတံခွန် | ဒီးမော့ဆိုမြို့နယ် | ၁၁ မိုင် ၄ ဖာလုံ |
| ၁၀။ | ကိန္နရဝတီ ဟော်နန်း | ဒီးမော့ဆိုမြို့နယ် | ၂၂ မိုင် ၅ ဖာလုံ |
| ၁၁။ | လွိုင်နန့်ဖတောင် | ဒီးမော့ဆိုမြို့နယ် | ၂၂ မိုင် ၅ ဖာလုံ |
| ၁၂။ | ဆင်တောင် | ဒီးမော့ဆိုမြို့နယ် | ၂၆ မိုင် ၄ ဖာလုံ |
| ၁၃။ | ငွေတောင်ဆည် | ဒီးမော့ဆိုမြို့နယ် | ၁၁ မိုင် |
| ၁၄။ | ထီးပွင့်ကန် | ဒီးမော့ဆိုမြို့နယ် | ၁၃ မိုင် ၃ ဖာလုံ |
| ၁၅။ | တနီးလာလဲကျေးရွာ (ကယား) | ဒီးမော့ဆိုမြို့နယ် | ၁၆ မိုင် ၄ ဖာလုံ |
| ၁၆။ | ကန်စုနစ်ဆင့် | ဒီးမော့ဆိုမြို့နယ် | ၁၈ မိုင် |
| ၁၇။ | ပန်ပက်ကျေးရွာအုပ်စု (ကယန်း) | ဒီးမော့ဆိုမြို့နယ် | ၂၆ မိုင် ၁ ဖာလုံ |
| ၁၈။ | ထီးပရူးနဂူ | ဖရူဆိုမြို့နယ် | ၂၄ မိုင် ၁ ဖာလုံ |
| ၁၉။ | ထေခိုကျေးရွာ (ကယော) | ဖရူဆိုမြို့နယ် | ၄၂ မိုင် |
| ၂၀။ | ဒေါ်တမကြီး (ကယား) | ဖရူဆိုမြို့နယ် | ၃၇ မိုင် |

**သီရိမင်္ဂလာတောင်ကွဲစေတီ**

လွိုင်ကော်မြို့အတွင်းရှိ သီရိမင်္ဂလာတောင်ကွဲစေတီတော်သည် အမြင့်ပေ (၃၈၇) ပေရှိသော တောင်ကုန်းပေါ်တွင် တည်ရှိပြီး ဤတောင်ကုန်းတွင် သဘာဝထုံးကျောက်တောင် ကိုးလုံး သီးခြားစွာ ရှိသည်။ ထိုကွဲနေသည့် တောင်ကွဲ များ ပေါ်တွင် ပြည်လုံးချမ်းသာ၊ ရွှေယပ်တောင်၊ ရွှေရင်အေး၊ ရွှေပြည်အေး၊ ဆုတောင်းပြည့်၊ အောင်တော်မူ၊ ကျောက်သမ္ဘာန်၊ အထက်ကျိုက်ထီးရိုး၊ အောက်ကျိုက်ထီးရိုး အမည်ရသည့် စေတီငယ်လေးများကို တည်ထားသည်။ ယင်းတောင်ကုန်းသည် လွန်ခဲ့သော Middle Permian နှစ်သန်းပေါင်း ၂၇၂ မှ ၂၅၉ အတွင်း ကုန်းမြေမြင့်တက်မှုဖြစ်စဉ်ကြောင့် ပေါ်ပေါက်လာခဲ့သည်။ သဏ္ဍာကျောက်တန်း အသေးစားဖြင့် ဖွဲ့စည်းထားသည့် တောင်ကုန်းများ ဖြစ်သည်။ ကယားပြည်နယ်သို့ လာရောက်ကြသည့် ပြည်တွင်း ပြည်ပ ခရီးသွား ဧည့်သည်များအားလုံး တောင်ကွဲ စေတီသို့ လာရောက်လည်ပတ်ကြပြီး ကယားပြည်နယ်၏ Land Mark တစ်ခုလည်းဖြစ်ပါသည်။ တောင်ကွဲစေတီပေါ်သို့ ဓာတ်လှေကားဖြင့် လည်းကောင်း၊ ခြေလျင်ဖြင့် လည်းကောင်း တက်ရောက်နိုင်ပါသည်။

***ပုံ (၂၁) သီရိမင်္ဂလာတောင်ကွဲစေတီ***



## မြို့နာမ်စေတီတော်

မြို့နာမ်စေတီတော်နေရာသည် အလောင်းမင်းတရားကြီး ယိုးဒယားသို့ စစ်ချီရာ၌ အောင်မြေသဲပုံစေတီတစ်ဆူ တည်ခဲ့ဖူးသော နေရာဖြစ်ပါသည်။ ၁၈၇၃ ခုနှစ်တွင် မင်းတုန်းမင်း၏ စစ်ကဲစစ်မှူးများနှင့် နယ်ခြားစောင့်တပ်များက သဲပုံစေတီကို ငုံ၍ ကိုးတောင်ပြည့် စေတီအဖြစ် တည်ထားပြီး "မဟာအောင်မြေ ရွှေစေတီ" ဟုသမုတ်ခဲ့သည်။ ယခင်က "ရွာနာမ်စေတီ" ဟု ခေါ်ဝေါ်ခဲ့ကြသည်။ လွိုင်ကော်မြို့အဖြစ် တိုးတက်ပြောင်းလဲလာသောအခါ "မြို့နာမ်စေတီ" ဟု တွင်ခဲ့သည်။

*ပုံ (၂၂) မြို့နာမ်စေတီ*



*ဓာတ်မြစ်- ဟိုတယ်နှင့်ခရီး ညွှန်ကြားမှု ဦးစီးဌာန၊ လွိုင်ကော်*

## ကြတ်ဂူ

လွိုင်ကော်မြို့ အရှေ့ဘက် (၁၀) မိုင်အကွာတွင် ပင်လယ်ရေမျက်နှာပြင်အထက် (၂,၉၉၀) ပေ တွင် ရှိသော ထုံးကျောက် (Limestone) ဒိုလိုမိုက်ကျောက် (Dolomite) များဖြင့် ဖွဲ့စည်းထားသည့် သဘာဝလိုဏ်ဂူ တစ်ခုရှိသည်။ ကယားဘာသာစကားဖြင့် ရာစုကု ဟုခေါ်သော ကြတ်ဂူ ဖြစ်သည်။ ဂူအတွင်း၌ အရှည်ဆုံး (၁၅) ပေ၊ အတိုဆုံး (၂) ပေခန့်ရှိသော သစ်လုံးထွင်း သစ်သားခေါင်းတလားများ ရှိသည်။ အချို့ကို ပေ၂၀၊ ၃၀မြင့်သော ဂူမျက်နှာကျက်၌ တွေ့ရသည်။ လွန်ခဲ့သော နှစ် (၇၀)ခန့်က

ဂူအတွင်းရောက်ဖူးသူများသည် ခေါင်းအတွင်း အရိုးစုများ တွေ့ရသည်ဟု ဆိုကြသည်။ ယခုအခါ၌ အရိုးစုများ မတွေ့ရတော့ဘဲ ယင်းဂူသည် ကယားပြည်နယ်၏ ယုံကြည်မှုဆိုင်ရာ ညွှန်းဆိုသည့် မြန်မာနိုင်ငံ၌ တစ်ခုတည်းသာရှိသော သဘာဝဂူ ဖြစ်ပါသည်။

*ပုံ (၂၃) ကြက်ဂူ*



*ဓာတ်ပုံ- ဟိုတယ်နှင့်ခရီး ညွှန်ကြားမှု ဦးစီးဌာန၊ လွိုင်ကော်*

**ထီးပွင့်ကန်**

လွိုင်ကော်မြို့ အရှေ့တောင်ဘက် (၁၁) မိုင်ကျော်အကွာ ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ အုပ်စုဝင် ဒေါတလိုဂူရွာ အနီးရှိ ထီးပွင့်ကန်သည် ကိန္နရီညီအစ်မ (၇) ဖော် ရေကစားသည့် ဘုတ်တလုပ်ကန် ဖြစ်သည်ဟု အစဉ်အလာ ဆိုရိုးများ ရှိခဲ့သည်။ ကန်တော်မှာ အလျား (၂၂၇) ပေ၊ အနံ (၁၁၅)ပေ အကျယ်ရှိသည်။ ဘူမိဗေဒသဘောအရ အပေါ်ယံမြေဆီလွှာတွင် ဇီဝဖြစ်စဉ် ပြောင်းလဲမှုများကြောင့် ဇီဝဓာတ်ငွေ့များ ထွက်လာရာမှ ဖြစ်ပေါ်လာသော "ရွှံ့မီးတောင် အသေးစား" ဖြစ်သည်။ mudstone (ရွှံ့ကျောက်)၊ Sandy mudstone (သဲဆန်သော ရွှံ့ကျောက်) စသည့် နုံးတင်မြေနု အမျိုးအစားများ ဖြစ်သည်။ ယင်းရေကန်အတွင်းမှ သဲနုံမြေများ ထီးပွင့်ပုံသဏ္ဍာန် ဖြာထွက်လာခြင်းကြောင့် ထီးပွင့်ကန်ဟု ခေါ်ကြသည်။ လပြည့်လကွယ်ရက်များ၊ ကန်တွင် ရေနည်းနေသည့် အခါမျိုးတွင် ထီးပွင့်ပုံသဏ္ဍာန်များ ပိုမိုတွေ့ရသည်။ ထီးပွင့်ကန် အနီးတွင် ကယားလူမျိုးတို့ အမြတ်တနိုးထားသော တံခွန်တိုင် စိုက်ထူထားခြင်းကို ယနေ့တိုင် တွေ့နိုင်ပါသည်။

**ကန်ခုနစ်ဆင့်**

လွိုင်ကော်မြို့ အရှေ့တောင်ဘက် (၁၄)မိုင်ခန့် အကွာ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဒေါတဂူရွာနှင့် တနီးလာလဲရွာ၏ အရှေ့ဘက်တွင် ရှိသော ရေကန်များ ဖြစ်သည်။ ယင်းရေကန်များသည် လွိုင်ကော်မြို့ အနောက်ဘက် ကျောက်ကြမ်းပြတ်ရွေ့ကြောင့် ဖြစ်ပေါ်လာပြီး သက်တမ်းမှာ Middle Permian ဖြစ်ပြီး ထုံးကျောက် (Limestone)၊ ဒိုလိုမိုက်ကျောက် (Dolomite) တို့ဖြင့် ဖွဲ့စည်းထားသည်။ ဆိုရိုးများအရ ကိန္နရီညီအစ်မ ခုနစ်ဖော် ရေကစားရာ ရေကန်များ ဖြစ်သည်။ကယားပြည်နယ်အတွင်း ခရီးသွားဧည့်သည်များ အဆင်ပြေ ချောမွေ့စေရေးနှင့် ခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်၍ ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနမှ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရဌာနများထံ ဦးစားပေး ဆောင်ရွက်သင့်သည့် နေရာများအား တင်ပြထားခြင်း ရှိပါသည်။ ၎င်းတို့မှာ - ပြည်နယ်အတွင်း ခရီးသွား အများစု လည်ပတ်သည့် နေရာများနှင့် ကျေးရွာများတွင် အများသုံး သန့်စင်ခန်းများ၊ နားနေဆောင်များနှင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ပေးခြင်း၊ ကန်ခုနစ်ဆင့်တွင် ကန်ပတ်လမ်းများ အဆင့်မြှင့်တင်ပေးခြင်းနှင့် ကန်တိုင်းတွင် အမှတ်စဉ်များ တပ်ထားပေးခြင်း၊ trekking လမ်းကြောင်းနှင့် view point နေရာများ တည်ဆောက်ပေးခြင်း၊ ငွေတောင်ဆည်တွင် အပန်းဖြေ စက်ဘီးစီးခြင်း၊ ဆင်စီးခြင်း၊ လက်လှေလှော်ခြင်းများ ပြုလုပ်နိုင်ရန် ထားရှိခြင်းနှင့် ဈေးဆိုင်များ စနစ်တကျဖြစ်ရန် စီမံခြင်း စသည်တို့ကို ဦးစားပေး (၁) အနေဖြင့် တင်ပြထားရှိကြောင်း သိရှိရပါသည်။ ဦးစားပေး နံပါတ် (၂) အနေဖြင့် ဆောင်ရွက်သင့်သည်များမှာ လမ်းညွှန်ဆိုင်းဘုတ်များအား မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသား ဖော်ပြထားရှိခြင်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေသော ကျေးရွာများတွင် သန့်စင်ခန်းများ လုံလောက်စွာ တည်ဆောက်ပေးခြင်းနှင့် ရွာအဝင်လမ်းများအား စနစ်တကျ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်သင့်ကြောင်း တင်ပြထားရှိသည်ကို တွေ့ရပါသည်။

## ၂.၉.၂ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကဏ္ဍအတွက် လိုအပ်ချက်များ

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန မှ နှစ်စဉ်(၂-၃)ကြိမ်ခန့် ကျွမ်းကျင်ဆရာများဖြင့် လိုအပ်သော သင်တန်းများပေးလျက် ရှိပါသည်။ သို့သော်လည်း ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်းများ တိုးတက်လာပြီဖြစ်သဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ၏ ဖွဲ့စည်းပုံကို တိုးချဲ့ ရန်လိုအပ်လျက်ရှိပါသည်။ ဟိုတယ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အတွက် ကယားပြည်နယ်တွင် ဝန်ထမ်းရှားပါးသည်ဟု သိရပါသည်။ ထိုကြောင့် ကျွမ်းကျင်ဝန်ထမ်းများ ကို မွေးထုတ်ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အခက်အခဲများ ရှိနေပါသည်။ House Keeping အနေဖြင့် အလယ်တန်းအောင်အဆင့်လုပ်၍ရသော်လည်း Front Office (FO) အနေဖြင့် အထက်တန်း

အောင်ရမည်ဆိုသည့် ကန့်သတ်ချက် ဖြစ်နေသည်ဟု သိရပါသည်။ ပညာအရည်အချင်း ကန့်သတ်ချက် အနည်းငယ်ဖြေလျှော့ပေးပါက ဘာသာစကားသင်တန်း (ထိုင်း၊ အင်္ဂလိပ်) ပေးရန် လိုအပ်လျက်ရှိပါသည်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ပြီးပြန် လာသည့် သူများမှာ ထိုင်းဘာသာစကား ကျွမ်းကျင်ကြပြီး၊ ခရစ်ယာန် ဘာသာဝင်များမှာ အင်္ဂလိပ်ဘာသာကျွမ်းကျင်သူများရှိကြသည်။ ယင်းလူငယ်များကို ဧည့်လမ်းညွှန်သင်တန်းများ ပေး၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော်လည်း ဧည့်လမ်းညွှန်သင်တန်း သားများသည် အနည်းဆုံး (၁၀)တန်းအောင်ရမည်ဆိုသည့် ကန့်သတ်ချက်ရှိနေသည့်အတွက် မဆောင်ရွက်နိုင်ကြောင်း သိရပါသည်။ ခရီးသွားရာသီချိန်က စက်တင်ဘာလ မှ ဖေဖော်ဝါရီလ အထိကာလများတွင် ခရီးသွား ဧည့်လမ်းညွှန်များ လုံလောက်မှု မရှိသည့်အတွက် ယင်းကန့်သတ်ချက်များကို ဖြေလျှော့ပေးပါက ဒေသတွင်းမှ လူငယ်များအား သင်တန်းများပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သကဲ့သို့ လိုအပ်သည့် ခရီးသွားဧည့်လမ်းညွှန်များ ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

## ၂.၉.၃ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း

ကယားပြည်နယ်သည် ဟိုတယ်နှင့် ခရီးသွားလာရေး ကဏ္ဍတွင် အလားအလာကောင်းများကို အခြေခံကာ ရှေ့သို့လှမ်းမည့် ခရီးသွားယဉ်ရားအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်လာနေပြီ ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ဒေသတွင်းရှိ အဖိုးတန် ယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသား ဒေသခံများ၏ ရိုးရာထိန်းသိမ်းမှုများအပေါ် အခြေပြုသော စီးပွားရေး လုပ်ငန်းဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အခြေခံ အဆောက် အအုံများ ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ဟိုတယ် နှင့် စားသောက်ဆိုင်များ အပြင် ဒေသထွက် အမှတ်တရ ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းများ အသင့်ဖြစ်နေရန် လိုအပ်ပါသည်။

ကယားပြည်နယ် လွိုင်ကော်မြို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းအား ၂၀၁၃ ခုနှစ် တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေးဆွဲထားကြောင်း သိရပါသည်။ အဆိုပါ စီမံကိန်းတွင် ဟိုတယ်ဇုန်စီမံကိန်းကိုလည်း ထည့်သွင်း ရေးဆွဲထားကြောင်း သိရပြီး ယင်းစီမံကိန်း အကောင်အထည် ဖော်ပါက ဟိုတယ်ဇုန်အတွက် မြေဧက ၄၇.၅ ဧကရရှိမည် ဖြစ်ပါသည်။ ယင်းနေရာတွင် ဟိုတယ်များ ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိပါသည်။

ကယားပြည်နယ်သည် ကမ္ဘာလှည့်ခရီးသွားများအတွက် လေ့လာစရာ သဘာဝ လိုဏ်ဂူများနှင့် သဘာဝတောတောင် အလှအပ အမျိုးမျိုးရှိပါသည်။ ကယားတိုင်းရင်းသားများ ရိုးရာမပျက် ကျင်းပကြသော ပွဲတော်များကိုလည်း လေ့လာနိုင်ပါသည်။ ၎င်းတို့မှာ (၁) ကေထိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲ

(၂) အဲဒူ (ခေါ်) ကောက်ညှင်းထုပ်ပွဲ (၃) ကေ့ (ခေါ်) တောကောင်လိုက်ပွဲ နှင့် (၄) အိမ်သစ်တက်ပွဲ တို့ဖြစ်ကြပါသည်။

မိုးပြဲဆည် ရေတံခါးဖွင့်လှစ်ပြီးပါက အင်းလေးဒေသမှ လွိုင်ကော်မြို့အထိ စက်လှေများဖြင့် ဘီလူးချောင်းမှ လာရောက်နိုင်တော့မည် ဖြစ်ပြီး ခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စား ဖွယ်ရာ လမ်းကြောင်းတစ်ခုအဖြစ် ပေါ်ထွန်းလာမည် ဖြစ်ပါသည်။ သဘာဝ အခြေခံ ခရီးသွား လုပ်ငန်းနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများစွာ ရှိနေပြီး ခရီးစဉ် အများစုသည် သဘာဝအတိုင်း လုံးဝ မပျက်စီးသေးဘဲ ရှိနေသည်ကို တွေ့ရပါသည်။ လူထုအကျိုးပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်သည့် ကျေးရွာများစွာ ရှိပါသည်။ ကျေးရွာများ ထဲတွင် လက်ရှိ ခရီးသွားလုပ်ငန်းတွင် အထိုက်အလျောက် အောင်မြင်နေပြီး ITC မှ ရှာသားများအား သင်တန်းများ ပို့ချပေးလျက်ရှိသည့် ပန်ပက်ကျေးရွာနှင့် တနီးလာလဲ ကျေးရွာတို့သည် ပြည်နယ်အတွင်း လူထုအခြေပြုလုပ်ငန်းနှင့် ကျေးရွာထုတ်ကုန် အသေးစားလုပ်ငန်းများ အောင်မြင်နိုင်မှု အရှိဆုံးအခြေအနေတွင် တည်ရှိနေပါသည်။ ထိုကျေးရွာများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။

ကယားပြည်နယ် လွိုင်ကော်မြို့ ဘီလူးချောင်းတွင် ညနေအချိန် နေဝင်ဆည်းဆာအလှ ခံစားရင်း အပျော်စီးစက်လှေများဖြင့် ကယန်းတိုင်းရင်းသားများ၏ ရိုးရာဂီတများဖျော်ဖြေခြင်း ၊ အစားအသောက် ဘူဖေးများဖြင့် ညနေ(၆)နာရီမှ (၉)နာရီအထိ ခရီးသွားဝန်ဆောင်မှုပေးရန် စီမံကိန်းများရှိသည်ဟု သိရပါသည်။ 9 Generation ကုမ္ပဏီ လီမိတက်မှ ဘီလူးချောင်းအတွင်း ၁၀ ယောက်စီး စက်လှေများစီးပြီး သွားလာနိုင်ရန် စီစဉ်ပေးလျက်ရှိပါသည်။ စက်လှေခနွှန်းများအမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အစားအသောက်များ သုံးဆောင်လိုပါက မိမိအစီအစဉ်ဖြင့် ယူဆောင်လာနိုင် သို့ ကြိုတင်မှာယူထားပါက စီစဉ်ပေးကြောင်း သိရပါသည်။ ယူဆောင်လာသော စားသောက်ဖွယ်ရာများကိုလည်း အပိုဂန်ဆောင်မှု အနေဖြင့် လက်ခံပြင်ဆင်ပေးပါသည်။

ဘီလူးချောင်း အတွင်း စက်လှေစီးပြီး နံနက်ခင်းနေထွက်ချိန် နှင့် ညနေဆည်းဆာ၏ အလှကို ကြည့်ရှုခံစားနိုင်ပါသည်။

| | |
|---|---|
| (၁) နံနက်ခင်းနေထွက်ချိန် | ၅၀,၀၀၀ ကျပ် (နံနက်၆း၃၀ မှ ၈း၀၀ နာရီ) |
| (၂) ညနေဆည်းဆာချိန် | ၅၀,၀၀၀ ကျပ် ( ညနေ၄း၃၀ မှ ၆း၀၀နာရီ) |
| (၃) လွိုင်ကော်- မုံပြာ - လွိုင်ကော် | ၃၀,၀၀၀ ကျပ် ( ကြာချိန် - ၁နာရီ) |
| (၄) လွိုင်ကော်- ဘုရားဖြူ - လွိုင်ကော် | ၅၀,၀၀၀ ကျပ် (ကြာချိန် - ၃နာရီ) |

(၅) လွိုင်ကော်- မိုးဖြဲ - လွိုင်ကော်            ၁၀၀,၀၀၀ ကျပ် (ကြာချိန် - ၆နာရီ)

ထို့အပြင် အပျော်စီးရေယာဉ်စီးခြင်းဖြင့် သဘာဝအလှများကို ခံစားနိုင်ပြီး အလှဓာတ်ပုံများရိုက်ကူးခြင်း၊ မိသားစု သို့မဟုတ် သူငယ်ချင်းအဖွဲ့လိုက်စီးခြင်း၊ မွေးနေ့ပွဲများ၊ မင်္ဂလာနှစ်ပတ်လည်အမှတ်တရ ကျင်းပခြင်း၊ စားသောက်ဆိုင်များနှင့်ချိတ်ဆက်၍ နံနက်စာ၊ နေ့လည်စာ၊ ညစာ များ လည်းစီစဉ်ပေးပါသည်။

*ပုံ (၂၄) ဘီလူးချောင်းအတွင်း ၁၀ ယောက်စီး စက်လှေများ*



ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ရှိနေရင်း သဘာဝပတ်ဝန်းကျင်မထိခိုက်ရန်နှင့် ကာလရှည်ကြာစွာ ထိန်းသိမ်းလာခဲ့သော တိုင်းရင်းသားယဉ်ကျေးမှုကို မထိခိုက်အောင် ထိန်းသိမ်းဖော်ဆောင်ရန် အလွန်အရေးကြီးပါသည်။

## ၂.၁၀ အလုပ်သမား

ကယားပြည်နယ်တွင် အလုပ်သမားများလုပ်ကိုင်လျက်ရှိသည့် အဖွဲ့အစည်းပုံစံ (၃)မျိုး ရှိပါ သည်။ ၄င်းတို့မှာ အစိုးရရုံးဌာနနှင့် အဖွဲ့အစည်းများ၊ သမဝါယမရုံးဌာနနှင့် အဖွဲ့ အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတို့ ဖြစ်ကြပါသည်။ ကယားပြည်နယ်ရှိ လုပ်ငန်းပေါင်း ၂,၂၈၆ ခု တွင် အလုပ်သမားပေါင်း ၈၇,၁၃၆ ဦး လုပ်ကိုင်လျက် ရှိကြပါသည်။ လွိုင်ကော်ခရိုင်အတွင်းတွင် နိုင်ငံခြားဖက်စပ်လုပ်ငန်း (၁)ခု ရှိပြီး လုပ်သားပေါင်း ၃၃ ဦးရှိသည်ဟုသိရပါသည်။ ကယားပြည်နယ်သို့ အခြားပြည်နယ် နှင့် တိုင်းဒေသကြီးများဖြစ်သည့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း စသည့်ဒေသများမှ လုပ်သားများစွာ လာရောက်လုပ်ကိုင်နေကြသည်ဟုသိရပါသည်။

ကယားပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ နည်းသောကြောင့် အလုပ်ရှင် နှင့် အလုပ်သမား ပြဿနာများ မရှိသည်ကို တွေ့ရပါသည်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်ချက် တိတိကျကျ မရှိဘဲ အများစုမှာ အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူချက်ဖြင့် လုပ်ခလစာနှုန်းထားအား သတ်မှတ်ကြသည် ကို တွေ့ရပါသည်။ လတ်တလော ကယားတွင် ဟိုတယ်၊ တည်းခိုခန်း စသည်ဖြင့် အခြေခံ အဆောက်အဦ ဆောက်လုပ်မှု များလာသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ လာသည်ကို တွေ့ရပါသည်။

*ဇယား ၄၇ - ကယားပြည်နယ်ရှိ အလုပ်သမားများ၏ အရေအတွက်ကိုအဖွဲ့အစည်းနှင့် လုပ်ကိုင်မှုပုံစံ အလိုက်တင်ပြခြင်း*

| စဉ် | ပိုင်ဆိုင်မှု ကဏ္ဍ | အလုပ်ဌာန ဦးရေ | အလုပ်သမား အရေအတွက် | | | | | | စုစုပေါင်း အလုပ်သမား | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | လခစား | | | နေ့စား/ပုတ်ပြတ် | | | | | |
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | နိုင်ငံပိုင် | ၈၂၆ | ၃၂၇၅ | ၆၁၈၆ | ၉၄၆၁ | ၃၉၉ | ၅၅၂ | ၉၅၁ | ၃၆၇၄ | ၆၇၃၈ | ၁၀၄၁၂ |
| ၂ | သမပိုင် | ၁၁ | ၃ | ၁၈ | ၂၁ | ၂ | ၆ | ၈ | ၅ | ၂၄ | ၂၉ |
| ၃ | ပုဂ္ဂလိက (နိုင်ငံသားပိုင်) | ၁၄၄၄ | ၁၇၀၇ | ၁၄၈၆ | ၃၁၉၃ | ၃၆၄ | ၁၁၈ | ၄၈၂ | ၂၀၇၁ | ၁၆၀၄ | ၃၆၇၅ |
| ၄ | ဖက်စက် (ပုဂ္ဂလိက + နိုင်ငံခြားသား) | ၂ | ၁၄ | ၂ | ၁၆ | ၁၃ | ၄ | ၁၇ | ၂၇ | ၆ | ၃၃ |
| ၅ | ဖက်စပ် (ပုဂ္ဂလိက + အစိုးရ) | ၃ | ၁၀၄ | ၄၂ | ၁၄၆ | | | | ၁၀၄ | ၄၂ | ၁၄၆ |
| | **စုစုပေါင်း** | **၂၂၈၆** | **၅၁၀၃** | **၇၇၃၄** | **၁၂၈၃၇** | **၇၇၈** | **၆၈၀** | **၁၄၅၈** | **၅၈၈၁** | **၈၄၁၄** | **၁၄၂၉၅** |
| ၆ | ကိုယ်တိုင်နှင့် ကျပန်း လုပ်သမား | | | | | ၃၈၀၆၂ | ၃၄၇၇၉ | ၇၂၈၄၁ | ၃၈၀၆၂ | ၃၄၇၇၉ | ၇၂၈၄၁ |
| | **စုစုပေါင်း** | **၂၂၈၆** | **၅၁၀၃** | **၇၇၃၄** | **၁၂၈၃၇** | **၃၈၈၄၀** | **၃၅၄၅၉** | **၇၄၂၉၉** | **၄၃၉၄၃** | **၄၃၁၉၃** | **၈၇၁၃၆** |

*ဇစ်မြစ် - ကယားပြည်နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန*

**အသက်မွေးဝမ်းကြောင်းလုပ်ငန်း သင်တန်းများ**

ကယားပြည်နယ် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနမှ အလုပ်သမားများအတွက် အသိပညာပေးခြင်းများကို ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တစ်လတွင် နှစ်ကြိမ် ဆောင်ရွက်ပေးခြင်းများ ရှိပါသည်။ ကယားပြည်နယ်တွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း၊ ဧည့်လမ်းညွှန်သင်တန်း၊ ဆောက်လုပ်ရေးနှင့် သက်ဆိုင်သော ပန်းရံ၊ လက်သမား၊ လျှပ်စစ်မီး သွယ်တန်းခြင်းနှင့် ပိုက်ဆက်သင်တန်း၊ ယာဉ်မောင်းစက်ပြင်သင်တန်း၊ မိုဘိုင်းဖုန်းပြုပြင်ရေး သင်တန်း၊ စက်ချုပ်သင်တန်း စသည့်သင်တန်းများ ပေးရန် လိုအပ်နေပါသည်။

ကယားပြည်နယ်အတွင်း အသက်မွေးဝမ်းကြောင်းလုပ်ငန်း သင်တန်းများပေးရာတွင် ဒေသတွင်း လူငယ်များ ၏ ပညာအရည်အချင်းကန့်သတ်ချက်များကြောင့် သင်တန်း ပေးရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေကြောင်း သိရပါသည်။ သင်တန်းတက်ရောက်ရန် အချိန်မပေးနိုင်ကြသည့်အတွက် သင်တန်းသားများ စရိတ်အချို့ပေးပြီး သင်တန်းတက် ရောက်ရန် စည်းရုံးဆောင်ရွက်နေရပါသည်။

အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနမှ အနာဂတ်လုပ်ဆောင်မှုများ အနေဖြင့် ဌာနအချင်းချင်း အလုပ်သမား လိုအပ်ချက်များ ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ နှစ်စဉ်လုပ်သားအင်အားများ ကောက်ယူပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ရန် လျာထားချက်များ ရှိကြောင်း သိရှိရပါသည်။ ကယားပြည်နယ်တွင် လုပ်သားအင်အား စစ်တမ်း (ပထမအကြိမ်) ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ စာရင်း ကောက်ယူလျက် ရှိကြောင်းလည်း တွေ့ရှိရပါသည်။

# ၃. နယ်စပ်ကုန်သွယ်ရေး

## ၃.၁ နယ်စပ်ကုန်သွယ်ရေးအခြေအနေ

ကယားပြည်နယ် ဧရိယာ ၏ အရှေ့ဘက်ပိုင်း တစ်ခုလုံးသည် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ခရိုင်နှင့် နယ်နမိတ် ချင်းထိစပ် လျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ နယ်စပ်ဂိတ် အနေဖြင့် နယ်စပ်ဂိတ် နံပါတ် (၉) မှ (၁၆) အထိ ပေါင်း (၈) ခုရှိသည်ဟုသိရပါသည်။ BP-11 နှင့် BP-14 ကို ယခင်က တရားမဝင် ကုန်သွယ်မှုများပြုလုပ်ရာတွင် အသုံးပြုခဲ့ကြပါသည်။ BP-11 သည် ရှာသစ် မြို့နယ်အနီးတွင်ရှိပြီး သံလွင်မြစ်ကို ဖြတ်ကျော်သွားရသည်ဟု သိရပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန မှ ဘောလခဲ ခရိုင်၊ မယ်စဲ့မြို့နယ် ရှိ BP-13 မယ်စဲ့ နယ်စပ် ကုန်သွယ်ရေး စခန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့ပြီး တရားဝင်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ မယ်စဲ့နယ်စပ် ကုန်သွယ်ရေး စခန်းသည် လွိုင်ကော်မြို့မှ ၁၀၉ မိုင် ကွာဝေးပြီး ၆ နာရီခန့်ကြာပါသည်။ BT-13 တွင် ဂိုထောင်များ တည်ဆောက်လျက်ရှိပြီး ထိုင်းနိုင်ငံမှ တင်သွင်း လာသည့် ကုန်ပစ္စည်းများကို သိုလှောင်ထားပြီး ကုန်ကားများဖြင့် အခြားဒေသများသို့ ဖြန့်ဖြူး ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီဌာန နယ်စပ်ကုန်သွယ်ရေးစခန်းကို မယ်စဲ့ မြို့တွင် ဖွင့်လှစ်ထားပြီး အပတ်စဉ် လိုင်စင်များ စစ်ဆေးပေးခြင်း၊ ပို့ကုန် လိုင်စင်များ စုံလင်မှု ရှိ/မရှိ စစ်ဆေးပေးခြင်းနှင့် အာဆီယံဒေသ အချင်းချင်း အခွန်သက်သာခွင့် စသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက် ရှိပါသည်။


မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စတင်ဖွင့်လှစ်ခဲ့သည့် အချိန်မှ စတင်၍ အဓိက တင်ပို့သည့် ကုန်ပစ္စည်းများ မှာ ဧရာသီးခြောက်နှင့် ကြက်သွန်ဖြူ ဖြစ်ပြီး ကြက်သွန်နီ တို့ အနည်းငယ် တင်ပို့မှု ရှိပါသည်။ သွင်းကုန်ပစ္စည်းများမှာ စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်ပစ္စည်း အစိတ်အပိုင်းအချို့ ဖြစ်ပါသည်။ စက်ယန္တရားကြီးများ တင်သွင်းခြင်းကို ခွင့်ပြုထားခြင်း မရှိကြောင်း သိရပါသည်။ သို့သော် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁.၀၂၄၄ ခန့် ရရှိခဲ့ရာမှ မယ်စဲ့ နယ်စပ် ကုန်သွယ်ရေး စတင် ဖွင့်လှစ်သည်မှ စ၍ ကုန်သွယ်မှု တန်ဖိုး တိုးတက်လာခဲ့ ပါသည်။ ၂၀၁၇-၁၈ခုနှစ် တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ သန်းကျော် ရှိမည်ဟု ရည်မှန်း ထားပါသည်။ တိုးတက်လာသော တန်ဖိုးကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

ဇယား ၄၁- ၂၀၁၇ ခုနှစ် စက်တင်ဘာလ မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလလယ် အထိ တင်ပို့ခဲ့သော ကုန်စည်များ၏ တန်ဖိုးများ

| စဉ် | ကုန်စည် | အလေးချိန် (တန်) | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| ၁ | ပြောင်း | ၂၅,၃၁၇ | ၆,၉၇၇ |
| ၂ | ဆန် (ရွှေရင်အေး/ တရုတ်မွှေး) | ၅,၃၂၄ | ၃,၁၉၉ |
| ၃ | နှမ်း | ၂,၈၄၁ | ၃,၄၆၆ |
| စုစုပေါင်း | | ၃၃,၄၈၂ | ၁၃,၆၄၂ |

ဖစ်မြစ် - ကုန်သွယ်ရေးဦးစီးဌာန

ပုံ (၂၅) ကယားပြည်နယ် နယ်စပ်ဂိတ်များ



# ၄. ကယားပြည်နယ် အတွင်းရှိ လုပ်ငန်းများ၏ အခြေအနေ အပေါ် လုပ်ငန်းရှင်များ၏ သဘောထားအမြင်များ

ကယားပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အား သိရှိနားလည်စေရန်နှင့် စီးပွားရေး အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်များမှ စီးပွားရေး လုပ်ငန်းပေါင်း ၄၉ ခုအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထို့အပြင် ဆက်စပ် အချက်အလက်များ ရရှိစေရန် အတွက် အဓိက သတင်းအချက်အလက်များ ရရှိနိုင်သည့် ပြည်နယ်အတွင်းရှိ ပြည်နယ် နှင့် ခရိုင် ဦးစီးဌာနများ မှ ဌာနဆိုင်ရာများ နှင့် ကယားပြည်နယ် စည်ပင်သာယာရေး ကော်မတီ၊ ကယားပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ အခြားစီးပွားရေး အသင်းအဖွဲ့များ နှင့် စက်မှု ရပ်ကွက် ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းမှုပေါင်း ၅၄ ခု ပြုလုပ်ခဲ့ပါသည်။

## ၄.၁ စစ်တမ်းကောက်ယူသည့် နည်းလမ်း

ပထမဦးစွာ မြန်မာစျေးကွက်သုတေသနနှင့် ဖွံ့ဖြိုးမှုလီမိတက် (MMRD) မှ သုတေသနအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများမှ ကောက်ယူထားရှိပြီးဖြစ်သည့် အချက်အလက်များကို သုံးသပ်၍ လေ့လာသင့်သည့် လုပ်ငန်းများကို ရွေးချယ်ပြီး လုပ်ငန်း စတင် တည်ထောင်ရန်နှင့် လုပ်ငန်းလည်ပတ်ရန် လိုအပ်သည့် စည်းမျဉ်း စည်းကမ်းများဆိုင်ရာ အချက်အလက်များကို စုဆောင်းပါသည်။
ဒုတိယအဆင့်အနေဖြင့် ရွေးချယ်ထားသည့် လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ ကုန်ပစ္စည်း ထုတ်လုပ်ရေး၊ အစားအသောက်ဆိုင်ရာ လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင် များအား ၎င်းတို့၏ ကုမ္ပဏီများ အကြောင်း၊ လုပ်ငန်း စတင်တည်ထောင် လုပ်ကိုင်မှု၊ လုပ်ငန်းလည်ပတ်ခြင်း၊ လုပ်ငန်း၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အလားအလာ၊ တွေ့ကြုံနေရသည့် အခက်အခဲ စသည်တို့ကို ကိုယ်တိုင်ကွင်းဆင်းလေ့လာ၍ လူတွေ့မေးမြန်းခဲ့ပါသည်။ ထိုသို့မေးမြန်း ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲရေးအဖွဲ့များ၊ ကုန်ထုတ်လုပ်ငန်းတွင် လက်တွေ့ပါဝင် ဆောင်ရွက်နေသူများနှင့် ဖြန့်ဖြူး ရောင်းချသူများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ကယားပြည်နယ်အတွင်းရှိ ကဏ္ဍကြီး ၄ခု ဖြစ်သော စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေး၊ စားသောက်ကုန်များ ပြုပြင်ထုတ်လုပ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးနှင့် အခြားသော လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုပေါင်း ၄၉ ခုကို ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်းလေ့လာခြင်းမှ ရရှိသည့် အချက်အလက်များအား ဖော်ထုတ်ရာတွင် အဓိက သတင်းပေးသူများ ဖြစ်သည့် အစိုးရဝန်ထမ်းများ နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများမှ ဖြေကြားပေးသည့် အရည်အသွေး

ဆိုင်ရာ အချက်အလက်များကို အသုံးပြု၍ ဖော်ထုတ်ပါသည်။ ၎င်းတွင်ပါဝင်သည့် အကြောင်းအရာများမှာ ကယားပြည်နယ် အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်၊ ကယားပြည်နယ်ရှိ စီးပွားရေး အခြေအနေနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ဖြစ်ကြပါသည်။

*ဇယား ၄၂ - အဓိကသတင်းပေးသူများ (အစိုးရအဖွဲ့ အရာထမ်းများနှင့် အသင်းအဖွဲ့များ) နှင့် တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည့် အခြေအနေ*

| စဉ် | ဖြေဆိုသူ အမျိုးအစား | လွိုင်ကော် ခရိုင် | ဘောလခဲ ခရိုင် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ပြည်နယ်၊ ခရိုင် နှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးများ | ၂ | ၅ | ၇ |
| | **ပြည်နယ်နှင့် ခရိုင်အဆင့် ဦးစီးဌာနများ** | | | |
| ၂ | စီမံကိန်းရေးဆွဲရေး ဦးစီးဌာန | ၁ | ၁ | ၂ |
| ၃ | စားသုံးသူရေးရာ ဦးစီးဌာန | ၁ | ၁ | ၂ |
| ၄ | စိုက်ပျိုးရေး ဦးစီးဌာန | ၁ | ၁ | ၂ |
| ၅ | ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန | ၁ | - | ၁ |
| ၆ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | ၂ | - | ၂ |
| ၇ | စက်မှုရပ်ကွက် စီမံခန့်ခွဲမှု ကော်မတီ | ၁ | - | ၁ |
| ၈ | အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန | ၁ | - | ၁ |
| ၉ | လျှပ်စစ်အင်ဂျင်နီယာရုံး | ၁ | ၁ | ၂ |
| ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (လွိုင်ကော် ရုံးခွဲ) | ၁ | - | ၁ |
| ၁၁ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၁ | ၁ | ၂ |
| ၁၂ | စည်ပင်သာယာရေး ကော်မတီ | ၁ | ၁ | ၂ |
| ၁၃ | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ၁ | - | ၁ |
| ၁၄ | သတ္တုတွင်းဦးစီးဌာန | ၂ | - | ၂ |
| ၁၅ | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန | ၁ | ၁ | ၂ |
| ၁၆ | ဗဟိုစာရင်းအင်း အဖွဲ့ | ၁ | | ၁ |
| ၁၇ | လမ်းဦးစီးဌာန | ၂ | ၁ | ၃ |
| ၁၈ | အခြား ဦးစီးဌာနများ | ၈ | ၅ | ၁၃ |
| | **အခြားသက်ဆိုင်ရာ အသင်းအဖွဲ့များ** | | | |
| ၁၉ | ကယားပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း | ၁ | - | ၁ |
| ၂၀ | ခရီးသွားလုပ်ငန်းရှင်များအသင်း | ၁ | - | ၁ |
| ၂၁ | ဟိုတယ်လုပ်ငန်းရှင်များအသင်း | ၁ | - | ၁ |
| ၂၂ | ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း | ၁ | - | ၁ |
| ၂၃ | အခြားအသင်းအဖွဲ့များ | ၃ | - | ၃ |
| | **စုစုပေါင်း** | **၃၆** | **၁၈** | **၅၄** |

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

*ဇယား ၄၃ - စီးပွားရေးလုပ်ငန်းများ အလိုက် နမူနာခွဲခြမ်းသတ်မှတ်ခြင်း*

| စဉ် | ဖြေဆိုသူ အမျိုးအစား | လွိုင်ကော် ခရိုင် | ဘောလခဲ ခရိုင် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | စိုက်ပျိုးရေးနှင့် ဆက်စပ် စီးပွားရေး လုပ်ငန်းများ | ၆ | ၉ | ၁၅ |
| ၂ | ထုတ်လုပ်ရေး လုပ်ငန်းများ | ၇ | ၃ | ၁၀ |
| ၃ | စားသောက်ကုန် ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းများ | ၆ | - | ၆ |
| ၄ | ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများ | ၅ | - | ၅ |
| ၅ | ဆောက်လုပ်ရေး လုပ်ငန်းများ | ၁ | ၄ | ၅ |
| ၆ | ကုန်သွယ်ရေး၊ထောက်ပံ့ပို့ဆောင်ရေး၊သိုလှောင်ရေး | ၂ | - | ၂ |
| ၇ | သတ္တုတူးဖော်ရေးလုပ်ငန်း | - | ၁ | ၁ |
| ၈ | အခြား | ၄ | ၁ | ၅ |
| | **စုစုပေါင်း** | **၃၁** | **၁၈** | **၄၉** |

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*


# ၄.၂ စီးပွားရေးလုပ်ငန်းများ ကိုလေ့လာခြင်း

တွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်းများမှာ လွိုင်ကော်ခရိုင်မှ ၆၃% နှင့် ဘောလခဲခရိုင်မှ ၃၇% ဖြစ်ပါသည်။ လုပ်ငန်းများ အားလုံး၏ ၉၄% နီးပါးအား ၎င်းတို့၏ ရုံးချုပ်ဌာနများတွင် မေးမြန်းခဲ့ပြီး ကျန် ၆%ကျော် မှာ ရုံးခွဲများနှင့် ယင်းတို့၏ စက်ရုံနေရာများတွင် မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်တွင် စက်မှုဇုန် မရှိဘဲ စက်မှုရပ်ကွက် အဆင့်သာ ရှိကြောင်း သိရပါသည်။ လေ့လာမေးမြန်းခဲ့သော လုပ်ငန်းပေါင်း ၄၉ခု တွင် ၄၈ခု မှာ မြန်မာနိုင်ငံသားပိုင်ဖြစ်ပြီး ၁ ခုမှာ နိုင်ငံခြားသားပိုင် လုပ်ငန်းဖြစ်၍ ထိုင်းနိုင်ငံမှ လာရောက်လုပ်ကိုင်သည့် CP တိရိစ္ဆာန်အစာ ထုတ်လုပ်ရောင်းချသည့် အရောင်းဆိုင်ခွဲ ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များအရ ပါဝင် ဖြေဆိုပေးခဲ့သော လုပ်ငန်းများအနက် ၉၂% သော လုပ်ငန်းများမှာ အမြဲတမ်း ဝန်ထမ်းအင်အား (၉၉) ဦး နှင့်အောက်သာရှိသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ [3] အဖြစ် ယူဆနိုင်ပါသည်။ ကျန် ၈% တွင် ဝန်ထမ်းပေါင်း ၁၀၀ ဦး နှင့်အထက် ခန့်အပ်ထားသဖြင့် အကြီးစားလုပ်ငန်းအဖြစ် သတ်မှတ်ပါသည်။ ကယားပြည်နယ်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်း များနေရခြင်းမှာ စီးပွားဖြစ် လုပ်ငန်းလုပ်ကိုင်သူ နည်းပါးပြီး မိသားစု တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင် စားသောက်သူ များပြားခြင်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် သီးနှံ ဖြစ်ထွန်းသည့် ရာသီချိန် ရောက်သောအခါမှ သီးနှံများ စိုက်ပျိုးရိတ်သိမ်းရန် နေ့စားများ ခေါ်ယူ ခန့်ထားခြင်းကြောင့် ဖြစ်ပါသည်။ အလတ်စားလုပ်ငန်းများတွင် အမြဲတမ်းဝန်ထမ်းမှာ အများဆုံး ၄၀ဦး အထိသာ ရှိသည်ကို တွေ့ရပါသည်။

[3] ယခုစစ်တမ်းတွင် အသုံးပြုထားသော အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် အဓိပ္ပာယ် သတ်မှတ်ချက်မှာ ကမ္ဘာ့ဘဏ်မှ စီးပွားရေးလုပ်ငန်းများကို စစ်တမ်းကောက်ယူရာတွင် အသုံးပြုသည့် စံနှုန်းအတိုင်း ကောက်ယူထားခြင်း ဖြစ်ပါသည်။ (ဝန်ထမ်း ၅ ဦးအောက် = မိုက်ခရို; ၅ ဦးမှ ၁၉ ဦးအတွင်း = အသေးစား; ၂၀ ဦးမှ ၉၉ ဦးအတွင်း = အလတ်စား; ၁၀၀ ဦးနှင့် အထက် = အကြီးစား)


*ပုံ (၂၆) လုပ်ငန်းများ၏အရွယ်အစား*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

လူတွေ့မေးမြန်းခဲ့သော လုပ်ငန်းများသည် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်း၊ ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချခြင်း လုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်း၊ ကုန်စည် ပို့ဆောင်ရေးနှင့် သိုလှောင်ရေး လုပ်ငန်းနှင့် သတ္တုတွင်း လုပ်ငန်း စသဖြင့် ပါဝင်ပါသည်။ အခြား ပညာရေး ဝန်ဆောင်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းလည်း အနည်းငယ်စီ ပါဝင်ပါသည်။ လုပ်ငန်းများ အနက် ၅၉% မှာ ထုတ်လုပ်မှုလုပ်ငန်း၊ ၃၉% မှာ ဝန်ဆောင်မှု လုပ်ငန်းနှင့် ကျန် ၂% မှာ ကုန်စည် ရောင်းဝယ်သည့် လုပ်ငန်းများ ဖြစ်ကြပါသည်။ ကယားပြည်နယ် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင် အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ နှင့် ချိတ်ဆက်၍ ကယားပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်း များအားလုံးကို လွှမ်းခြုံမိအောင် မေးမြန်းနိုင်ခဲ့ပါသည်။

*ပုံ (၂၇) ကဏ္ဍအလိုက် ပါဝင်သည့်လုပ်ငန်းများ*





*ဖစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၄.၃ လုပ်ငန်းစတင်တည်ထောင်လုပ်ကိုင်ခြင်း

လူတွေ့မေးမြန်းခဲ့သော လုပ်ငန်းများ အားလုံး၏ ၂၀%မှာ ကယားပြည်နယ်အတွင်းတွင် ဈေးကွက် ဝယ်လိုအား ရှိနေခြင်းကြောင့် လုပ်ငန်း စတင်တည်ထောင်ရန် ရွေးချယ်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။ ကယားပြည်နယ်သည် ယခင်က စီးပွားရေး လုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဒေသတွင်း လိုအပ်ချက်များ ရှိနေခဲ့ပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နှင့် အခြားဒေသများမှ ဝယ်ယူသုံးစွဲနေရမှုများ လျော့နည်းလာစေရန် ပြည်နယ်အတွင်း လုပ်ကိုင်လျက် မရှိသေးသော လုပ်ငန်းများကို စတင်တည်ထောင်လာကြခြင်း ဖြစ်ပါသည်။ မိဘများမှ လုပ်ကိုင်လာသော မိရိုးဖလာလုပ်ငန်းများ ဖြစ်သောကြောင့် ဆက်လက် လုပ်ကိုင်ကြသော လုပ်ငန်းရှင်များမှာလည်း ၁၈%ခန့် ရှိပါသည်။ ထိုလုပ်ငန်းအများစုမှာ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများ ဖြစ်ကြပါသည်။ စတင်တည်ထောင်စဉ်က လုပ်ငန်းတူများစွာ မရှိခြင်း၊ အခြား ပြည်တွင်း၊ ပြည်ပအတွေ့အကြုံ ရှိသူများက ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်လိုခြင်း၊ အနာဂတ်တွင် ဈေးကွက် အလားအလာ ကောင်းမည်ဟု ထင်မြင်ခြင်း၊ မိသားစု စားဝတ်နေရေးအရသော်လည်းကောင်း၊ ဝါသနာအရသော် လည်းကောင်း စီးပွားဖြစ် ကိုယ်ပိုင်လုပ်ငန်း လုပ်ရန် စသည့်ရည်ရွယ်ချက်များကြောင့် ကယားပြည်နယ်အတွင်း လုပ်ငန်းတည်ထောင်ရန် ရွေးချယ်ကြပါသည်။ စိုက်ပျိုးရေးဆက်စပ် လုပ်ငန်းများသည် လုပ်ငန်းစတင်တည်ထောင်ရန် ရွေးချယ်ရခြင်းမှာ ကုန်ကြမ်းများစွာ အလွယ်တကူ

ရရှိခြင်း၊ သီးနှံစိုက်ပျိုး ဖြစ်ထွန်းခြင်း နှင့် ဘိုးဘွားပိုင်မြေများ ရှိနေခြင်း စသည် တို့ကြောင့်ဖြစ်သည်ဟု ဖြေဆိုကြပါသည်။ မယ်စဲ့ဒေသမှ ထိုင်းနိုင်ငံသို့ ကုန်သွယ်နိုင်ခြင်းကြောင့် ကုန်သွယ်လုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်းများလည်း ရှိသည်ကို တွေ့ရပါသည်။


*ပုံ (၂၈) ကယားပြည်နယ်တွင် လုပ်ငန်းစတင်တည်ထောင်ရန် ရွေးချယ်ရသည့် အကြောင်းအရင်းများ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

ဖြေဆိုသူများအား လုပ်ငန်းစတင်တည်ထောင်ရေးနှင့် စပ်လျဉ်းသော အခြေအနေနှင့် လုပ်ငန်းစတင်ရန် လိုအပ်သော အရင်းအမြစ်များ လုံလောက်မှု ရှိ/မရှိကို ၁ မှ ၅ ဟူ၍ အဆင့်များ ခွဲခြားမေးမြန်းခဲ့ရာတွင် ၁(အလွန်ဆိုးရွား)၊ ၂(ဆိုးရွား)၊ ၃(သင့်)၊ ၄(ကောင်း)၊ ၅(အလွန်ကောင်း) စသဖြင့်အဆင့်များ ခွဲခြားသတ်မှတ် ဆောင်ရွက်ခဲ့ပါသည်။

*ပုံ (၂၉) လုပ်ငန်းတည်ထောင်ရာတွင် တွေ့ကြုံရသော အခက်အခဲများ*




၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း


*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

စီးပွားရေး လုပ်ငန်း တည်ထောင်မှုနှင့် ပက်သက်၍ ဆောင်ရွက်ချက်များကို မေးမြန်းရာတွင် ခွင့်ပြုမိန့်နှင့် ပါမစ်ဆိုင်ရာ မေးခွန်းများကို မဖြေဆိုနိုင်သူ ၁၂%၊ ဥပဒေဆိုင်ရာတွင် ၃၃%နှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာတွင် ၆၇% အထိ ဖြေဆိုနိုင်သူမရှိသည်ကို တွေ့ရပါသည်။ ခြုံငုံသုံးသပ်ရပါက ကယားပြည်နယ်ရှိ လုပ်ငန်းများအနေဖြင့် လုပ်ငန်းထူထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်မှု အားနည်းနေပြီး လုပ်ငန်း အတွေ့အကြုံ နည်းသော လုပ်ငန်းငယ် အများစုမှာ ဥပဒေကိစ္စရပ်ဆိုင်ရာ မေးခွန်းများကို မဖြေကြားနိုင်ကြသည်ကို တွေ့ရပါသည်။

လုပ်ထုံးလုပ်နည်းများကို နားလည် ဖြေဆိုနိုင်သူများမှ အချက်အလက်များ အရ ဘောလခဲခရိုင်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများမှာ ဆွဲဆောင်မှု အားနည်းကြောင်း သိရှိရပါသည်။ သို့သော် စီးပွားရေး လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ အစိုးရထံမှ ခွင့်ပြုမိန့်များ ရယူခြင်း၊ အစိုးရဌာနများမှ လုပ်ငန်းများ တည်ထောင်ခြင်းအတွက် ဝန်ဆောင်မှုပေးခြင်းများတွင် မြန်ဆန် ကောင်းမွန်လျက် ရှိသည်ကို တွေ့ရပါသည်။ သတင်းအချက်အလက်များကို မိတ်ဆွေလုပ်ငန်းရှင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများမှ ရရှိသည်ကို တွေ့ရပါသည်။ ခွင့်ပြုမိန့်နှင့် ပါမစ်များမှာ ဌာနဆိုင်ရာများမှ ကူညီပေးမှုကြောင့် အလွယ်တကူ ရရှိကြောင်း သိရှိရပါသည်။ အစိုးရဌာနများမှာ ငြိမ်းချမ်းရေး စတင်ရရှိစဉ်တွင် ပံ့ပိုးမှုများ မရရှိခဲ့သော်လည်း အေးချမ်းလာသည့် နောက်ပိုင်းတွင် များစွာ

ကူညီထောက်ပံ့မှုများ ရရှိလာသည်ဟု ဖြေကြားကြပါသည်။ ဒေသတွင်းမှ သွင်းအားစုများ ရရှိမှု အခြေအနေကို မေးမြန်းရာတွင် အချို့လုပ်ငန်းများမှာ မန္တလေးနှင့် ရန်ကုန်မှ သွင်းအားစုနှင့် ကုန်ကြမ်းများ ရရှိကြပါသည်။ ကျွမ်းကျင် လုပ်သားရရှိရန် အခက်အခဲရှိသော်လည်း အများစုမှာ လိုအပ်သော သွင်းအားစုများကို လွိုင်ကော်မြို့မှ လုံလောက်စွာ ရရှိကြောင်း ဖြေကြားခဲ့ကြပါသည်။

*ပုံ (၃၀) လုပ်ငန်းများ စတင် တည်ထောင်လုပ်ကိုင်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

ဖြေဆိုသူအားလုံး၏ ၆% မှာ လုပ်ငန်းထူထောင်ရာတွင် အခက်အခဲတစ်စုံ တစ်ရာမရှိကြောင်း ဖြေကြားခဲ့ပါသည်။ ကျန်လုပ်ငန်းရှင်များမှ ကြုံတွေ့ရသော အခက်အခဲများအနက် ၈၅%မှာ ကျွမ်းကျင်လုပ်သား ရှားပါးမှု ဖြစ်ပါသည်။ အထွေထွေ လုပ်သား ရရှိရန် မခက်ခဲသော်လည်း ကျွမ်းကျင် လုပ်သားများကို ပြည်နယ်အတွင်းမှ ရရှိရန် ခက်ခဲကြောင်း သိရပါသည်။ ဘောလခဲခရိုင်အတွင်းရှိ လုပ်ငန်း အများစုမှာ လုပ်သားလိုအပ်ပါက လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ ခေါ်ယူရသဖြင့် အနည်းငယ် အခက်အခဲရှိသည်ဟု ပြောကြားကြပါသည်။ သို့သော် လုပ်ငန်းခွင် လုပ်ကိုင်ရင်းဖြင့် သင်ကြားပြသပေးမှုများ ရှိခြင်းနှင့် အခြားဒေသမှ လာရောက်လုပ်ကိုင်သူ များပြားလာခြင်းတို့ကြောင့် လုပ်ငန်းတွင် အများအပြား ထိခိုက်ခြင်း မရှိကြောင်း သိရပါသည်။

ဈေးကွက်ရရှိမှု အပေါ်လေ့လာရာတွင် ကုန်စည်များကို ပြည်တွင်းအနေဖြင့် ကယားဒေသတွင်း၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ရှမ်းပြည်နယ်များသို့ တင်ပို့မှုများရှိသော လုပ်ငန်းများ အနေဖြင့် ဈေးကွက်ရှာဖွေရာတွင် ခက်ခဲမှုများစွာ မရှိသော်လည်း နှမ်းစိုက်တောင်သူများနှင့် နှမ်းကုန်သည် များမှာ တရုတ်ဈေးကွက် တစ်ခုတည်းကိုသာ မှီခိုနေရသည့်အတွက် ဈေးကွက် အကန့်အသတ်ဖြစ်နေသည့် အနေအထားတွင် ရှိပါသည်။ ကယားပြည်နယ်အတွင်းတွင် ရာသီဥတု ကောင်းမွန်၍ စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများရှိသော်လည်း ၎င်းတို့အတွက် ဈေးကွက်ရှာဖွေရာတွင် အခက်အခဲရှိနေသည်ဟု လုပ်ငန်းရှင်များက ဖြေဆိုကြပါသည်။


လုပ်ငန်းရှင်အချို့မှာ ကိုယ်ပိုင်ငွေဖြင့် ရင်းနှီးလုပ်ကိုင်သူများ ဖြစ်ပြီး ငွေလိုအပ်ပါက ပုဂ္ဂလိကဘဏ်မှ ထုတ်ချေးကြပါသည်။ သို့သော် ၄၁%ခန့်မှာ ချေးငွေအတွက် အတိုးနှုန်း များသည်ဟု ဆိုကြပါသည်။ အစိုးရမှ ထုတ်ချေးပေးသော ငွေပမာဏမှာ နည်းပါးပြီး ကုန်သည်ပွဲစားများထံမှ ချေးယူပါက အတိုးအနေဖြင့် ၅%မှ ၈%အထိ ပေးရသည့် အတွက် အဆင်မပြေမှုများ ရှိသည်ဟု ပြောကြပါသည်။ ကုန်ကြမ်းရရှိမှုမှာ ၂၈% သော လုပ်ငန်းရှင်များက ခက်ခဲသည်ဟု ဆိုကြပါသည်။ ထိုလုပ်ငန်းများမှာ ၎င်းတို့၏ လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများကို ကယားပြည်နယ်တွင် အလွယ်တကူ မရနိုင်သောကြောင့် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးတို့မှ ဝယ်ယူရသည့်အတွက် ခက်ခဲ ခြင်းဖြစ်ကြောင်း ပြောကြားကြပါသည်။

ကိုယ်ပိုင်မြေနေရာများတွင် လုပ်ကိုင်နေသူအများစုမှာ မြေနေရာ အခက်အခဲ မရှိသည်ကို တွေ့ရသော်လည်း လုပ်ငန်းများအနက် ၁၃%မှာ လုပ်ငန်းတိုးချဲ့ရန် မြေ၊ ဆိုင်ခန်းနေရာ အသစ် ဝယ်ယူ/ငှားရမ်းရာတွင် မြေဈေးနှုန်းမှာ မြင့်တက်လာပြီး မယ်စဲ့ဘက်တွင် မြေနေရာတောင်းယူရာတွင် ခွင့်ပြုချက် အလွယ်တကူ မရရှိသည့်ကိစ္စများ ရှိသည်ဟု သိရှိရပါသည်။ လုပ်ငန်းလိုင်စင်ရယူရာတွင် ဌာနဆိုင်ရာများ၏ အကူအညီဖြင့် လွယ်ကူ လျင်မြန်စွာ ရရှိနေပါသော်လည်း သတ္တုလုပ်ငန်းဆိုင်ရာ ခွင့်ပြုပါမစ်များ ရယူရာတွင် ကြန့်ကြာမှုများ ရှိနေသည်ကို တွေ့ရပါသည်။ အခြားအခက်အခဲများမှာ အခွန်နှုန်းထား များခြင်းနှင့် သယ်ယူပို့ဆောင်ရေးတွင် ကားအခက်အခဲများရှိသည်ဟု သိရပါသည်။

## ၄.၄ လုပ်ငန်းလည်ပတ်ခြင်း

၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော လုပ်ငန်းများ၏ အခြေအနေနှင့် ၂၀၁၇ ခုနှစ်ရှိ အခြေအနေများကို နှိုင်းယှဉ် လေ့လာရာတွင် ၆၉%မှာ အရောင်းတက်လာကြပြီး ၄၆% မှာ အမြတ်လည်း ပိုမိုများလာကြောင်း သိရှိရပါသည်။ ပြည်နယ် အေးချမ်းလာပြီး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်လာနိုင်သည့် အတွက် ဝင်ငွေများလာကြောင်း တွေ့ရှိရပါသည်။ အရောင်းတက်လာသည်နှင့် အမျှ ကုန်ကြမ်းများလည်း ဈေးတက်လာ သဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်မှာလည်း တက်လာသည်ဟု ၈၅%က ဖြေကြားကြပါသည်။ လုပ်သားများ၏ စွမ်းဆောင်ရည်မှာ ၂၀၁၆ ခုနှစ်နှင့် ယှဉ်လျှင် အတူတူဖြစ်သည်ဟု ၅၈%က ပြောဆိုကြပြီး ၄၂%မှာ ကုန်ထုတ်စွမ်းအားတက်လာသည် ဟု ဖြေကြားခဲ့ကြပါသည်။

*ပုံ (၃၁) လုပ်ငန်းများ လည်ပတ်ပုံ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*


## ၄.၄.၁ ဒေသတွင်း စီးပွားရေးအခြေအနေ နှင့် လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ အခြေအနေ

စစ်တမ်းကောက်ယူခဲ့သော လုပ်ငန်းရှင်များမှ ဌာနဆိုင်ရာများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက လုပ်ငန်းများ အဆင်ပြေလွယ်ကူစွာ လုပ်ကိုင်နိုင်ရန် ဝန်ဆောင်မှုများ ပေးခြင်းနှင့် ပတ်သက်၍ ဝန်ဆောင်မှု ကောင်းမွန်သည်ဟု စံနှုန်းသတ်မှတ် ပေးခဲ့ကြပါသည်။ နေပြည်တော်သို့ အဆင့်ဆင့် တင်ပြရသည့် ကိစ္စရပ်များတွင် ကြန့်ကြာမှုများ ရှိသော်လည်း ဌာနဆိုင်ရာများမှ ပံ့ပိုးကူညီမှုများစွာပေးပြီး လုပ်ငန်းများမှ လိုအပ်ချက်များကို တင်ပြသည့် အခါတွင်လည်း စည်းမျဉ်းဥပဒေနှင့် ကိုက်ညီသည့် ကိစ္စဖြစ်ပါက ကူညီဆောင်ရွက်ပေးကြသည်ဟု သိရှိရပါသည်။ မှုခင်း၊ ခိုးမှုနှင့် ဓားပြမှုများ နည်းပါးပြီး အပစ်အခတ် ရပ်စဲရေး ပြုလုပ်ထားသည့် နောက်ပိုင်းတွင် တရားဥပဒေစိုးမိုးမှု ရှိလာသဖြင့် စီမံအုပ်ချုပ်မှုရေးရာမှာလည်း ကောင်းမွန်သည်ဟု ဖြေကြားကြပါသည်။ လာဘ်ပေး၊ လာဘ်ယူမှုများမှာ ဌာနဆိုင်ရာများမှ ထိန်းချုပ်မှုရှိလာသည့်အတွက် လျော့နည်းလာပြီ ဖြစ်ကြောင်း သိရပါသည်။

ဥပဒေဆိုင်ရာ ကိစ္စရပ်များကို လုပ်ငန်းရှင်များမှ ဖြေကြားရာတွင် သိရှိနားလည်မှု အားနည်းကြပြီး ၆၂%မှာ မဖြေဆိုနိုင်ကြသည်ကို တွေ့ရပါသည်။ နားလည်သူများ၏ ဖြေကြားချက်အရ ဥပဒေဆိုင်ရာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်သည့် အနေအထားတွင် ရှိပြီး နယ်မြေဒေသနှင့် ကိုက်ညီမှုရှိလာစေရန် ပြင်ဆင်သင့်သည် များလည်းရှိကြောင်း တွေ့ရှိရပါသည်။ မူဝါဒ ချမှတ်ခြင်း ဆိုင်ရာ မေးခွန်းများကို ဖြေကြားနိုင်ခြင်း မရှိသူမှာ ၂၂% ခန့်ရှိပြီး ကျန် ၇၈%မှာ ဌာနဆိုင်ရာများတွင် မူဝါဒများကို အကောင်အထည်ဖော် လုပ်ဆောင်သော်လည်း ဝန်ထမ်း လုံလောက်မှု မရှိခြင်းကြောင့် နှောင့်နှေးမှုများ အနည်းငယ် ရှိသည်ဟု ဖြေကြားခဲ့ပါသည်။

သတ္တုထုတ် လုပ်ငန်းများ ကန့်သတ်လိုက်ခြင်း၊ သစ်ထုတ်လုပ်မှုများကို ထိန်းချုပ်လိုက်ခြင်းနှင့် ဈေးကွက် အခက်အခဲများကြောင့် ကုန်ထုတ်လုပ်ငန်း အချို့ စီးပွားရေး ကျဆင်းလာခဲ့ပါသည်။ ထို့ကြောင့် ငွေကြေးစီးဆင်းမှုမှာ ယခင်ကထက် အနည်းငယ် နေးကွေးသွားခဲ့ပါသည်။ သို့သော် ဟိုတယ်နှင့် ခရီးသွား၊ ဝန်ဆောင်မှု လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ တိုးတက်လာမှုများကြောင့် ဒေသတွင်း စီးပွားရေးမှာ အသင့်အတင့် အနေအထားတွင် ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။


***ပုံ (၃၂) မက်ခရို စီးပွားရေးနှင့် လုပ်ငန်းလုပ်ကိုင်မှု အပေါ် သက်ရောက်မှုရှိသည့် စီမံအုပ်ချုပ်မှု ဆိုင်ရာ ကိစ္စရပ်များ***




၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း
*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

လုပ်ငန်းရှင်များအတွက် အခွန်နှုန်းထားများမှာ တစ်နှစ်ထက် တစ်နှစ် အခွန်တိုးများ လာသော်လည်း အချို့လုပ်ငန်းငယ်များအတွက် အခွန်မြေခွန်၊ ယာခွန်နှင့် စည်ပင်ခွန်မျှသာ ကောက်ခံသဖြင့် အခွန်ဆောင်ရသော ပမာဏ နည်းနေသေးပြီး အသင့်အတင့် အနေအထားတွင် ရှိသည်ဟု ထင်မြင်ကြပါသည်။ အခွန်ကောက်ယူသည့် စနစ်ကို နားမလည်သောသူမှာ ၁၄%ခန့်ရှိပြီး ကျန်လုပ်ငန်းရှင်များမှာ သင့်တင့်သည်ဟု ထင်မြင်ကြပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားများကြားတွင် ပြဿနာများ ကြီးကြီးမားမား မရှိသည်ကို တွေ့ရပါသည်။ ဌာနမှ ချမှတ်ထားသော အလုပ်သမားရေးရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးနေပြီး အဆင်ပြေ ချောမွေ့မှု ရှိကြသည်ဟု သိရှိရပါသည်။ လုပ်ငန်းရှင်များ၏ မြေမှာ ကိုယ်ပိုင်မြေများ ဖြစ်ကြသည့် အတွက် မြေပိုင်ဆိုင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာသိရှိမှု အားနည်းကြပြီး မြေစာရင်းဌာနမှသာ လာရောက် စစ်ဆေးမှုများ ပြုလုပ်၍ မြေယာ ပိုင်ဆိုင်မှု ပုံစံများ ထုတ်ပေးလေ့ရှိကြောင်း သိရှိရပါသည်။

*ပုံ (၃၃) ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ဆိုင်ရာ အခြေအနေ*




၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း


*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၄.၄.၂ အခြေခံ အဆောက်အအုံ လိုအပ်ချက်များ

ကယားပြည်နယ်၏ အချို့သော ကျေးရွာအနည်းငယ်တွင် လျှပ်စစ်မီးသွယ်တန်း ထားရှိမှုများ မရှိသေးသော်လည်း ရေအားလျှပ်စစ်ထွက်ရှိရာ ဒေသဖြစ်၍ စီးပွားရေး လုပ်ငန်းများအတွက် လျှပ်စစ်မီးမှာ ဓာတ်အား ပြည့်ဝလုံလောက်စွာ ရရှိပြီး မီးအား လွန်စွာ တက်ခြင်း၊ ကျခြင်း မရှိဘဲ ပုံမှန်ဖြစ်ပြီး မီတာခမှာ တစ်ယူနစ်လျှင် ၃၅ ကျပ် ပေးဆောင်ရသဖြင့် သင့်တင့်မျှတသော ဈေးနှုန်းလည်း ဖြစ်သည်ကို တွေ့ရပါသည်။ မိုင်းတွင်းများတွင်သာ မီးစက်များ အသုံးပြု၍ လည်ပတ်ကြသည်ကို တွေ့ရှိရပါသည်။ ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်ပြီး သယ်ယူပို့ဆောင်ရေးအတွက် လမ်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက် ကောင်းမွန်လာသည်ကို တွေ့ရပါသည်။ နိုင်ငံရပ်ခြားမှ လာရောက်၍ ရင်းနှီးမြှုပ်နှံလိုသူများ နေထိုင်ရန်အတွက် လွိုင်ကော်ခရိုင်တွင် အဆင်ပြေမှု ရှိနိုင်သော်လည်း တည်းခိုရန် နေရာနှင့် စားသောက်ဆိုင်များစွာ မရှိသော ဘောလခဲခရိုင်တွင် နေထိုင်ရန် အခက်အခဲဖြစ်နိုင်သည်ကို တွေ့ရပါသည်။ လောင်စာဆီ ရရှိမှုမှာ လွိုင်ကော်ခရိုင်တွင် ဈေးအနည်းငယ် ကြီးသော်လည်း လိုအပ်သည့်

ပမာဏကို ဝယ်ယူရရှိနိုင်ပါသည်။ ဘောလခဲခရိုင်ရှိ ကျေးရွာများနှင့် မြို့ငယ်များတွင် လောင်စာဆီ ရောင်းချမှု အနည်းငယ်သာ ရှိသဖြင့် ပမာဏများစွာ ဝယ်ယူနိုင်သော လွိုင်ကော်မြို့အထိ လာရောက် ဝယ်ယူရ၍ အနည်းငယ် ခက်ခဲမှု ရှိကြောင်း သိရှိရပါသည်။ ကယားပြည်နယ်ရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နေရာမှာ စက်မှုရပ်ကွက် အဆင့်သာ ရှိပြီး ထိုမြေနေရာမှာ မြို့နှင့် အနည်းငယ် အလှမ်းဝေးခြင်းနှင့် ရေရရှိမှု အားနည်းခြင်းတို့ကြောင့် လုပ်ငန်းရှင်များမှ သွားရောက်လုပ်ကိုင်လိုခြင်း မရှိသဖြင့် ထုတ်လုပ်မှု နည်းပြီး စက်မှုအခြေခံအဆောက်အအုံများ လုံလောက်မှု မရှိသေးသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ပြည်နယ်ဝန်ကြီးချုပ်မှ စက်မှုဇုန် ဖော်ဆောင်နိုင်ရေးအတွက် အခြေခံ အဆောက်အအုံများ ဖြည့်ဆည်းပေးရန် ကြိုးပမ်းလျက် ရှိကြောင်း သိရှိရပါသည်။

*ပုံ (၃၄) ကယားပြည်နယ်ရှိ အခြေခံအဆောက်အအုံများအခြေအနေ*




၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း


*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၃.၄.၃ လုပ်သားများ၏အရည်အသွေး

အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပဋိပက္ခဖြစ်ပေါ်ခြင်း မရှိသည်ကို တွေ့ရပါသည်။ သီးနှံစိုက်ပျိုး ရိတ်သိမ်းပြီးချိန်တွင် သီးထပ်စိုက်ပျိုးခြင်း မရှိသည့်အတွက် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသောကြောင့် နောက်ထပ်သီးနှံ ပေါ်ချိန် ရောက်သောအခါ အလုပ်သမား ရှားပါးမှုပြဿနာများ ဖြစ်ပေါ်လာပါသည်။ အလုပ်သမား ရရှိလျှင်လည်း ကျွမ်းကျင်လုပ်သား ရရှိရန်မှာ

ခက်ခဲသည်ဟု သိရပါသည်။ ကယားပြည်နယ်ရှိ လုပ်သားအများစုမှာ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတို့ မှ လာရောက် လုပ်ကိုင်ကြသူများ ဖြစ်သည်ကို တွေ့ရပါသည်။ လုပ်သားများမှာ အရည်အသွေးပိုင်းဆိုင်ရာတွင် အားနည်းနေသော်လည်း သင်တန်းများဖြင့် ကောင်းမွန်စွာ လက်တွေ့ သင်ကြားလေ့ကျင့်ပေးနိုင်ပါက လုပ်ကိုင်နိုင်မည့် အနေအထားတွင် ရှိကြောင်း သိရှိရပါသည်။ လွိုင်ကော်ခရိုင်ရှိ လုပ်သားများအနက် ဘွဲ့ရသူများမှာ ၃၃% ဖြင့် အများဆုံး ဖြစ်သော်လည်း ဘောလခဲ ခရိုင်တွင် အလယ်တန်းပညာ အဆင့်သာ ပြီးမြောက်သူမှာ ၆၇%အထိ ရှိသည်ကို တွေ့ရပါသည်။ ဘောလခဲရှိ လုပ်ငန်းအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဖြစ်သဖြင့် လုပ်သားများမှာ အတန်းပညာ အသင့်အတင့် ရှိသူများ ဖြစ်ကြသည်ကို တွေ့ရပါသည်။


***ပုံ (၃၅) ကယားပြည်နယ်ရှိ လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြသည့်လုပ်သားများ၏ အခြေအနေ***




၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

*ပုံ (၃၆) ကယားပြည်နယ်မှဝန်ထမ်းများ၏ ပညာရေး အခြေအနေ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၄.၄.၄ ကယားပြည်နယ်တွင် ဝန်ထမ်းခန့်ထားရေးကုန်ကျစရိတ်

အရည်အသွေး အသင့်အတင့်ရှိသော အလုပ်သမားတစ်ဦး၏ ပျမ်းမျှလစာငွေမှာ ၁၉၀,၀၀၀ ကျပ် ဖြစ်ပြီး ရုံးဝန်ထမ်း အဆင့်ဆိုပါက ၂၀၀,၀၀၀ ကျပ် ဝန်းကျင်ပေးရပါသည်။ ကြီးကြပ်ရေးမှူးအတွက် ၂၈၀,၀၀၀ ကျပ်၊ မန်နေဂျာအတွက် ၄၀၀,၀၀၀ ကျပ်နှင့် အင်ဂျင်နီယာအတွက် ၅၄၀,၀၀၀ ကျပ်အထိ ပျမ်းမျှပေးရသည်ကို တွေ့ရပါသည်။ ကယားပြည်နယ်တွင် နေ့စား အလုပ်သမားများ ရရှိသော အနည်းဆုံး တစ်နေ့လုပ်ခလစာမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အများဆုံးမှာ ၁၅,၀၀၀ ကျပ်ဖြစ်သည်ကို တွေ့ရပါသည်။

*ဇယား ၄၃ - ကယားပြည်နယ်ရှိ တစ်လ ပျမ်းမျှ လုပ်အားခပြဇယား*

| အကြောင်းအရာ | ဖြေကြားသည့် လုပ်ငန်း | လွိုင်ကော်ခရိုင် (ကျပ်) | | ဘောလခဲခရိုင် (ကျပ်) | |
|---|---|---|---|---|---|
| | | အနည်းဆုံး | အများဆုံး | အနည်းဆုံး | အများဆုံး |
| အသင့်အတင့် ကျွမ်းကျင်သူ/ အလုပ်သမား | ၃၀ | ၉၀,၀၀၀ | ၅၀၀,၀၀၀ | ၁၀၀,၀၀၀ | ၄၅၀,၀၀၀ |
| ဝန်ထမ်း/ စာရေး | ၂၆ | ၈၀,၀၀၀ | ၅၀၀,၀၀၀ | ၁၅၀,၀၀၀ | ၅၀၀,၀၀၀ |
| ကြီးကြပ်ရေးမှူး | ၁၄ | ၁၅၀,၀၀၀ | ၅၀၀,၀၀၀ | ၂၀၀,၀၀၀ | ၂၀၀,၀၀၀ |
| အလယ်အလတ် အဆင့် စီမံခန့်ခွဲသူ | ၉ | ၂၅၀,၀၀၀ | ၁,၀၀၀,၀၀၀ | ၂၀၀,၀၀၀ | ၂၀၀,၀၀၀ |
| အင်ဂျင်နီယာ | ၆ | ၂၂၀,၀၀၀ | ၁,၅၀၀,၀၀၀ | ၂၀၀,၀၀၀ | ၄၅၀,၀၀၀ |

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၄.၄.၅ မြေအသုံးချမှုနှင့် ငွေအရင်းအနှီး ရရှိမှု


ကယားပြည်နယ်အတွင်း ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင်း အိမ် ၊ ခြံ ၊ မြေ အရောင်းအဝယ် အားကောင်းခဲ့ကြောင်း သိရပါသည်။ လွိုင်ကော်မြို့လယ် (၄၀×၆၀) အိမ်ယာပါ ဈေးနှုန်းအနေဖြင့် သိန်း(၇,၀၀၀-၈,၀၀၀)ဝန်းကျင်ရှိပြီး မြေအလွတ် တစ်စတုရန်းပေလျှင် ကျပ်တစ်သိန်းနှုန်းခန့်ရှိကြောင်း သိရပါသည်။ လွိုင်ကော်မြို့တွင်း တွင် (၄၀×၆၀) နေရာ ဈေးနှုန်း အနေဖြင့် သိန်း(၃,၀၀၀ - ၅,၀၀၀) ဝန်းကျင်ခန့်ရှိသည်။ မြို့နှင့်နီး၍ ချောင်ကျသည့် နေရာများတွင် အနည်းဆုံးသိန်း (၂,၀၀၀ - ၃,၀၀၀) ဝန်းကျင်ခန့်ရှိကြောင်း သိရပါသည်။ လယ်တစ်ဧကဈေးနှုန်းအနေဖြင့် မြို့နှင့်နီးသော လယ်တစ်ဧက ဈေးနှုန်းမှာ လမ်းမနှင့်နီးလျှင် သိန်း( ၅၀ - ၈၀)ကြား ပေးရပြီး၊ အခြား မြို့နှင့် အလှမ်းဝေးသည့် လယ်တစ်ဧက နှင့် အတွင်းပိုင်းလယ်တစ်ဧက ဈေးနှုန်းအနေဖြင့် သိန်း( ၁၀ - ၃၀ ) အထိဈေးရှိကြောင်း သိရပါသည်။ ဖရူဆိုမြို့ ၊ ဒီးမော့ဆိုမြို့ရှိ လယ်တစ်ဧက ဈေးနှုန်းအနေဖြင့်လည်း လမ်းမနှင့်နီးလျှင် (၁၀)သိန်း ဝန်းကျင်ခန့်ရှိပြီး၊ ယာမြေတစ်ကွက် (၆)သိန်း ဝန်းကျင်ခန့် ဈေးပေါက်လျှက်ရှိကြောင်း သိရပါသည်။

၂၀၁၃-၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် အိမ် ၊ ခြံ ၊ မြေ ဈေးကွက်အနေအထားများ အေးလျက်ရှိနေပြီး၊ လက်ရှိတွင်လည်း အရောင်းအဝယ်မဖြစ်ကြောင်း တွေ့ရပါသည်။ စက်မှုဇုန်တွင် လက်ရှိပေ(၁၀၀) ပတ်လည် ဆိုလျှင် ကျပ်သိန်း ၁၅၀-၂၀၀ ဝန်းကျင်ခန့် ဈေးရှိပါသည်။ ကယားပြည်နယ်မြေဈေးကွက်သည် ဝယ်သူမရှိသော်လည်း ဈေးနှုန်းအနေဖြင့် တက်နေသည်ကို တွေ့ရပါသည်။

မြေငှားခနှင့် ဆိုင်ခန်းငှားခမှာ လွိုင်ကော်မြို့ထဲနေရာများတွင် ဈေးမြင့်၍ မြို့နှင့် အလှမ်းဝေးသော နေရာများတွင် ဈေးသက်သာသည်ဟု သိရှိရပါသည်။ ဘောလခဲခရိုင် တွင် ငှားရမ်းခမှာ ဈေးမများလွန်း၊ မနည်းလွန်း အသင့်အတင့် အနေအထားတွင် ရှိပြီး မြေ၊ ဆိုင်ခန်းငှားရမ်းမှုများ နည်းပါးကာ ဈေးကွက်အေးနေသည်ဟု သိရှိရပါသည်။ ကယားပြည်နယ်တွင် လုပ်ငန်းရှင်အချို့မှာ ချေးငွေရယူခြင်း မရှိဘဲ ကိုယ်ပိုင်ငွေများဖြင့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လေ့ရှိကြပါသည်။ ငွေလိုအပ်လာပါက အစိုးရနှင့် အဖွဲ့အစည်းများမှ အတိုးနှုန်း သက်သာစွာ ချေးငှားပေး သော်လည်း ကာလတို ချေးငွေ ဖြစ်၍ အဆင်မပြေမှုများ ရှိကြပါသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးရေး တောင်သူများအတွက် လယ်တစ်ဧကလျှင် ၁၅၀,၀၀၀ကျပ်နှင့် ယာတစ်ဧကလျှင် ၅၀,၀၀၀ကျပ် ထုတ်ချေးပေးသော်လည်း ပမာဏ နည်းသောကြောင့် တောင်သူအချို့မှာ ကုန်သည်ပွဲစားများထံမှ အတိုးနှုန်း ၅% ဖြင့် ချေးယူကြပါသည်။ ယခုအခါ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ မှတ်ပုံတင်ထားသော SMEs လုပ်ငန်းများကို ချေးငွေထုတ်ပေးရန် စီစဉ်လျက် ရှိနေသဖြင့်

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လာရောက် မှတ်ပုံတင်သော လုပ်ငန်းများ တိုးများလာကြောင်း သိရှိရပါသည်။

*ပုံ (၃၇) ငွေအရင်းအနှီးရရှိနိုင်မှုနှင့် မြေဈေး*




၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*


## ၄.၅ ကုန်စည်သယ်ယူပို့ဆောင်ရေး

လေ့လာတွေ့ရှိချက်များအရ ကယားပြည်နယ်ရှိ လုပ်ငန်းများအားလုံးသည် ပြည်တွင်း ဈေးကွက်ကို အခြေပြုပါသည်။ ကယားဒေသအတွင်း ဈေးကွက်ဖြန့်ဖြူးသူ ၆၁%နှင့် မြန်မာပြည်အတွင်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ် လားရှိုး၊ မူဆယ်မြို့များနှင့် ကုန်သွယ်သည့် လုပ်ငန်းပေါင်း ၃၉% ရှိကြောင်း သိရှိရပါသည်။

ကယားပြည်နယ်ရှိ လုပ်ငန်းများသည် ကုန်သွယ်ခြင်းနှင့် မိမိလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများကို ဝယ်ယူရာတွင် အများဆုံး အသုံးပြုသည့်လမ်းကြောင်းမှာ ကုန်းလမ်းဖြစ်ပြီး လွိုင်ကော်-ရန်ကုန် ကုန်စည် သယ်ယူပို့ဆောင်ရာတွင် အောင်ပန်းနှင့် ပင်လောင်းလမ်း၊ လွိုင်ကော်-ရှမ်းပြည်နယ် ကုန်စည်သယ်ရာတွင် ဆီဆိုင်-တောင်ကြီးလမ်း၊ လွိုင်ကော်-မန္တလေး ကုန်စည်သယ်ယူရာတွင် ကလောလမ်းများကို အများဆုံး အသုံးပြုကြပါသည်။ လမ်းများမှာ ယခင်ကထက် ပိုမို ကောင်းမွန်

လာသော်လည်း အချို့နေရာများတွင် ကားတစ်စီးနှင့် တစ်စီး ရှောင်၍မောင်းရန် လမ်းများ ကျဉ်းနေသည့်အတွက် အခက်အခဲနှင့် ကြန့်ကြာမှုများရှိသည်ဟု သိရပါသည်။ အဓိကအားဖြင့် ပေါင်းလောင်းလမ်းအား လမ်းချဲ့မှုများ ပြုလုပ်ရန် လိုအပ်နေပြီး တောင်ပတ်လမ်းများကို ပိုမိုကောင်းမွန်လာအောင် ပြုပြင်နိုင်ပါက ကုန်စည် ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် မြန်ဆန်လာမည် ဖြစ်ကြောင်း သိရှိရပါသည်။ လက်ရှိတွင် ကုန်စည်ကားများသည် ပျမ်းမျှအားဖြင့် ရန်ကုန်သို့ (၁)ရက်ခွဲနှင့် မန္တလေးသို့ (၁)ရက် မောင်းနှင်ရကြောင်း လေ့လာတွေ့ရှိရပါသည်။


*ပုံ (၃၈) ဖြေဆိုသူများ၏ ကုန်သွယ်မှု ပုံစံအမျိုးအစားများ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

ကယားပြည်နယ်ရှိ တရားမဝင်လုပ်ငန်းများဖြစ်သော သစ်၊ သတ္တုလုပ်ငန်းများအား ထိန်းချုပ်ခဲ့သဖြင့် ဆက်စပ်စီးပွားရေးလုပ်ငန်းအချို့ ကျဆင်းသွားကြောင်း သိရပါသည်။ စားသုံးသူ တစ်ဦးချင်း၏ ဝယ်ယူသုံးစွဲနိုင်မှုမှာ အနည်းငယ် လျော့နည်း သွားသည်ကို တွေ့ရပါသည်။ သို့သော် ဆောက်လုပ်ရေး လုပ်ငန်းများ တိုးပွား လာခြင်းကြောင့် အခြားဒေသမှ လုပ်သားများ များပြားလာ၍ စုစုပေါင်း ဝယ်ယူသုံးစွဲမှု ပမာဏမှာ အနည်းငယ် တိုးတက်လာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် စားသုံးသူများ၏ သုံးစွဲနိုင်မှု အခြေအနေနှင့် ဒေသတွင်း ဈေးကွက် အရွယ်အစားမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ကယားပြည်နယ်မှ ထွက်ကုန်များကို ပြည်ပသို့ တင်ပို့မှုများ ရှိသော်လည်း ဒေသတွင်းရှိ လုပ်ငန်းရှင်နှင့် တောင်သူများမှာ မိမိတို့ကိုယ်တိုင် ပြည်ပသို့ တိုက်ရိုက် တင်ပို့ခြင်း မဟုတ်ဘဲ အခြားဒေသမှ ကုန်သည်ပွဲစား များက လုပ်ကိုင်ခြင်း ဖြစ်သောကြောင့် တင်ပို့မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နားလည် သိရှိသူမှာ ၄% ခန့်သာ ရှိပါသည်။ မှောင်ခိုထိန်းချုပ်မှုမှာ လွိုင်ကော်ခရိုင်တွင် ထိန်းချုပ်မှု အသင့်အတင့် ရှိသော်လည်း ဘောလခဲခရိုင်တွင် သစ်မှောင်ခိုမှုများမှာ ရှိနေဆဲဖြစ်ပြီး ထိန်းချုပ်မှု နည်းနေသေး ကြောင်း ဖြေကြားကြပါသည်။

*ပုံ (၃၉) ကယားပြည်နယ်ရှိ ကုန်စည်ပို့ဆောင်ရေးကဏ္ဍအား အဆင့်သတ်မှတ်ခြင်း*





၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

ကယားပြည်နယ်အတွင်းရှိ လုပ်ငန်းများမှာ ကုန်စည်နှင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ သတင်းအချက်အလက်များကို အသင်းအဖွဲ့များ၊ စီးပွားရေးမိတ်ဆွေ၊ တောင်သူနှင့် ပွဲရုံများမှ လုံလောက်စွာ ရရှိကြပါသည်။ သတင်းမီဒီယာများ ဖွံ့ဖြိုးလာပြီး အင်တာနက်ကို ကျယ်ပြန့်စွာ သုံးစွဲလာခြင်းနှင့် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်လာ ခြင်းတို့ကြောင့် ရန်ကုန်နှင့် မန္တလေးမြို့များရှိ ကုန်စည်ဒိုင်များအထိ ဆက်သွယ်ကာ ကုန်စည်ဈေးနှုန်း အပြောင်းအလဲများကို အချိန်နှင့် တပြေးညီ သိရှိရကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းရှင်များ၏ ၈၀% ကျော်မှာ ပြည်ပမှ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန် ရှင်းလင်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း များကို သိရှိနားလည်မှု အားနည်းပြီး ဘောလခဲခရိုင်ရှိ လုပ်ငန်းရှင်များနှင့် တောင်သူများမှာ ဖြေကြားနိုင်ခြင်း လုံးဝမရှိကြသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံမှ စားသောက်ကုန်နှင့် လူသုံးကုန် တင်သွင်းမှုများ ရှိကြောင်း သိရပါသည်။ လတ်တလောတွင် ဒေါ်လာဈေးများ ကျနေသဖြင့် နိုင်ငံခြား ငွေလဲလှယ်မှုမှာ အနည်းငယ် ကောင်းမွန်သည်ဟု ထင်မြင်ကြပါသည်။ သို့သော် မြန်မာကျပ်ငွေမှာ မငြိမ်သက်သဖြင့် စောင့်ကြည့်နေသည့် အခြေအနေ ဖြစ်ကြောင်း ဖြေကြားကြပါသည်။

*ပုံ (၄၀) ကယားပြည်နယ်ရှိဒေသတွင်း ကုန်ပစ္စည်းများ ကုန်သွယ်မှုနှင့် ပတ်သက်၍ အဆင့် သတ်မှတ်ခြင်း*





၁=အလွန်ဆိုးရွား၊ ၂=ဆိုးရွား၊ ၃=သင့်၊ ၄=ကောင်း၊ ၅=အလွန်ကောင်း

*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၄.၆ အနာဂတ်တွင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်မှု


ဖြေဆိုသူ လုပ်ငန်းရှင်များ၏ ၆၈% ခန့်မှာ နောင် သုံးနှစ်အတွင်းတွင် စီးပွားရေး လုပ်ငန်းများ ပိုမိုကောင်းမွန်လာကြမည် ဟု ခန့်မှန်းကြပါသည်။ ပြည်နယ် အစိုးရနှင့် အစိုးရ ဌာနဆိုင်ရာများမှ နယ်မြေပိုမို တည်ငြိမ်အေးချမ်းရေးနှင့် ကယားပြည်နယ် ဖွံ့ဖြိုး တိုးတက်လာရေးအတွက် လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အားတက်သရော လုပ်ဆောင်နေသည့်အတွက် အခြေခံ အဆောက်အအုံများ တိုးတက်လာ၍ စီးပွားရေး လုပ်ငန်းများလည်း ပိုမို ကောင်းမွန်လာမည်ဟု ခန့်မှန်း ကြပါသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများ အနေဖြင့် ကယားပြည်နယ်အတွင်းတွင် ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ခရီးစဥ်များပြားပြီး နေရာ အသစ်များလည်း ထပ်မံ ရှာဖွေဖော်ထုတ်ရန် ရှိနေသဖြင့် အနာဂတ်တွင် လုပ်ငန်းများ ပိုမိုကောင်းမွန် တိုးတက်လာမည်ဟု ခန့်မှန်းကြပါသည်။ အနာဂတ် စီးပွားရေး တိုးတက်ရန်အတွက် ဒေသတွင်းလုံခြုံရေး ကောင်းမွန် ရန်နှင့် ငြိမ်းချမ်းရေးရရှိရန်၊ ဈေးကွက်ဝယ်လိုအား မြင့်တက်လာရန်၊ လျှပ်စစ်ပေးဝေခြင်း စနစ် ပိုမိုတိုးတက်လာရန်၊ အခြေခံ အဆောက်အအုံနှင့် အစိုးရ၏ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်ရန် လိုအပ်ကြောင်း ဖြေကြားခဲ့ကြပါသည်။

*ပုံ(၄၁) နောင်လာမည့် ၃ နှစ် အတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ အနေအထား*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

*ပုံ(၄၂) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းအမျိုးအစား အလိုက် နောက်လာမည့် ၃ နှစ်ကို အကဲဖြတ်ခန့်မှန်းခြင်း*





*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၄.၇ စီးပွားရေးလုပ်ငန်းများ တိုးတက်ရန် လိုအပ်ချက်များ

ကယားပြည်နယ်အတွင်းရှိ လုပ်ငန်းများအနေဖြင့် အခြားပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပူးပေါင်း လုပ်ကိုင်လိုခြင်း ရှိမရှိလေ့လာရာတွင် ၆၇%မှာ အခြား ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းလို၍ ပြည်တွင်း လုပ်ငန်းများနှင့် လုပ်ကိုင်လိုသူမှာ ၅၅%နှင့် ပြည်ပလုပ်ငန်းများနှင့် လုပ်ကိုင်လိုသူမှာ ၄၁% ရှိသည်ကို တွေ့ရပါသည်။ ပူးပေါင်းဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များမှ လူအင်အားနှင့် မြေနေရာတို့ကို စိုက်ထုတ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများမှ အရင်းအနှီး၊ နည်းပညာ၊ စက်ယန္တရားများနှင့် ဈေးကွက်များ ရှာဖွေပေးစေလိုကြပါသည်။ အကျိုးအမြတ်အား နှစ်ဦးနှစ်ဖက် သဘောတူသည့် ရာခိုင်နှုန်းများဖြင့် ခွဲဝေယူခြင်းဖြင့် ပူးပေါင်းလုပ်ကိုင်မှုများ ပြုလုပ်လိုကြောင်း ဖြေကြားကြပါသည်။

*ပုံ (၄၃) ဒေသတွင်းလုပ်ငန်းရှင်များမှ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပူးပေါင်းလိုမှု*





*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း စစ်တမ်းအရ ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာအောင် ဆောင်ရွက်သင့်သည့် အချက်များအနက် လုပ်ငန်းရှင်များမှ အများဆုံး အကြံပြုသည့်အချက်မှာ ဒေသအတွင်း ပိုမို ငြိမ်းချမ်းလာပြီး မြို့ရွာများသို့ လွတ်လပ်စွာ သွားလာနိုင်ရေး ဦးစားပေး ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ပြည်နယ်အတွင်း သဘာဝအလှအပများ မပျက်စီးရအောင် ထိန်းသိမ်းကာကွယ်မှုများလည်း ပြုလုပ်သင့်ပါသည်။ လာရောက် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစေရန် ၎င်းတို့အတွက် ခိုင်မာသော ဥပဒေပြဌာန်းမှုများ လိုအပ်နေပြီး ပြည်ပ လုပ်ငန်းများအတွက်

နိုင်ငံခြားသားများ ပြည်နယ်အတွင်း တရားဝင် သွားလာနေထိုင်ခွင့်များ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ပြည်နယ်သို့ လာရောက်သော လမ်းကြောင်းများကိုလည်း တိုးတက်လာအောင် ပြုလုပ်သင့်ပါသည်။ စက်မှုဇုန် ဖြစ်မြောက်ရေးနှင့် ဒေသခံများမှ ဆန့်ကျင်ကန့်ကွက်မှုများ မဖြစ်ရလေအောင် ရင်းနှီးမြှုပ်နှံမှုများကို မခေါ်ယူခင် ဒေသခံများအား ၎င်းတို့ရရှိလာနိုင်သော အကျိုးကျေးဇူးများ၊ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သိရှိနားလည်လာအောင် ဦးစွာ ရှင်းပြ ဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်းကို အကြံပြု ဖြေကြားခဲ့ပါသည်။ ထိုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်နယ်အစိုးရမှ လုပ်ဆောင်ပေးသင့် ကြောင်းလည်း ပြောကြားကြပါသည်။

*ပုံ (၄၄) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ကယားပြည်နယ် ဧရိယာတစ်ဝိုက် လုပ်ဆောင်ရန် လိုအပ်ချက်များ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

လုပ်ငန်းရှင်များ ထင်မြင်သော အလားအလာ အကောင်းဆုံးသော လုပ်ငန်းမှာ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်များတွင် စပါး၊ ပြောင်းနှင့် နမ်း စိုက်ပျိုးခြင်း လုပ်ငန်း ဖြစ်ပါသည်။ ရာသီဉတု ကောင်းမွန်၍ စိုက်ပျိုးဖြစ်ထွန်းသော်လည်း ဈေးကွက် ရှာဖွေ ရရှိရေးတွင် အကန့်အသတ်များ ရှိနေသဖြင့် ဈေးကွက် ရှာဖွေပေးနိုင်သော အခြားလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ကိုင်မည်ဆိုပါက အလားအလာ

အလွန်ကောင်းမွန်သော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ဒုတိယ အလားအလာ အကောင်းဆုံးမှာ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဖြစ်ပါသည်။ ပြည်နယ်အနှံ့အပြားတွင် သဘာဝ တောတောင်အလှအပများ၊ လည်ပတ်ရန် ခရီးစဉ်နေရာအသစ်များ၊ လူမျိုးစုများ၏ ထူးခြားသော နေထိုင်မှုပုံစံများကို လေ့လာခြင်းနှင့် စက်ဘီးစီးခြင်း၊ လှေလှော်ခြင်း၊ တောင်တက်ခြင်း စသည်ဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကန့်သတ်နယ်မြေများ ဖြေလျော့ပြီး ငြိမ်းချမ်းရေး အပြည့်အဝ ရရှိလာပါက ပြည်နယ်တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

# ၅. ကယားပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ တွေ့ကြုံရသည့် အခက်အခဲနှင့် အတားအဆီးများ

လေ့လာတွေ့ရှိချက်များအရ ကယားပြည်နယ်တွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ရာ၌ တွေ့ကြုံရသည့် အခက်အခဲ အတားအဆီးများမှာ ငြိမ်းချမ်းရေးအပြည့်အဝမရရှိသေးသဖြင့် လုပ်ငန်း လုပ်ကိုင် ရာတွင် အခက်အခဲများရှိခြင်း၊ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ရှေးရိုးစွဲအစဉ်အလာဖြင့် ဆန့်ကျင်နေမှုများရှိနေသေးခြင်း၊ လက်ရှိ မြေနေရာများ ဈေးနှုန်းကြီးမြင့်နေခြင်း၊ မြေယာကျူး ကျော်စိုက်ပျိုးမှုများ ရှိနေသေးခြင်း၊ ကျွမ်းကျင် အလုပ်သမား ရှားပါးခြင်း၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ တရားမဝင်လုပ်ကိုင်နေမှုများ ရှိနေသေးခြင်း၊ စွန့်ဦးတီထွင်မှုလုပ်ကိုင်သူ အလွန်နည်းပါးနေသေးခြင်းနှင့် နည်းပညာ လိုအပ်ချက် များစွာလိုအပ်ခြင်း စသည်တို့ဖြစ်သည်။

## ၅.၁ နယ်မြေတည်ငြိမ်အေးချမ်းရေး

နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းခြင်းသည် ရင်နှီးမြှုပ်နှံလိုသူများ ရင်းနှီးမြှုပ်နှံရန် အဟန့်အတား တစ်ခုဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍ သည်လည်း နယ်မြေလုံခြုံမှုမရှိပါက သွားလာရန် နှင့် ခရီးစဉ် အသစ် များ တိုးချဲ့ရန် အဟန့်အတား ဖြစ်နေကြပါသည်။ ငွေလုံးငွေရင်းဖြင့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် နယ်မြေမငြိမ်းချမ်းခြင်းက စိန်ခေါ်မှု တစ်ရပ်ဖြစ်နေပါသည်။ ထို့ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ ပြည်နယ်အစိုးရမှ လည်း လက်ရှိအခြေအနေ တက်ပိုမိုကောင်းမွန်ရန်သာရှိသည်ဟူ၍ တိကျသော အာမခံချက် ပေးနိုင်မည်ဆိုပါက ရင်းနှီး မြှုပ်နှံသူများ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဟု လေ့လာမှုများမှ သိရှိရပါသည်။ ၂၀၁၆ ခုနှစ်ခန့်က ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများသည် ကယားပြည်နယ် အတွင်းတွင် ဘိလပ်မြေစက်ရုံ၊ သစ်အချောထည် စက်ရုံနှင့် အခြား လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ရန် မြန်မာ အစိုးရထံ ကမ်းလှမ်းခဲ့ဖူးသည်ဟု သိရသည်။ ဒေသတွင်း နယ်မြေလုံခြုံရေး အခြေအနေများပေါ်မူတည်ကာ ယင်းစီမံချက် ပျက်ပြယ်ခဲ့ ရသည်ဟုသိရသည်။

## ၅.၂ စိုက်ပျိုးရေးကဏ္ဍ

ကယားပြည်နယ်တွင် လက်ရှိ ဖြစ်ပေါ်နေသော အဓိက အတားအဆီးမှာ လုပ်သားအင်အား ရှားပါးမှု ဖြစ်ပါသည်။ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးတစ်ဦး အတွက် တစ်ရက်လျှင် ၅,၀၀၀ ကျပ်နှုန်းနှင့် အမျိုးသားတစ်ဦးအတွက် တစ်ရက်လျှင် ၇,၀၀၀ ကျပ်နှုန်းပေး၍ ငှားနေရပြီး လုပ်သားရှားပါးမှုကြောင့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ကယားပြည်နယ်တွင် ကျွဲ၊ နွား

လွှတ်ကျောင်းစနစ် ရှိနေဆဲ ဖြစ်ပြီး မိုးသီးနှံပြီးသည်နှင့် ကျွဲ၊ နွားများကို လွှတ်ကျောင်းလေ့ ရှိကြပါသည်။ ထို့ကြောင့် အခြားသီးနှံများ ထပ်မံစိုက်ပျိုးရန် အခက်အခဲများ ရှိနေဆဲ ဖြစ်ပါသည်။ တတိယ အတားအဆီးမှာ ဈေးကွက် အခြေအနေ မကောင်းခြင်း ဖြစ်ပြီး စတုတ္ထ အခက်အခဲမှာ ထွန်ယက်ခနှင့် ရိတ်သိမ်း ခြွေလှေ့ခ နှုန်းထားများ ကြီးမြင့်ခြင်းပင် ဖြစ်ပါသည်။ ရိတ်သိမ်းခြွေလှေ့ခမှာ တစ်ဧက လျှင် ၄၀,၀၀၀ မှ ၅၀,၀၀၀ ကျပ်အထိ ပေးရပါသည်။

မြေပြုပြင်ရာတွင် ထွန်စက်ကြီးများကို အသုံးပြုကြပြီး အချို့သော တောင်သူများမှာ လက်တွန်း ထွန်စက်ငယ်များကိုသာ အသုံးပြုလျက် ရှိကြပါသည်။ ပြည်နယ်မှာ စက်မှု လယ်ယာ ဘက်သို့ ပြောင်းလဲ လာကြောင်း တွေ့ရှိရသည့်အတွက် လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ၏ လိုအပ်ချက်လည်း များပြားလာပြီး အလွယ်တကူ ဝယ်ယူရရှိရန် အခက်အခဲများ ရှိနေကြောင်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးတွင် တောင်သူများအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲမှာ ဈေးကွက်ပျောက် နေခြင်းဖြစ်သည်။ စိုက်ပျိုးရေးစရိတ်လုံလောက်စွာ မရှိသည့်အတွက် ပွဲစား ကုန်သည်များထံမှ အကြွေးဖြင့် ဦးစွာယူထားရခြင်းကြောင့် သီးနှံပေါ်သည့်အခါ အကြွေးကျေစေရန် ရောင်းချကြရသည်။ အကယ်၍ သီးနှံအထွက်နှုန်းကျသည့်အခါ ဖြစ်စေ ရာသီဥတုကြောင့် သီးနှံပျက်သည့်အခါဖြစ်စေ တောင်သူမှာ အကြွေးမဆပ်နိုင်သည့်အတွက် အတိုးများတက်ရသည်။ နောင်နှစ်စိုက်ပျိုးရန်အတွက် စိုက်စရိတ်ထပ်မံ ချေးယူရပြန်သည်။ အကြွေး သံသရာလည်၍ အခက်အခဲကြီးစွာ လုပ်ကိုင်ရသည်။ ထိုအထဲတွင် ငွေချေးစဉ်က သီးနှံဈေးနှုန်းကို ဈေးဖြတ်ထားလျှင် တန်ရာတန်ဖိုးနှင့် မညီမျှသည့် ဈေးဖြင့် ရောင်းချရပြန်သည်။ တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးမှုမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုရှိလာသော်လည်း ဈေးကွက် ကောင်းမွန်စွာ မရှိသည်မှာလည်း ကန့်သတ်ချက် တစ်ခုဖြစ်နေပါသည်။ ထို့အပြင် လက်ရှိတွင် ဒေသခံနမ်းကုန်သည်များက ကြားခံဈေး တစ်ခုဖွင့်ကာ တောင်သူထံမှ ဖြတ်ဝယ် နေခြင်းကြောင့် အမှန်တကယ်စိုက်ပျိုး ထုတ်လုပ် နေသူများအဖို့ နစ်နာဆုံးရှုံး နေကြရသည်။

ဘောလခဲခရိုင်အတွက် ရင်းနှီးမြှုပ်နှံမှုတွင် မြစ်ရေတင်စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်သင့်ပါသည်။ သစ်တောမြေများတွင် နှစ် ၃၀ လုပ်ကိုင်ခွင့်ရယူကာ ကျွန်းသစ် စိုက်ပျိုးခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။ ဘောလခဲရာသီဥတုသည် ကျွန်းပင် စိုက်ပျိုးရေး အတွက် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

## ၅.၃ သယ်ယူပို့ဆောင်ရေး နှင့် ထောက်ပံ့ပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးအနေဖြင့် လေကြောင်းလိုင်းတွင် မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းမှ တစ်နေ့လျှင် ရန်ကုန်-လွိုင်ကော်-ရန်ကုန် တစ်ကြိမ်သာ နံနက်ပိုင်းတွင် ပြေးဆွဲသည့်အတွက်

ခရီးသွားများအတွက် အဆင်မပြေမှုများ ကြုံတွေ့ရပါသည်။ အခြားဒေသများသို့ လေကြောင်းခရီးစဉ်ဖြင့် သွားလိုပါက ဟဲဟိုးလေဆိပ် သို့ သွားရောက်၍ စီးကြရပါသည်။ ခရီးသည် အရေအတွက် ပေါ်မူတည်ပြီး လေကြောင်းခရီးစဉ် အသစ်များ ထပ်မံပြေးဆွဲပေးပါက ခရီးသွားများအနေဖြင့် ပိုမိုအဆင်ပြေနိုင်ပါသည်။

ကုန်းလမ်းခရီးအနေဖြင့် မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ သွားလာရာတွင် ၁၂ နာရီမှ ၁၅ နာရီအထိ ကြာအောင် တောင်ပေါ်လမ်းများကို ဖြတ်သန်းသွား လာရပါသည်။ ၂၀၁၅ ခုနှစ် ခန့်လောက်မှသာ လမ်းများကောင်းမွန်လာသည် ဟုသိရပါသည်။ တောင်ပေါ်လမ်း ဖြစ်သောကြောင့် အချို့ နေရာများတွင် မိုးတွင်းအချိန်ရောက်သည့်အခါ လမ်းများပျက်လေ့ ရှိပြီး ပိတ်ဆို့မှုများ ရှိသည်ဟုသိရသည်။ ကယားပြည်နယ်၏ ဒေသတွင်း ခရီးသွားလာမှုနှုန်းမှာ တစ်ရက် ခရီးသည် ၂၀၀ ဦးခန့်သာရှိပြီး ကားအသင်း ၆ သင်းမှ နေ့စဉ်တာဝန်ယူပြေးဆွဲနေ သောကြောင့် လုံလောက်မှုရှိနေသော်လည်း ယာဉ်လိုင်းများအနေဖြင့် ခရီးသည်မရသည့် အဖြစ်ကို ကြုံတွေ့နေရသည်။ စားသောက်ကုန် နှင့် လူသုံးကုန်ပစ္စည်းများကို အခြားပြည်နယ် နှင့် တိုင်းများက ကုန်သွယ်မှု ပြုနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ဒေသတွင်း စားသုံးသူများ ပိုမို အဆင်ပြေလာကြမည် ဖြစ်ပါသည်။

## ၅.၄ နည်းပညာ

ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများတွင် မိရိုးဖလာနည်းများကို သုံးစွဲနေကြသည့်အတွက် ခေတ်မီ နည်းပညာ သုံးစွဲမှု အားနည်းနေသေးကြောင်း တွေ့ရှိရသည်။ လုပ်ငန်းအများစုတွင် နည်းပညာ လိုအပ်ချက် ရှိနေသည်ကို တွေ့ရှိရသည်။ ကုန်ထုတ်လုပ်မှု တွင် ထုတ်လုပ်မှုနည်းပညာ၊ စိုက်ပျိုးရေးတွင် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ စသဖြင့် နည်းပညာကောင်းများစွာ လိုအပ်လျက်ရှိသည်ကို တွေ့ရပါသည်။

## ၅.၅ အလုပ်သမား (လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှု တိုးတက်စေခြင်း နှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း)

ကယားပြည်နယ်ရှိ ကယားလူငယ်အများစုက ထိုင်းနိုင်ငံသို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်နေကြပါသည်။ ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်သူများရှိသော်လည်း အများစုမှာ တရားမဝင် လမ်းကြောင်းမှ သွားရောက်နေကြခြင်း ဖြစ်သည်။ တရားမဝင်သွားနိုင်သည် လမ်းကြောင်း ၃ ခုရှိသည်။ ရွာသစ်လမ်း၊ မယ်စဲ့လမ်းနှင့် ရှားတောလမ်းတို့ ဖြစ်ကြသည်။ ထိုင်းတွင် တစ်လ လစာငွေ ၂ သိန်း မှ ၄ သိန်း အတွင်းရရှိကြပြီး ကယားပြည်နယ်မှ အလုပ်အကိုင် အခွင့်အလမ်း နှင့် လုပ်ခလစာများကို နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံမှ ပိုသည့်အတွက် ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြပြီး ကယားပြည်နယ် တွင် လုပ်သားရှားပါးမှုပြဿနာ နှင့် ရင်ဆိုင်နေကြရပါသည်။ ထို့အပြင် ဒေသခံ အများစုမှာ အလုပ်ကို အချိန်ပြည့်လုပ်လိုသော ဆန္ဒမရှိဘဲ ရိုးရာပွဲများ၊ ရာသီအလိုက်ပွဲများအပေါ်တွင် မက်မော ပျော်ပါးနေလေ့ရှိကြသည့်အတွက် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်များမှ လုပ်သား အများစုကို နေ့စား လုပ်ခဖြင့် ပြန်လည်ခေါ်ယူနေရသည်ဟု သိရပါသည်။

ကယားပြည်နယ်အတွင်း ဒေသခံလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အလုပ်သမား ရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရန် ကုန်ထုတ်လုပ်မှု ဆိုင်ရာလုပ်ငန်းများအတွက် အသေးစားစက်မှုလက်မှု လုပ်ငန်း မှ အသက်မွေးဝမ်းကြောင်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်း၊ ဟိုတယ် နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ဟိုတယ် နှင့် ဧည့်လမ်းညွှန်သင်တန်းများ နှင့် ဘာသာစကားသင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်း၊ အလုပ်သမားဦးစီးဌာန မှလည်း အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း များ ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဌာနဆိုင်ရာများမှ သင်တန်းများဖွင့်လှစ် သင်ကြား ပေးသော်လည်း ဒေသတွင်းမှ လူငယ်များသည် သင်တန်းများတက်ရောက်ရန် အခက်အခဲများစွာ ကြုံတွေ့နေကြရပါသည်။ သင်တန်း တက်ရောက်ရန် အတွက် စည်းရုံးရေးများ ဆောင်ရွက်ပြီး သင်တန်း တက်ရောက်ရန် တိုက်တွန်း နေရသည်ဟု သိရပါသည်။ သင်တန်းတက်ရောက်ခြင်းကြောင့် ရရှိမည့် အကျိုးအမြတ်များကို လည်း နားလည်းသဘောပေါက်မှု နည်းသည်ဟုသိရပါသည်။

ဒုတိယ အခက်အခဲမှ နိုင်ငံတော်မှာ ချမှတ်ထားသည့် သင်းတန်းသားများ အရည်အချင်းသတ်မှတ်ချက် ကလည်း သင်တန်းတက်ရောက်ရန် အခက်အခဲတစ်ခု ဖြစ်နေပါသည်။ ဟိုတယ် နှင့် ဧည့်လမ်းညွှန် သင်တန်းများသည် သင်တန်းပြီးဆုံးပါက လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ပါ ထုတ်ပေးမည်ဖြစ်သဖြင့် သင်တန်းသား၏ ပညာအရည်အချင်းအနေဖြင့် အနိမ့်ဆုံး ၁၀ တန်းအောင်ရမည် ဆိုသည့် အချက်ကြောင့်

သင်တန်းတက်ရောက်ရန် အလားအလာရှိသည့် လူငယ်များ၏ အခွင့်အရေး ဆုံးရှုံး နေကြရပါသည်။ ဥပမာ- ကယားပြည်နယ်မှ ခရစ်ယာန်ဘာသာဝင် လူငယ်များက အင်္ဂလိပ် စကားကို ကောင်းစွာပြော နိုင်ကြပြီး ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သည့် သူများက ထိုင်းဘာသာ စကား ကို ကောင်းစွာပြောနိုင်ကြသော်လည်း ယင်းလူငယ်များ၏ ပညာအရည်အချင်းသည် အလယ်တန်း အဆင့်သာ ရှိသည့်အတွက် ညှော်လမ်းညွှန် သင်တန်း တက်ရောက်ခွင့် မရကြသောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ ထို့ကြောင့် ယင်းအချက်များကိုလည်း ဖြေလျော့ပြီး ကယားပြည်နယ်မှ လူငယ်များ သင်တန်း တက်ရောက်နိုင်ရန် အခွင့်အရေးများ ဖော်ဆောင်ပေးသင့်ပါသည်။


## ၅.၆ အခြားသော အချက်အလက်များ

ကယားပြည်နယ်တွင် စက်ရုံအလုပ်ရုံများ အလွန် နည်းပါးပြီး ကျပန်းအလုပ်များသာ များသည့်အတွက် ကယားလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးလျက်ရှိပါသည်။ ကယားပြည်နယ် တွင် စက်ရုံအလုပ်ရုံများ တိုးပွားလာပါက ဒေသတွင်း လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည် ဖြစ်သလို ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်ရခြင်းများ လျော့နည်း လာမည်ဖြစ်ပါသည်။ ပြည်နယ်အတွက်လည်း အကျိုးရှိသလို နိုင်ငံအတွက်လည်း ပုံရိပ်ကောင်း လာမည်ဖြစ်ပါသည်။ ကယားပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာများကြောင့် မြေဆီလွှာ ဆုံးရှုံးခြင်း၊လယ်ယာမြေပိုင်ဆိုင်မှု ကို မှတ်တမ်းတင်ရန် ခက်ခဲခြင်းများ ဖြစ်ပေါ်လျက် ရှိပါသည်။ ဒေသခံများ အနေဖြင့် ယခင်က ပေါများသော မြေသယံဇာတများ အရ လွတ်လပ်စွာ ပြောင်းရွှေ့ စိုက်ပျိုးလုပ်ကိုင်နိုင်သော်လည်း ယခုအခါ ကျုံးကျော် အသွင်ဖြစ်သွားခဲ့ပါသည်။ ထို့ကြောင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ဒေသဆိုင်ရာ စီမံကိန်းများ၊ နိုင်ငံပိုင် စီမံကိန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း ဆန့်ကျင်ကန့်ကွက်မှု အချို့ ရှိလာကြောင်း သိရှိရပါသည်။

# ၆. ကယားပြည်နယ်၏ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းလေ့လာမှု အရ စီးပွားရေးလုပ်ငန်းရှင်များ၏ သဘောထားအမြင်များမှာ စိုက်ပျိုးရေးထုတ်ကုန် ကုန်ကြမ်းများကို အခြေခံ၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း နှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများတို့တွင် အလားအလာကောင်းများ ရှိသည်ဟု ဖော်ပြကြပါသည်။

*ပုံ (၄၅) လုပ်ငန်းရှင်များမှ ထင်မြင်သော ပြည်နယ်အတွင်းရှိ အလားအလာရှိသည့် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ*




*ဇစ်မြစ် - ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ဆိုင်ရာ စစ်တမ်း*

## ၆.၁ ကယားပြည်နယ် တွင် အလားအလာကောင်းသည့် လုပ်ငန်းများ

ကယားပြည်နယ်သည် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ အနေဖြင့် ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်း၊ နယ်စပ်ကုန်သွယ် ရေးလုပ်ငန်း၊ ရေအားလျှပ်စစ် လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း ၊ သတ္တုတူး ဖော်ခြင်းလုပ်ငန်း တို့ဖြစ်ကြပါသည်။ ကယားပြည်နယ် ဘောလခဲခရိုင်အတွင်း အလားအလာ ကောင်းသော စီးပွားရေး လုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်း၊ သစ်အချောထည်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေအားလျှပ်စစ် ထုတ်ယူခြင်း လုပ်ငန်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းတို့ ဖြစ်ကြသည်။

### ၆.၁.၁ စိုက်ပျိုးရေး အခြေခံတန်ဖိုးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း

ကယားပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံသည့် ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များ ကို ကုန်ကြမ်းအဖြစ် အသုံးချပြီး စက်ရုံ အလုပ်ရုံများ တည်ထောင်သင့်ပါသည်။ စိုက်ပျိုးရေး အခြေခံတန်ဖိုးမြင့် ကုန်ပစ္စည်းလုပ်ငန်းများမှာ ပြောင်းအခြောက်ခံစက်၊ နမ်းဆီစက်ရုံ၊ တိရိစ္ဆာန် အစာစပ် စက်ရုံ များတွင် ရင်းနှီး မြှုပ်နှံ နိုင်ပါသည်။

**<u>ပြောင်းအခြောက်ခံစက်</u>**

ကယားပြည်နယ်တွင် တစ်နှစ်လျှင် ပြောင်း တင်းပေါင်း ၃၄သိန်းကျော် ထွက်ရှိသည့် အတွက် ယင်းပြောင်းများ၏ အရည်အသွေးကောင်းများရရှိရန်နှင့် အလျှင်အမြန် ခြောက်သွေ့ရန် လိုအပ်သည့် အတွက် ပြောင်းအခြောက်ခံစက် လုပ်ငန်းများ ဆောင်ရွက်ပါက အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ပါသည်။ ယခုလက်ရှိအချိန်၌ ပြောင်းအခြောက်ခံစက် ၃ ခုသာရှိပြီး ပြောင်းထွက်ရှိ ချိန်တွင် အခြောက်ခံစက်များစွာ လိုအပ်နေဆဲ ဖြစ်ပါသည်။ ၁၅ တန် ကျ ပြောင်းအခြောက်ခံစက် တစ်လုံးအတွက် မတည်ရင်းနှီးငွေကျပ်သိန်း (၃၅၀-၄၀၀) ခန့်ကုန်ကျမည် ဖြစ်ပြီး တန် ၃၀ ကျ ပြောင်းအခြောက်ခံ စက်တစ်လုံးအတွက် သိန်းပေါင်း (၆၅၀-၇၀၀) ခန့် ကုန်ကျ မည်ဖြစ်ပါသည်။ အစိုးရမှ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များ၏ မတည်ရင်းနှီးငွေ အတွက် SMEs ချေးငွေ (သို့) အခြားချေးငွေ များဖြင့် ပံ့ပိုးပေးပါက အခြောက်ခံစက်လုပ်ငန်းလုပ်ကိုင်သူများသာမက ပြောင်းစိုက်တောင်သူများပါ အကျိုး ဖြစ်ထွန်းလာနိုင်ပါသည်။

**နမ်းဆီစက်ရုံ**

ကယားပြည်နယ် ဘောလခဲခရိုင်သည် ဆီထွက်သီးနှံ နမ်း ထုတ်လုပ်မှုမြင့်မားသော ဒေသဖြစ်ခြင်းကြောင့် ဘောလခဲခရိုင်တွင် နမ်းဆီကြိတ်စက်ရုံ/ဆီစက်လုပ်ငန်းမှာ အလားအလာကောင်းသည့် စီးပွားရေးတစ်ခု ဖြစ်ပါသည်။ လွိုင်ကော်ခရိုင်တွင် ဆီစက်ပေါင်း ၁၅ လုံးခန့် ရှိသော်လည်း ဘောလခဲခရိုင်တွင် ဆီကြိတ်ဆုံ ဖြင့် ဆီထုတ်ယူသည့် စနစ်ကိုသာ မိရိုးဖလာ လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြသည်။ လွိုင်ကော်ခရိုင်မှ ဆီစက်များသည့် မြေပဲဆီကိုသာ အဓိကထုတ်လုပ်ကြပါသည်။ ဝမ်းစာ ဖူလုံသည်နှင့် နမ်းသီးနှံကို ပွဲစားကုန်သည်ထံသို့ အပ်နှံရောင်းချကြသည်။ ထို့ကြောင့် ဘောလခဲ ခရိုင်တွင် ဆီစက်များ တည်ထောင်ပြီး နမ်းဆီ ထုတ်လုပ်နိုင်ပါက စီးပွားရေး အကျိုးအမြတ်များစွာ ရရှိမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကိုယ်တိုင် ဆီကြိတ်ဆုံဖြင့် ဆီထုတ်ခြင်းကြောင့် အရည်အသွေး နိမ့်ပြီး ဈေးကွက်ဝင်ရန် ခက်ခဲခြင်းကြောင့် အများစုက နမ်းကို တိုက်ရိုက် ရောင်းချနေရသည့် အတွက် အမြတ်အနည်းငယ်သာရရှိ နေကြပါသည်။

၂၀၁၈ခုနှစ် နှစ်စ ပိုင်းတွင် ဘောလခဲမြို့နယ် ရေနီပေါက်ကျေးရွာမှ ဆီကြိတ်စက်အငယ်စား တစ်လုံးကို စတင်တပ်ဆင်လုပ်ကိုင်ခဲ့သည်။ ဆီဆုံဖြင့် လုပ်ကိုင်နေသည်မှာ အချိန် ကြာမြင့်ပြီး အဆင်မပြေ သည့်အတွက် စက်ကလေးတစ်လုံး ဝယ်ယူတပ်ဆင်ခဲ့ခြင်း ဖြစ်သည်။ လွိုင်ကော်မြို့မှ အသုံးပြုပြီးသား စက်ကို ကျပ်သိန်း ၂၀ ဖြင့် ပြန်လည် ဝယ်ယူ အသုံးပြုခြင်းဖြစ်သည်။ ဒေသတွင်း ကျေးရွာများမှ နဝလီလာရောက်ကြိတ်ခွဲသော နမ်း များကို အခကြေးငွေယူကာ ဆီကြိတ်ပေးသည်။ နမ်း ၉ ပိသာလျှင် ၁,၀၀၀ ကျပ် ကြိတ်ခ ရသည်။ ဆီကြိတ်ခြင်းမှ ရရှိသော နမ်းဖတ်ကို စက်ပိုင်မှ ယူကာ တိရိစ္ဆာန်အစာအဖြစ် ပြန်လည်ရောင်းချပေးသည်။ နမ်းဖတ် တစ်ပိသာ ၆၀၀ ကျပ်ရရှိသည်။ နမ်း ၉ ပိသာကြိတ်ပါက နမ်းဖတ် ၅ ပိသာနှင့် နမ်းဆီ ၄ ပိသာရရှိသည်။ ဘောလခဲ တွင် နမ်းဆီ ကြိတ်စက်အကြီးစား တည်ထောင်နိုင်မည်ဆိုပါက ကုန်ကြမ်း လိုအပ် သလောက် ရရှိ နိုင်သည်။ အလားအလာရှိသော လုပ်ငန်းတစ်ခုအဖြစ် တွေ့မြင်ရပါသည်။ လက်ရှိတွင် ရေနီပေါက်မှ ဆီစက်တစ်လုံးသာ ရှိပြီး ထိုစက်မှာလည်း တစ်ရက်တွင် ပိသာချိန် ၃၀ ခန့်သာ ဆောင်ရွက်နိုင်သည့် လက်လုပ် စက်ကလေးသာဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆီကြိတ်စက် တည်ထောင်ပြီး နမ်းဆီထုတ်လုပ်မည်ဆိုပါက ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူး နိုင်မည်ဖြစ်ပါသည်။

**တိရိစ္ဆာန် အစာစပ် စက်ရုံ**

ကယားပြည်နယ်တွင် ဆန်၊ ပြောင်းနှင့် နမ်း အဓိက ထွက်ရှိသည့်အတွက် ယင်းထွက်ကုန် များဖြင့်လည်း တိရိစ္ဆာန်အစာစပ် စက်ရုံ တည်ထောင်နိုင်သည့် အခွင့်အလမ်းများ ရှိပါသည်။ ဆန်ကွဲ၊ ဖွဲ၊ နမ်းဖတ် နှင့်

ပြောင်း တို့သည် တိရိစ္ဆာန် အစာ ထုတ်လုပ်နိုင်သော ကုန်ကြမ်းများဖြစ်ပါသည်။ ကယားပြည်နယ်တွင် မွေးမြူရေးဇုံ ဖော်ထုတ်ပြီး လိုအပ်သော တိရိစ္ဆာန်အစာကို ဒေသတွင်းမှာပင် ထုတ်လုပ်ပြီး ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

## ၆.၁.၂ ခရီးသွားဝန်ဆောင်မှုကဏ္ဍ

ကယားပြည်နယ်တွင် ယခင်က မြို့နယ် များအားလုံးသို့ သွားလာခွင့် မပြုခဲ့သော်လည်း ယခုအခါတွင် ရှားတောမြို့နယ်မှ လွဲ၍ သွားလာခွင့်ပြုပြီးဖြစ်သဖြင့် ပြည်နယ် အတွင်း မူလအတိုင်းပျက်စီးယိုယွင်းမှုမရှိဘဲ အလွန်သာယာလှပသည့် ရေမြေသဘာဝ တောတောင်များကို လေ့လာခွင့်ရနေခဲ့ပြီဖြစ်သည်။ လွိုင်ကော်မြို့နယ်ရှိ တောင်ကွဲစေတီ၊ မြို့နာမ်စေတီ၊ စော်ဘွားများနေထိုင်ခဲ့ရာ ကန္တာရဝတီဟော်နန်း၊ ကြွတ်ဂူ၊ လောပိတရေတံခွန်၊ လွယ်တမူဂူ၊ ဒီးမော့ဆိုမြို့နယ်တွင် ကန်စုနှစ်ဆင့် ၊ ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီးရှိ ထီပဂူနဂူ စသည်တို့အပြင် သံလွင်မြစ် နှင့် ဘီလူးချောင်း အတွင်းရှိ သဘာဝရှုခင်းများကို ကြည့်ရှုလည်ပတ်နိုင်ပါသည်။ ထို့ပြင်လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ခရီးစဉ်များဖြစ်သည့် ဒီးမော့ဆိုမြို့နယ်ရှိ ပန်ပက်ရွာ၊ တနီးလာလဲရွာ၊ ဒေါတမကြီးရွာ၊ ဖရူဆိုမြို့နယ်ရှိ ထေခိုကျေးရွာ၊ ဟိုရာကျေးရွာ၊ ဘီယာကျေးရွာ ခရီးစဉ် များသည် ပြည်တွင်း/ပြည်ပ ခရီးသွားသူများ အထူးပင် စိတ်ဝင်စားမည့် နေရာများဖြစ်ပါသည်။ ယင်းကျေးရွာများတွင် သာယာလှပသည့်တောတောင်များ (လူ ၄ ဦးဖက်ရသည့် သစ်ပင်ကြီးများ) နှစ်(၁၀၀) အတွင်းဂူများ၊ ဂျပန်များပုန်းခိုရာ နေရာ နှင့် ကယောလူမျိုးအများစု ၏ သဘာဝနေထိုင်မှု အခြေအနေများကို လေ့လာနိုင်ကြပါသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မယ်စဲ့မြို့နယ်ရှိ ထိုင်းနိုင်ငံနယ်စပ်ဂိတ် BP-13 ကိုဖွင့်လှစ်ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် လူဝင်မှုကိုလည်း ခွင့်ပြုပေးမည်ဆိုပါက ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ခရိုင် ပိုင်မြို့သို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ အလွယ်တကူ လာရောက် လည်ပတ်နိုင်သောကြောင့် ကယားပြည်နယ်၏ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

သွားရောက်လည်ပတ်ခွင့်မပြုသေးသည့် ရှားတောမြို့နယ်သည် ကယားပြည်နယ်တွင် Eco Tourism အတွက် အထူးကောင်းမွန်သည့် ဒေသဖြစ်ပါသည်။ ရှားတောမြို့နယ်တွင် တာတမော့တောင်၊ သဘာဝရေပူစမ်း၊ ဦးအောင်ဇေယျ တည်ခဲ့သည့် ရှေးဟောင်းဘုရားများ ရှိပါသည်။ ကယားပြည်နယ်၏ အမြင့်ဆုံးတောင်ဖြစ်သည့် တာတမော့တောင်ပေါ်တွင် Hotel/Resort တစ်ခု ကို မယ်ဟောင်ဆောင်ပြည်နယ် ပိုင်မြို့ခရီးစဉ် ကဲ့သို့ ဖော်ဆောင်ပြီး နိုင်ငံခြားသား ခရီးသွားများကို

စွဲဆောင်နိုင်မည့် အခွင့်အလမ်းကို ဖော်ဆောင်ရန်အတွက် အထူးလိုအပ်နေပါသည်။ ရှားတောမြို့နယ်သည်လည်း ထိုင်းနိုင်ငံနှင့် နယ်စပ်ဂိတ် BP-8 နှင့် BP-9 တို့၏ လမ်းကြောင်းကိုလည်း ဖွင့်လှစ်ပေး နိုင်ပါက နိုင်ငံခြားသား ခရီးသွားများအပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပါ အထူး ကောင်းမွန်လာမည်ဖြစ်ပါသည်။ ထို့ပြင် ၉-၃-၂၀၁၇ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ ၊ မယ်ဟောင်ဆောင်ခရိုင် ၊ မယ်ဟောင်ဆောင်မြို့တို့အကြား ညီအစ်မမြို့တော်(Sister City) တည်ထောင်ရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးသဖြင့် ယင်း နားလည်မှုစာချွန်လွှာပါအချက်များ အမြန်ဆုံး အကောင်အထည်ဖော်နိုင်မှသာလျင် ကယားပြည်နယ်၏ ခရီးသွားကဏ္ဍ နှင့် ကုန်သွယ်မှု ကဏ္ဍ များ အရှိန်အဟုန်မြှင့် တိုးတက်လာမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းတွင် CBT , Culture Tourism , Tracking Tourism များအောင်မြင်နိုင်ပါသည်။ ထို့ပြင် ရှားတောမြို့နယ်မရောက်ခင် ပွန်ချောင်း တွင် Adventure Tour လုပ်ရန် ပြင်ဆင်လျက် ရှိပါသည်။ ဖားဆောင်းမြို့နယ် မရောက်ခင် ထူးချောင်း ၊ ပွန်ချောင်းအတွင်း ရှူခင်းများ လှပပါသည်။ ဒီးမော့ဆိုမြို့နယ်တွင် ဒွေးမယ်နော် ကန်စုနစ်ဆင့် ၊ ထီးပွင့်ကန် တို့သည်အလွန် လှပသည့်နေရာဖြစ်သည်။ ရွာသစ်ဘက်တွင် ရေးနှစ်ပေါင်းများစွာက ကျွန်းတိုင်များစွာဖြင့် တည်ဆောက်ထားသော ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းရှိကာ ခရီးသွားများ အလွန်စိတ်ဝင်စား နိုင်သဖြင့် ပြည်နယ်အစိုးရထံခွင့်တောင်းကာ ၂၀၁၈ခုနှစ်တွင် ခရီးသွားလုပ်ငန်း အနေဖြင့် လုပ်ကိုင်ရန်ရှိပါသည်။ ဘောလခဲခရိုင် တွင် ရှမ်းစော်ဘွားမြို့ တည်ခဲ့သော နေရာဟောင်း ရှိသည်။ ရေနီချောင်းဖြတ်စီးနေသော ရေးဟောင်းဂူကြီးတစ်လုံးနှင့် ရေတံခွန် တို့ရှိသည်။ ရေနီချောင်းစီးဆင်းနေသောဂူမှာ ဘောလခဲမြို့ တောင်ဘက် ၃ မိုင်အကွာတွင်ရှိပြီး လွတ်လပ်လွယ်ကူစွာ သွားလာနိုင်သည်။ တိုင်းရင်းသား ကျေးရွာများသို့လည်း လည်ပတ် နိုင်ပါသည်။ မိုးဗြဲဆည် - ဖယ်ခုံ - အင်းလေးအထိ ရေလမ်းကြောင်းဖြင့် ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်သို့ ခရီးသွားများ တိုက်ရိုက်သွားနိုင်အောင် စီမံလျက်ရှိသည်။ လွိုင်ကော်တွင် နောင်ယားကန်ဘေး၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက် တွင် ညဈေးကိုဖွင့်လှစ်ပေးခဲ့ရာ ခရီးသွား ဧည့်သည်များအတွက် ဆွဲဆောင်မှုတစ်ရပ် ဖြစ်ပါသည်။

## ၆.၁.၃ စက်မှုစက်

ဘောလခဲခရိုင်အတွင်း သစ်တော ဝါးတောကြီးများရှိနေဆဲဖြစ်ပါသည်။ ဝါးမျိုးစုံ ပေါက်ရောက်နေ သော်လည်း ဒေသတွင်း စီးပွားဖြစ် ထုတ်ယူသုံးစွဲမှု မရှိသေးသည်ကိုတွေ့ရသည်။ တောင်ပေါ် ဝါးတောများ အတွင်း အပင်ကိုင်းချင်း ပွတ်တိုက်မှုကြောင့် ပူပြင်း ခြောက်သွေ့သည့် ကာလများတွင် တောမီး လောင်ကျွမ်းခြင်းကို အမြဲလိုလို ကြုံတွေ့ နေကြရသည်။ ကယားပြည်နယ် ဘောလခဲမှ တောတောင်များတွင် ပူပြင်း ခြောက်သွေ့သည့် ကာလများသို့ ရောက်ပြီဆိုသည်နှင့်

တောမီးလောင်လေ့ရှိသည်။ မုဆိုးများတောလည် ထွက်သည့်အခါ သားကောင်ကို ခြောက်ရန်အတွက် မီးရှို့ကြသဖြင့် တောမီးလောင်ခြင်း၊ တောင်ယာ ခုတ်ထွင်ရှင်းလင်းသည့်အခါ မီးရှို့ကြသဖြင့် တောမီးလောင်ခြင်း နှင့် ဝါးပင်ဝါးရွက်များ ပွတ်တိုက်မှုမှတဆင့် သဘာဝအတိုင်း တောမီးလောင်ခြင်း ဟူ၍ မီးလောင်ခြင်း သုံးမျိုးရှိသည်။ ထို့အတွက် အဖိုးတန် ဝါးပင်များ နစ်စဉ် အချည်းနှီး ဆုံးရှုံးနေရပါသည်။ မိုးကာလသို့ ရောက်လာသည့်အခါ ယခင် မီးလောင်ကျွမ်းသော ဝါးငုတ်များမှ အစို့ထွက်ကာ အပင်အဖြစ် ပြန်လည်ပေါက်ရောက် လာသည့်အတွက်သာ ဝါးတောများ ပြုန်းတီး မသွားခြင်းဖြစ်သည်။ မိုးတွင်းကာလတွင် အပင်ပေါက်ပြီး နွေရာသီတွင် မီးလောင်သည်မှာ ပုံမှန် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ဝါးများ ဆုံးရှုံးနေရပါသည်။ ထို့အတွက် သဘာဝကို ထိန်းသိမ်းရာလည်း ရောက်စေရန်၊ တောတိရိစ္ဆာန်များ မီးဘေးကြောင့် ကြောက်လန့် ပြေးလွှားနေရသည့် အဖြစ်မှလည်း လွတ်ကင်းစေရန် ဝါးပင်များကို စနစ်တကျ ခုတ်ထွင်၍ စက္ကူ ထုတ်လုပ်သင့်ပါသည်။ ဝါးမှ စက္ကူထုတ်လုပ်နိုင်ခြင်းကြောင့် ဘောလခဲတွင် စက္ကူစက်ရုံ တည်ထောင်နိုင်လျှင် များစွာ အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်သည်။ ဘောလခဲခရိုင်တွင် စက္ကူစက်ရုံတစ်ခု တည်ထောင် ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူအတွက် အကျိုးအမြတ်ကောင်းများ ရရှိမည်ဖြစ်သလို တောမီးကြောင့် ပျက်စီးဆုံးရှုံးရသော သဘာဝ သစ်တောကြီးများကို ထိန်းသိမ်းရာ ရောက်သည့်အပြင် ဘောလခဲခရိုင် အတွင်းရှိ ပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည် ဖြစ်ပါသည်။ ထို့ကြောင့် ကုန်ကြမ်းဖြစ်သည့် ဝါးတောများကို စနစ်တကျ ထိန်းသိမ်းပြီး အကျိုးအမြတ်များစွာရရှိမည့် စက္ကူစက်ရုံကို ဘောလခဲခရိုင်တွင် ရင်းနှီးမြှုပ်နှံ သင့်ပါသည်။

## ၆.၁.၄ တိရစ္ဆာန်မွေးမြူရေး နှင့် ငါးမွေးမြူရေးလုပ်ငန်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရ၏ လမ်းညွှန်ထောက်ပံ့မှုဖြင့် မယ်စဲ့မြို့နယ်၊ ဟိုဂျစ်၊ လမ်းဆုံနှင့် လယ်တောကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတံဒါးကျေးရွာ နှင့် ရှာသစ်မြို့နယ် လွယ်ပိုင်းကျေးရွာတွင် Quick Win ရလွယ်သော သားပေါက်နှုန်းကောင်းသော အစားအစာအတွက် ကုန်ကျမှု အထူးမလိုအပ်သော ဆိတ် များကို ဖြန့်ဖြူးပေးထားရာ မွေးမြူရေးအောင်မြင်ပါက ကယားပြည်နယ်သည် အခြားတိုင်းဒေသကြီးများကဲ့သို့ ဆိတ်များ များလာကာ ပြည်နယ်အတွင်း ဆိတ်သားထုတ်လုပ်မှု မြင့်တက်လာနိုင်သည်။

၂၀၁၈ခုနှစ်တွင်လည်း ဆိတ်ကောင်ရေ(၁၅၀၀)ကျော် ဖြန့်ချိရန် လျာထားချက် ရှိပါသည်။ အလားအလာ ရှိသော နေရာများနှင့် ရာသီဥတု ပူသောနေရာများတွင် အဓိက ဖြန့်ဖြူးပေးမည်ဟု သိရပါသည်။ ဝက်မွေးမြူရေး အနေဖြင့် ဒီးမော့ဆိုမြို့နယ်အတွင်း မွေးမြူကြပါသည်။ (၃-၄)နှစ်အတွင်း ဝက်ကောင်ရေ(၁၀၀၀)ကျော် ဖြန့်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။ ပြည်နယ်အတွင်း စားသုံးရန် ကြက်ကို

မန္တလေးမှ ဝယ်ယူနေရသည့်အတွက် ပြည်နယ်အတွင်း ကြက်မွေးမြူရေး လုပ်ကိုင်ရန် အလားအလာရှိပါသည်။

## ၆.၁.၅ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတွင် ရေရှည်စီးပွားရေးအတွက် ရေအားလျှပ်စစ်လုပ်ငန်း လုပ်ဆောင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုတွင် အောင်မြင်နိုင် သည်။ ထူးချောင်းနှင့်ပွန်ချောင်းဆုံရာတွင် ရေစီးအလွန်သန်သဖြင့် ရေအားလျှပ်စစ်ထုတ် လုပ်နိုင်ပါသည်။ ကယားပြည်နယ် နှင့်ရှမ်းပြည်နယ် အစပ်ရှိ နန့်တစ်ဘက်ချောင်းသည် ရေစီးအလွန်သန်ပြီးရေအားလျှပ်စစ်ထုတ် လုပ်မည်ဆိုပါက ရေရှည်အကြီးစားလုပ်ငန်း တစ်ခုအဖြစ် ဖြစ်နိုင်ချေရှိပြီး၊ လက်ရှိတွင်လည်း လေ့လာမှုများ လုပ်ဆောင်နေ ကြောင်း သိရှိခဲ့ရပါသည်။ ရေအားလျှပ်စစ်အတွက် သံလွင်မြစ်၊ ပွန်ချောင်းတို့ကို အသုံးပြုနိုင်သည်။ ယခင်ကလည်း ပွန်ချောင်း ရေအားလျှပ်စစ်စီမံကိန်း ရှိခဲ့ဖူးသည်။ ဒေသခံများ၏ ထောက်ခံမှု မရရှိသောကြောင့် ယင်းစီမံကိန်း ပျက်ပြယ်ခဲ့ကြောင်း သိရပါသည်။

## ၆.၁.၆ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း

ကယားပြည်နယ်တွင် ထုံးကျောက်တောင်များစွာရှိနေခြင်းကြောင့် ဘိလပ်မြေထုတ်လုပ်ပြီး၊ ပြည်တွင်းလိုအပ် ချက်ကို ဖြည့်ဆည်း နိုင်မည်ဆိုပါက ပြည်ပမှဘိလပ်မြေတင်သွင်းနေမှုများကို ရပ်တန့်စေနိုင်မည်ဖြစ်ကာ နိုင်ငံခြားငွေသုံးစွဲမှုကုန်ကျငွေကိုလျှော့ချနိုင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံ နှင့် နီးစပ်သည့်အတွက် ထိုင်းနိုင်ငံသို့ လည်း တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများစွာရှိပါသည်။ ကယားပြည်နယ် သည် ယခုအချိန်မှ စပြီး တစ်စတစ်စ တိုးတက်လာသည့်အတွက် အခြေခံ အဆောက်အအုံ ပိုမို လိုအပ်လာမည်ဖြစ်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းဖြစ်သည် ဘိလပ်မြေ ဝယ်လိုအားများစွာရှိသည်ဟု သိရပါသည်။

## ၆.၁.၇ နယ်စပ်ကုန်သွယ်ရေး

နယ်စပ်ဂိတ် BP-13 ၊ BP-14 များတွင် နယ်စပ်ကုန်သွယ်ရေးဇုန်များဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံနိုင်သည်။ အဆိုပါဇုန် အတွင်း ကုန်စည်များ သိုလှောင်ရန် သိုလှောင်စခန်းများ တွင် ရင်းနှီးမြှုပ်နှံနိုင်သည်။ လက်ရှိတွင် ပြည်နယ်အစိုးရမှ ဖော်ဆောင်နေသော (၂)ညအိပ်၊ (၃)ရက်ခရီးစဉ် အောင်မြင်ပါက ခရီးသွားဧည့်သည်များ အပြန်အလှန် ဝင်/ထွက် နိုင်ကာ ခရီးသွားလုပ်ငန်းနှင့် နယ်စပ်ကုန်သွယ်ရေး ပိုမိုအောင်မြင်လာနိုင်ပါသည်။ နယ်စပ်ကုန်သွယ်ရေးပွင့်သွားပါက အထည်ချုပ်လုပ်ငန်းမျိုးများ CMP စနစ်ဖြင့်ချုပ်လုပ် သည့်စက်ရုံကြီးများ ရင်းနှီးမြှုပ်နှံနိုင်ကြမည် ဖြစ်ပါသည်။

## ၆.၁.၈ သစ်အချောထည်လုပ်ငန်းများ

ဖားဆောင်းသမအသင်းမှ ၂၀၁၈ ဇန်နဝါရီတွင် စတင်ပြုလုပ်နေသော သစ်အချောထည်လုပ်ငန်း တစ်ခုမှာ အလားအလာကောင်းသည်ကို တွေ့ရပါသည်။ အစိုးရပိုင် ဂိုထောင် တစ်ခုအတွင်း ပြုလုပ်နေပြီး ကယားပြည်နယ် ပွဲတော် သမဆိုင်ခန်းအတွက် ရည်ရွယ်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆိုင်ခန်းဖွင့်ရောင်းချခဲ့ရာတွင် ဖားဆောင်းမှ ပြုလုပ် ပို့ဆောင်ခဲ့သည့် ကုန်ပစ္စည်းများ အားလုံးရောင်းချပေးနိုင်ခဲ့သည်။ ထို့အတွက် လွိုင်ကော်ရုံးချုပ်မှ ညွှန်ကြားမှုဖြင့် ဖားဆောင်းတွင် ဆက်လက်လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ ကုန်ကြမ်းမှာ ဒေသတွင်းသစ်ထုတ် လုပ်ရေးများမှ အရွယ်အစားမပြည့်သည့် ပိတောက်သားများ၊ တောင်ယာများမှ ခုတ်ထွင်ရှင်းလင်းထားသော စွန့်ပစ် ပိတောက် သစ်ကိုင်း သစ်တုံးများကို လူသုံးပစ္စည်းများ ထုတ်လုပ်ခြင်းဖြစ်သည်။ သမအသင်းမှ ပြုလုပ်နေသည့် ပစ္စည်းများမှာ ပန်းအိုး၊ ဘောပင်ခွက်၊ ရေခွက်၊ ကော်ဖီခွက်စုံ၊ ပန်းကန်ပြားဆိုဒ်စုံ၊ ဝိုင်ခွက် စသည်တို့ဖြစ်သည်။ လက်မှုပညာရှင်ကို ပဲခူးတိုင်းမှ ခေါ်ယူထားပြီး တစ်လ ကျပ်၄ သိန်းခွဲပေးရသည်။ အသင်းမှ စိတ်ပါ ဝင်စားသည့် လူများကို ပြန်လည် ပညာပေးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ပညာရှင် တစ်ယောက် အလုပ်သင် နှစ်ဦးတို့ကို တွေ့ရှိရသည်။ ကုန်ကြမ်းကားတစ်စီး တစ်သိန်းခွဲပေးရသည်။ ကုန်ချောထုတ် လုပ်မှုအနေဖြင့် ကားတစ်စီးတွင် ၁၀ ရက် ခန့် အသုံးပြုရသည်။ အရေအတွက်မှာ အရွယ် အစားအမျိုးမျိုး ရှိနေခြင်းကြောင့် တွက်မပြနိုင်ဘဲ ငွေကြေးအနေဖြင့် ၇ သိန်းကျပ်နီးပါး ပြန်လည်ရရှိနိုင်သည်ဟု သိရသည်။ ကုန်ပစ္စည်းများ၏ လက္ကားဈေးနှုန်းကို တစ်လက်မ ၅၀ ကျပ် ဖြင့်သာ တွက်ချက်ရောင်းချမည်ဟု သတ်မှတ်ထားသည်။ လုပ်ကိုင်ဆောင်ရွက် ပြီးသည့် ကုန်ပစ္စည်းများကို ပြည်နယ်ရုံးချုပ်သို့သာ ပို့ဆောင်ပေးနေရသည်။ ဖားဆောင်း မြို့နယ်နှင့် အခြားဒေသများမှ လာရောက်လေ့လာဝယ်ယူသူ တစ်ဦးမှ မရှိသေးကြောင်း သိရသည်။ အလားတူပင် ဘောလခဲခရိုင်အတွင်း ထုတ်လုပ်နိုင်သော သစ်များနှင့် အလေအလွင့်သစ်များကို သစ်အချောထည်အဖြစ် ထုတ်လုပ်ရန် အလားအလာကောင်းပါသည်။

## ၆.၁.၉ သတ္တု သန့်စင်လုပ်ငန်းများ

ကယားပြည်နယ်အတွင်း ထွက်ရှိသည့် ခနောက်စိမ်းနှင့် ခဲမဖြူ အစရှိသော သတ္တုများကို သတ္တုရိုင်းအနေဖြင့် တူးဖော်ထုတ်လုပ်နိုင်ရုံသာမက သတ္တုသန့်စင်စက်များကိုလည်း တည်ဆောက် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။

# ၇. စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အကြံပြုချက် နှင့် ဆောင်ရွက်မည့် အစီအစဉ်များ

ကယားပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ရန် အတွက် မြေဆီဩဇာကောင်းမွန်သည့် စိုက်ပျိုးမြေများနှင့် သတ္တုသိုက်များ စသည့် သဘာဝ သယံဇာတများ ပေါကြွယ်ဝစွာ တည်ရှိပါသည်။ ထို့အပြင် သဘာဝ အခြေခံခရီးသွားလုပ်ငန်း၊ ပထဝီဝင် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း နှင့် ဘာသာရေး လေ့လာမှုဆိုင်ရာ ခရီးသွားလုပ်ငန်း စသည်ဖြင့် ခရီးသွားကဏ္ဍများ ဆောင်ရွက်ရန်အတွက် ကြီးမားသော အလားအလာများလည်း တည်ရှိနေပါသည်။ ထို့အပြင် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးလျက်ရှိခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို နွေးထွေးစွာ ကြိုဆိုမည့် ပြည်နယ်အစိုးရနှင့် လုပ်ငန်းဆိုင်ရာ အဖွဲ့များ ရှိခြင်း၊ ပြည်နယ်တွင်းတည်ငြိမ် အေးချမ်းမှုများ ပိုမို တိုးတက်လျက် ရှိခြင်း စသည်တို့မှာ ပိုမို ကောင်းမွန်သည့် စီးပွားရေး ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိသော အဓိကအချက်များ ဖြစ်ပါသည်။

နောက်ဆုံးထုတ်ပြန်သည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကယားပြည်နယ်ရှိ မြို့နယ်အားလုံးသည် အခွန်ကင်းလွတ်ဇုန် (၁) တွင် ပါဝင်သဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ၇နှစ် ခံစားခွင့် ရရှိမည် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များအရ ကယားပြည်နယ်တွင် လုပ်ငန်းများလုပ်ကိုင်ရခြင်း အကြောင်းရင်းအတွက် အများဆုံးဖြေကြားကြသည်မှာ ဈေးကွက်ရရှိမှုကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။ လုပ်ငန်းစတင် လုပ်ကိုင်လျှင်လည်း လိုင်စင်နှင့် ပါမစ်များရရှိရန် လွယ်ကူကြောင်း ဖြေကြားကြပါသည်။ လက်ရှိ ဖြေဆိုသူ လုပ်ငန်းရှင်များ၏ လုပ်ငန်းများမှာ တိုးတက်မှုနှေးကွေးနေသေးသော်လည်း ၇၀% သော ဖြေဆိုသူများက လာမည့်သုံးနှစ်အတွင်းတွင် တိုးတက်လာမည့် အလားအလာများ ရှိမည်ဟုမျှော်မှန်းကြောင်း ဖြေကြားကြပါသည်။ ထိုသို့ ဖြေကြားရခြင်းမှာ ကယားပြည်နယ်တွင် ငြိမ်းချမ်းမှုရှိလာခြင်း၊ ဈေးကွက် ဝယ်လိုအား မြင့်တက်လာခြင်း တို့ကို တွေ့မြင်လာရသောကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

ကယားပြည်နယ်၏ အောက်ပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းကြောင်း ဖော်ထုတ် ရရှိပါသည်။

(၁) ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
(၂) ရေအားလျှပ်စစ် ထုတ်လုပ်သည့်လုပ်ငန်း
(၃) စိုက်ပျိုးရေးသွင်းအားစုများနှင့် အထွက်နှုန်းကောင်းသည့် မျိုးစေ့များ ဖြန့်ဖြူးခြင်း
(၄) သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ခြင်း၊

(၅) ဆောက်လုပ်ရေးလုပ်ငန်းများ၊
(၆) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများထုတ်လုပ်ခြင်း (ဘိလပ်မြေ၊ )
(၇) ဟိုတယ်လုပ်ငန်းများ
(၈) စိုက်ပျိုးရေးလုပ်ငန်း (ကော်ဖီ၊ လျှော်ဖြူ၊ မက္ကဒေးနီးယား)
(၉) စိုက်ပျိုးရေး ထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်း (ပြောင်းအခြောက်ခံစက်၊ တိရိစ္ဆာန်အစာ စက်၊ ဆီစက်၊ ဆန်စက်)
(၁၀) သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းများ ဖြစ်ကြပါသည်။

ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် အတွက် အောက်ပါအစီအစဉ်များကို ဦးစားပေး ဆောင်ရွက်သင့်ပါသည် -

၁) ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း (NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို လက်မှတ်ရေးထိုးရေး စည်းရုံးတိုက်တွန်းရန် နှင့် NCA လက်မှတ်ထိုးပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို စီးပွားရေး လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်)
၂) ဒေသတွင်း လုံခြုံစွာသွားလာလုပ်ကိုင်နိုင်ရန် ပြည်နယ်အစိုးရမှ အာမခံချက်ပေးနိုင်သည်အထိ စီစဉ်ပေးခြင်း
၃) ရင်းနှီးမြှုပ်နှံသူများအတွက် မြေအသုံးချခွင့်ရရှိရေး စီစဉ်ပေးခြင်း
၄) ရင်းနှီးမြှုပ်နှံသူများအပေါ် ဒေသခံများမှ လိုလားသည့် သဘောထားများ ဖြစ်လာစေရန် အသိပညာ ပေးခြင်းနှင့် စည်းရုံးခြင်း
၅) ထိုသို့ အသိပညာပေးခြင်းနှင့် စည်းရုံးရေး အစီအစဉ်များတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) နှင့် ဒေသခံ အဖွဲ့အစည်းများ (CBO) တို့၏ အကူအညီများ ရယူခြင်း
၆) နယ်စပ်ကုန်သွယ်ရေး အခြေအနေများတိုးတက်လာစေရန် နယ်စပ်ဂိတ်များ မှတစ်ဆင့် တရားဝင်ကုန်သွယ်နိုင်ရန် နှစ်နိုင်ငံ သဘောတူညီချက်များအရ အလျှင်အမြန်အကောင်အထည် ဖော်ခြင်း
၇) အရည်အသွေးကောင်းမွန်သော လုပ်သားများ မွေးထုတ်ပေးနိုင်ရန် အသက်မွေး ဝမ်းကြောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း
၈) ခေတ်မီ စက်ပစ္စည်းများနှင့် နည်းပညာ လိုအပ်ချက်များ ထောက်ပံ့ပေးခြင်း
၉) လက်မှုလယ်ယာမှ စက်မှုလယ်ယာ စနစ်သို့ ကူးပြောင်းနိုင်ရန် အထောက်အပံ့ များပေးခြင်း
၁၀) SMEs လုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း

## ၇.၁ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ အတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များ

ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးရမည့် အခြေခံ အဆောက်အအုံများနှင့် အဖွဲ့အစည်း/ မူဝါဒဆိုင်ရာ လိုအပ်ချက်များ ရှိပါသည်။ အဓိက လုပ်ဆောင် ပေးရမည့် အချက်များကို ဦးစားပေးအလိုက် အောက်ပါအတိုင်း ဖော်ထုတ် ရရှိပါသည်။

### ၇.၁.၁ ဦးစားပေး အကောင်အထည်ဖော်ရမည့် အစီအစဉ်များ

ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် အောက်ပါအချက်များကို ဆောင်ရွက် သင့်ကြောင်း အကြံပြုပါသည်-

(၁) ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် ကယားပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ စာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ ပြည်နယ်အစိုးရ သို့မဟုတ် DICA ဝက်ဆိုဒ်တွင် ဖော်ပြခြင်း

(၂) ရင်းနှီးမြှုပ်နှံမှု ပြပွဲများ၊ ဆွေးနွေးပွဲများ၊ ပြခန်းများ၊ စီးပွားရေးလုပ်ငန်းများ အချင်းချင်း ဆွေးနွေးပွဲများ၊ လေ့လာရေး ခရီးစဉ်များဖြင့် promote လုပ်ခြင်း

(၃) ရင်းနှီးမြှုပ်နှံနိုင်သည့် ကဏ္ဍများစာရင်းနှင့် လုပ်ငန်းများ စာရင်းကို အသင့်ပြုစုထားခြင်း

(၄) ရင်းနှီးမြှုပ်နှံနိုင်သည့် ဒေသများကို ထုတ်ပြန်ထားခြင်း၊ စက်မှုဇုန်နှင့် လုပ်ငန်းအလိုက်ဇုန်များ အကောင်အထည် ဖော်ခြင်း

(၅) ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကို လွယ်ကူရှင်းလင်းစွာ လိုက်နာဆောင်ရွက်နိုင်အောင် ထုတ်ပြန်ထားခြင်း

(၆) ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်အောင် ချိတ်ဆက် စီစဉ်ပေးခြင်း

(၇) ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအပေါ် ဒေသခံများမှ ဆန့်ကျင်မှု မဖြစ်စေရန် အသိပညာပေးခြင်း၊ စည်းရုံးဆောင်ရွက်ခြင်း

(၈) အခြေခံ အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်စေရန် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် လည်းကောင်း၊ အိမ်နီးချင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း

(၉) အိမ်နီးချင်းထိုင်းနိုင်ငံ၏ မယ်ဟောင်ဆောင်ခရိုင် နှင့် စီးပွားကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်အောင် ညှိနှိုင်းဆောင်ရွက်ခြင်း

(၁၀) ကယားပြည်နယ်အတွင်း ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးကို အဖွဲ့အစည်းများ၊ ဒေသခံများ အားလုံး သိရှိအောင် ချပြ ရှင်းလင်း ဆောင်ရွက်ခြင်း။

# နောက်ဆက်တွဲ

**ဇယား (၁)** ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းစစ်တမ်းမှ တွေ့ဆုံမေးမြန်းခဲ့ သည့် အရေအတွက်

| စဉ် | လုပ်ငန်း | လုပ်ငန်းကဏ္ဍ | သုတေသန ဧရိယာ |
|---|---|---|---|
| ၁ | လုပ်ငန်း - 1 | ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂ | လုပ်ငန်း - 2 | ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၃ | လုပ်ငန်း - 3 | စားသောက်ကုန်လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၄ | လုပ်ငန်း - 4 | စိုက်ပျိုးရေး နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၅ | လုပ်ငန်း - 5 | စားသောက်ကုန်လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၆ | လုပ်ငန်း - 6 | အထည် လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၇ | လုပ်ငန်း - 7 | စိုက်ပျိုးရေး နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၈ | လုပ်ငန်း - 8 | တိရစ္ဆာန်အစာရောင်းဝယ်ရေး (အခြား) | လွိုင်ကော်ခရိုင် |
| ၉ | လုပ်ငန်း - 9 | သတ္တုလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၀ | လုပ်ငန်း - 10 | စိုက်ပျိုးရေး နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၁ | လုပ်ငန်း - 11 | ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၂ | လုပ်ငန်း - 12 | ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၃ | လုပ်ငန်း - 13 | ကုန်သွယ်ရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၄ | လုပ်ငန်း - 14 | ကုန်သွယ်ရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၅ | လုပ်ငန်း - 15 | စားသောက်ကုန်လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၆ | လုပ်ငန်း - 16 | ပညာရေးဝန်ဆောင်မှုလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၇ | လုပ်ငန်း - 17 | ရောင်းဝယ်ရေး၊ ပို့ဆောင်ရေး | လွိုင်ကော်ခရိုင် |
| ၁၈ | လုပ်ငန်း - 18 | ဆောက်လုပ်ရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၁၉ | လုပ်ငန်း - 19 | စားသောက်ကုန်လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၀ | လုပ်ငန်း - 20 | ထုတ်လုပ်ရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၁ | လုပ်ငန်း - 21 | ထုတ်လုပ်ရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၂ | လုပ်ငန်း - 22 | ထုတ်လုပ်ရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၃ | လုပ်ငန်း - 23 | စိုက်ပျိုးရေး နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၄ | လုပ်ငန်း - 24 | ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ရေး | လွိုင်ကော်ခရိုင် |

| | | | |
|---|---|---|---|
| ၂၅ | လုပ်ငန်း - 25 | စိုက်ပျိုးရေး နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၆ | လုပ်ငန်း - 26 | စားသောက်ကုန်လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၇ | လုပ်ငန်း - 27 | ကျောက်စီပန်းချီကား လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၈ | လုပ်ငန်း - 28 | စားသောက်ကုန်လုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၂၉ | လုပ်ငန်း - 29 | ကြက်မွေးမြူရေးနှင့် ဖြန့်ချိရေး | လွိုင်ကော်ခရိုင် |
| ၃၀ | လုပ်ငန်း - 30 | မြန်မာမှုလုပ်ငန်း | လွိုင်ကော်ခရိုင် |
| ၃၁ | လုပ်ငန်း - 31 | ကိုယ်ပိုင်အထက်တန်းကျောင်း | လွိုင်ကော်ခရိုင် |
| ၃၂ | လုပ်ငန်း - 32 | ဆောက်လုပ်ရေး | ဘောလခဲခရိုင် |
| ၃၃ | လုပ်ငန်း - 33 | ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေး | ဘောလခဲခရိုင် |
| ၃၄ | လုပ်ငန်း - 34 | နှမ်းစိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေး | ဘောလခဲခရိုင် |
| ၃၅ | လုပ်ငန်း - 35 | နှမ်းစိုက်တောင်သူ (ရွာသစ်မြို့) | ဘောလခဲခရိုင် |
| ၃၆ | လုပ်ငန်း - 36 | ဆောက်လုပ်ရေး (ရွာသစ်မြို့) | ဘောလခဲခရိုင် |
| ၃၇ | လုပ်ငန်း - 37 | နှမ်းစိုက်တောင်သူ (ရွာသစ်မြို့) | ဘောလခဲခရိုင် |
| ၃၈ | လုပ်ငန်း - 38 | နှမ်းစိုက်တောင်သူ (မိုင်းထမ်းရွာ) | ဘောလခဲခရိုင် |
| ၃၉ | လုပ်ငန်း - 39 | နှမ်းစိုက်တောင်သူ (မိုင်းထမ်းရွာ) | ဘောလခဲခရိုင် |
| ၄၀ | လုပ်ငန်း - 40 | နှမ်းစိုက်တောင်သူ (ရေနီပေါက်ရွာ) | ဘောလခဲခရိုင် |
| ၄၁ | လုပ်ငန်း - 41 | နှမ်းစိုက်တောင်သူ (ရေနီပေါက်ရွာ) | ဘောလခဲခရိုင် |
| ၄၂ | လုပ်ငန်း - 42 | နှမ်းစိုက်တောင်သူ (ရေနီပေါက်ရွာ) | ဘောလခဲခရိုင် |
| ၄၃ | လုပ်ငန်း - 43 | နှမ်းဆီကြိတ်လုပ်ငန်း (SME) | ဘောလခဲခရိုင် |
| ၄၄ | လုပ်ငန်း - 44 | ကုန်သွယ်ရေးလုပ်ငန်း | ဘောလခဲခရိုင် |
| ၄၅ | လုပ်ငန်း - 45 | ဆောက်လုပ်ရေးလုပ်ငန်း | ဘောလခဲခရိုင် |
| ၄၆ | လုပ်ငန်း - 46 | လမ်းခင်းကျောက်ကျောက်ရောင်းဝယ်ရေး၊ | ဘောလခဲခရိုင် |
| ၄၇ | လုပ်ငန်း - 47 | ငါးသားပေါက် မွေးမြူထုတ်လုပ်ရေး | ဘောလခဲခရိုင် |
| ၄၈ | လုပ်ငန်း - 48 | လွိုင်ကော်-ဘောလခဲ ခရီးသွားယာဉ်လိုင်း | ဘောလခဲခရိုင် |
| ၄၉ | လုပ်ငန်း - 49 | ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း | ဘောလခဲခရိုင် |

## ကယားလူမျိုးစု (၉) စု

### (၁) ကယားတိုင်းရင်းသား




ကယားပြည်နယ် လွိုင်ကော်၊ ဒီးမော့ဆို၊ ရှားတောနှင့် ဖရူဆိုမြို့နယ် အရှေ့ပိုင်းဒေသ များတွင် အများဆုံး နေထိုင်ကြပါသည်။ ပဲခူးတိုင်း တောင်ငူမြို့နယ် နှင့် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် တို့တွင် အနည်းငယ် နေထိုင်ကြပါသည်။

အရှေ့ဘက် အရပ်တွင် နေထိုင်ကြသော ကယားတိုင်းရင်းသားများကို "မိထေ" ဟု ခေါ်သည်။ "မိထေ" မှာ နေထွက်ရာ အရပ်ဟု အဓိပ္ပာယ်ရပါသည်။ တခြား တိုင်းရင်းသားများကို "လော်ခီး" ဟု ခေါ်သည်။ "လော်ခီး" မှာ မြစ်ညာအရပ်ဟု အဓိပ္ပာယ် ရပါသည်။ တောင်ဘက်အရပ်တွင် နေထိုင်ကြသော ကယား တိုင်းရင်းသားများကို "လော်ကျ" ဟု ခေါ်သည်။ "လော်ကျ" မှာ မြစ်ခြေအရပ်ဟု အဓိပ္ပာယ်ရပါသည်။ ကယားတိုင်းရင်းသားများ၏ အမျိုးအနွယ် အမှတ်အသားမှာ မိမိတို့၏ ကျောကုန်းတွင် တက်နေဝန်းသင်္ကေတ အမှတ်အသားဖြင့် ဆေးမင်ကြောင် ထိုးထားသည်။ အမည်နာမကို အမျိုးသားများ၏ နာမည်အဆုံးတွင် "ရယ်" (မောင်ဖျားရယ်၊ မောင်ဘူးရယ်) ဟု ခေါ်ဆိုပြီး အမျိုးသမီးများမှာ "မြာ" (မပုလဲမြာ၊ မဘော်မြာ) ဟု အဆုံးသတ်မှည့်ခေါ်လေ့ရှိသည်။

ခေတ်ဟောင်း ကယားဆင်ယင် ထုံးဖွဲ့မှုမှာ ကယားအမျိုးသားတို့သည် နားဖောက်၍ နားတွင် နားဆွဲချွန်များ ပန်ဆင်လေ့ရှိသည်။ အနီရောင် ဘောင်းဘီတိုနှင့် ရှေ့နောက် ရင်ကွဲအကျီကို ဝတ်ကြပါသည်။ အမျိုးသမီးများသည် ဆံထုံးထုံး၍ အနီရောင်ပုဝါပေါင်းပြီး (၆) ပေခန့်ရှည်သော အဖြူရောင် ခါးစည်းစည်းထားသည်။ အနီရောင် ထမီဝတ်၍ ခြေသလုံးတွင် သစ်စေးသုတ်ထားသော ချည်ကွင်းများ စွပ်ထားသည်။ ငွေဒင်္ဂါးလည်ဆွဲ၊ နားဆွဲချွန်၊ ငွေလက်ကောက်နှင့် ငွေလက်စွပ်များ ဝတ်ဆင်ကြသည်။ ခါးနှင့် ခြေကျင်းဝတ်တွင် ပယင်းပုတီး၊ သန္တာပုတီးများ ပတ်ထားပါသည်။

### (၂) ကယန်းပဒေါင် (ကယန်းကဲခေါင်း) တိုင်းရင်းသား




ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ် တို့တွင် နေထိုင်ကြပါသည်။ ကရင်ပြည်နယ် သံတောင်မြို့နယ် မြောက်ပိုင်းဒေသ၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အရှေ့ပိုင်း တောင်တန်းဒေသ၊ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင် မြို့နယ်များတွင်လည်း အများဆုံး နေထိုင်ကြ ပါသည်။

ရှမ်းတိုင်းရင်းသားတို့က လည်ပင်း၊ ခြေသလုံးနှင့် လက်မောင်းတွင် ကြေးချောင်းကို ရစ်ပတ် ဝတ်ဆင်လျက်ရှိသော ကယားကို (ယန်းပတ်တောင်း) ဟု ခေါ်ဆိုကြပါသည်။ ယန်း = ကယား၊ ပတ်တောင်း = ကြေးပတ်ထားသည်၊ ယန်းပတ်တောင်း = ကြေးပတ်ကယားဟု အဓိပ္ပါယ်ရပါသည်။ ပဒေါင်တိုင်းရင်းသားတို့သည် မိမိတို့ကိုယ်ကို (ကယန်းကဲခေါင်း) ဟု ခေါ်ဆိုကြပါသည်။ ကယန်းကဲခေါင်း ဆိုသည်မှာ တောတောင်ထူထပ်ရာ ကုန်းမြင့်အရပ်တွင် နေထိုင်သူဟု အဓိပ္ပါယ်ရပါသည်။ တခြား မျိုးနွယ်စု တိုင်းရင်းသားများက ကယန်းကဲခေါင်းအစုကို (ပဒေါင်) ဟု ခေါ်ဆိုကြပါသည်။

မိမိတို့ မျိုးနွယ်စု အမှတ်အသားကို ကျောကုန်းနှင့် လည်ဂုတ်တွင် တက်နေဝန်းသင်္ကျာန် ဆေးမင်ကြောင် ထိုးထားလေ့ရှိပါသည်။ ကယား၊ ပဒေါင် တိုင်းရင်းသားတို့သည် လဟွီမျိုးနွယ်စုကြီးတွင် ပါဝင်သည်။

မိမိတို့၏ အမျိုးသားအမည်နာမရှေ့တွင် "ခွန်း" (ခွန်းထက်၊ ခွန်းမိုင်း) ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိပြီး၊ အမျိုးသမီး၏ အမည်နာရှေ့တွင် "မူ" (မူစ၊ မူလိုင်း) ဟု ခေါ်ဝေါ်သုံးစွဲလေ့ ရှိပါသည်။

ခေတ်သစ်ကယန်း (ပဒေါင်) ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် အနက်ရောင် ဘောင်းဘီရှည်အပွနှင့် အဖြူရောင်ရှပ်အကျႌ လက်ရှည်အပေါ်တွင် အဖြူရောင်သင်တိုင်း ကိုထပ်၍ ဝတ်ဆင်ထားပါသည်။ ခေါင်းပေါင်းပန်းရောင် (သို့) အဝါရောင် ပေါင်းထားပါသည်။ အမျိုးသမီးများ၏ အကျႌမှာ ခေါင်းစွပ်၊

ဂျပ်ခုတ်ထည်များသာ ဖြစ်၍ ဒူးအထိသာ ဝတ်ဆင်ထားပါသည်။ ထမီမှာလည်း ကိုယ်တိုင်ရက်လုပ်သည့် ဂျပ်ခုတ်ထည် အနီနှင့် အနက်ကန့်လန့်စင်းများ ဖြစ်ကြပါသည်။

**(၃) ကယန်းလထ (ဇယိမ်း) တိုင်းရင်းသား**




ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ရှမ်းပြည်နယ်ရှိ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်းမြို့နယ် များတွင် နေထိုင်ကြပါသည်။

ရှမ်းတိုင်းရင်းသားတို့က ဆံပင်ကို အရှည်မထားဘဲ အမြဲရိတ်လျက် ကတုံးထားလေ့ ရှိသော ကယားတိုင်းရင်းသားကို (ယန်းဟိုထာ) ဟု ခေါ်ဆိုကြပါသည်။ ယန်း = ကယား၊ ဟိုထာ = ဆံတို၊ ကယားဆံတိုဟု အဓိပ္ပာယ်ရပါသည်။ ဆံတိုကယား တိုင်းရင်းသား မျိုးနွယ်စုကို "ခေါင်းတို" ဟူ၍ ခေါ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ မိမိတို့ ကိုယ်ကို (ကယန်း) ဟု ခေါ်ဆိုလေ့ရှိသည်။

ကယားတိုင်းရင်းသားတို့က ကယန်းလထ (ဇယိမ်း) ကို "ထဲရု" ဟု ခေါ်ဆိုလေ့ရှိသည်။ "ထဲရု" ဆိုသည်မှာ မြစ်ဖျားသားဟု အဓိပ္ပာယ်ရပါသည်။ မြစ်ဖျားတွင် နေထိုင်ကြသော တိုင်းရင်းသားကို ခေါ်ဆိုကြသည်။

ကယန်းလထ (ဇယိမ်း) တိုင်းရင်းသားတို့၏ မျိုးနွယ်စု အမှတ်အသားမှာ လဆန်း (၆) ရက်၊ (၇) ရက်ရှိ လခြမ်းပုံသင်္ကေတန် ဆေးမင်ကြောင်ကို မေးရိုးအောက်မှ ရင်ညွန့်အထိ တစ်ထပ်ပြီး တစ်ထပ် ထိုးထားလေ့ရှိပါသည်။

ကယန်းတိုင်းရင်းသားများ ဖြစ်ကြသော ကယန်းလထ၊ ကယန်းကငန်၊ ကယန်းဂေခို၊ ကယန်း ပဒေါင်းတို့၏ အမည်နာမကို အမျိုးသားများ၏ အမည်ရှေ့တွင် "ခွန်း" (ခွန်းယိုးယူ၊ ခွန်းခလိုးယူ) ဟု ခေါ်ဆိုလေ့ရှိပြီး အမျိုးသမီးများ၏ အမည်ရှေ့တွင် "မူ" (မူလုပ်၊ မူဒန်း) ဟု ထည့်လေ့ရှိသည်။

ခေတ်သစ်ကယန်းလထ ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် အဖြူရောင်ရုပ်အင်္ကျီ အပေါ်တွင် ဒေါင်လိုက်စင်းအင်္ကျီလက်ပြတ်နှင့် ဘောင်းဘီတို အဖြူရောင်ကို ဝတ်ဆင်ထားပါသည်။ ခေါင်းတွင်

သိုးမွေးလုံးများဖြင့် အလှဆင်ထားသည့် ဦးထုပ်ရှည်ကို ဆောင်းထားပါသည်။ အမျိုးသမီးများသည် အဖြူနှင့် အနီကန့်လန့်စင်း လုံချည်နှင့် အင်္ကျီ အဖြူလက်ရှည်အပေါ်မှ အဖြူရောင် သင်တိုင်း ဝတ်ဆင်ထားပါသည်။ ခေါင်းတွင် သိုးမွေးလုံးများဖြင့် အလှဆင်ထားသည့် ဦးထုပ်ရှည်ကို ဆောင်းထားပါသည်။ ငွေဆွဲပြား၊ ငွေလက်ကောက်နှင့် ခါးပတ်ပုတီးများ ဝတ်ဆင်လေ့ရှိပါသည်။

**(၄) မိုနူတိုင်းရင်းသား**




ကယားပြည်နယ် ဖရူဆိုမြို့နယ် အနောက်ပိုင်း ဒေသ၊ ဘောလခဲနှင့် ဖားဆောင်း မြို့နယ် စသည့် ဒေသများတွင် နေထိုင်ကြပါသည်။

အနောက်အရပ်တွင် နေထိုင်ကြသော ကယားမိုနူ တိုင်းရင်းသားများကို (မိနိ၊ မို့နူ) ဟု ခေါ်သည်။ "မိုနူ" မှာ နေဝင်ရာအရပ်၊ အနောက်ဘက်အရပ်ဟု အဓိပ္ပာယ် ရပါသည်။ ရှမ်းတိုင်းရင်းသားတို့က ယန်းမနေဟု ခေါ်ဝေါ်ကြပါသည်။

မိုနူတိုင်းရင်းသားများ၏ အမှတ်အသားမှာ နားကို သက်ကယ်ရိုးခန့် အကျယ်ဖောက်ထားသည်။ နားဖောက်ခြင်း၏ ရည်ရွယ်ချက်မှာ နားပေါက်မှ စိတ်ပွင့်သည်၊ ယောက်ျားပီသသည်ဟု အဆိုရှိသည်။ အမျိုးသမီးများ၌ နားတွင် နားကပ် အဝိုင်းစွပ်ပြီး၊ နားကြိုးတွင် ငွေသီးအလုံးများ ချိတ်ဆွဲသည်။ မိုနူ တိုင်းရင်းသားတို့၏ အမည်နာမကို အများအားဖြင့် "အိ၊ ရိ၊ မိ၊ လဲ" (မောင်ကလဲအီ၊ မောင်မာတေးအိုကဲ့ရီ၊ မကောမိ၊ မမွဲမိ) အစရှိသည့် မျိုးနွယ်စု အမည်ဖြင့် ခေါ်ဝေါ်သုံးစွဲလေ့ရှိပါသည်။

ခေတ်သစ် မနုနနော ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် အနီရောင် (သို့) ပန်းရောင် ခေါင်းပေါင်းများပေါင်းပြီး ခါးတွင် အနီရောင် (သို့) ပန်းရောင် ခါးစည်းကို စည်းထား ပါသည်။ အနက်ရောင် ဘောင်းဘီရှည်အပွနှင့် အဖြူရောင် ရှပ်အင်္ကျီ လက်ရှည် အပေါ်တွင် တိုက်ပုံ အင်္ကျီကို ထပ်၍ ဝတ်ဆင်ထားပါသည်။ အမျိုးသမီးများသည် အနီရောင် အနားနစ်စ ကွပ်ထားသည့် ခေါင်းပေါင်း အနက်ရောင် ဆောင်းထားသည်။ အနက်ရောင် အင်္ကျီပေါ်တွင် အနီရောင်ခြုံထည်ကို လွှမ်းခြုံထားပါသည်။

ကန့်လန့်စင်း အဆင်လုံချည် အနီရောင်ပေါ်တွင် (၅) ပေခန့်ရှည်သည့် ခါးစည်းအဖြူရောင်ကို အနား နှစ်ဖက်ရှေ့ချ၍ ဝတ်ဆင်လေ့ရှိပါသည်။

(၅) ဂေဘားတိုင်းရင်းသား




ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် နေထိုင်ကြပါသည်။ ကရင်ပြည်နယ်၊ သံတောင်မြို့နယ် မြောက်ပိုင်းဒေသတွင်လည်း အများဆုံး နေထိုင်ကြပါသည်။ ကယား တိုင်းရင်းသားများ ဝင်ရောက် နေထိုင်ရာ အရပ်ဒေသသို့ နောက်ကျမှ ဝင်ရောက် လာသော ကယားအစုတို့ကို (ဂေပါး) ဟု ခေါ်ဆိုကြပါသည်။ ဂေပါးသည် ပြန်လာသည်ဟု အဓိပ္ပာယ် ရပါသည်။ တစ်နည်းအားဖြင့် နောက်ကျမှ ဝင်ရောက်လာသော ကယားမျိုးနွယ်စုဝင် ဖြစ်ပါသည်။ ကာလကြာညောင်းလာသည့်အခါ ဂေဘားမှ ဂေပါးဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

ကယန်းတိုင်းရင်းသားတို့က လပဘွီမျိုးနွယ်စုဟု ခေါ်ဆိုသည်။ မိမိတို့၏ မျိုးနွယ်စု အမှတ်အသားကို ကျောကုန်းနှင့် လည်ဂုတ်တွင် တက်နေဝန်း သင်္ကေတ ဆေးမင်ကြောင် ထိုးထားသည်။ ဂေပါးတိုင်းရင်းသားတို့၏ အမည်နာမကို အမျိုးသားများ၏ နာမည်ရှေ့တွင် "စော" (စောပိုးလို၊ စောကျော်အောင်) ဟု ခေါ်ဆိုလေ့ရှိပြီး၊ အမျိုးသမီးတို့၏ နာမည်ရှေ့တွင် "နော်" (နော်မိုးရယ်ဖော၊ နော်ခမ်းသိန်း) ဟု ခေါ်ဝေါ် သုံးစွဲလေ့ရှိသည်။

ခေတ်သစ်ဂေဘား ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် ခေါင်းပေါင်းပန်းရောင်ကို အနားနှစ်ဖက်ဘေးချ၍ စည်းလေ့ရှိသည်။ အနက်ရောင် ဘောင်းဘီရှည်အပွနှင့် အဖြူရောင် ရှပ်အင်္ကျီ လက်ရှည်ပေါ်တွင် အဖြူနှင့် ပန်းရောင်စပ်ချုပ်ထားသည့် သင်တိုင်းကို ထပ်၍ ဝတ်ဆင်ထားသည်။ အမျိုးသမီးများသည် နီညိုရောင် ကန့်လန့်စင်း လုံချည်နှင့် အဖြူရောင် အင်္ကျီလက်ရှည် ပေါ်တွင် အဖြူနှင့်

ပန်းရောင် စပ်ချုပ်ထားသည့် သင်တိုင်းကို ထပ်၍ ဝတ်ဆင်ထားသည်။ ခေါင်းပေါင်းပန်းရောင်ကို အနားနှစ်ဖက်ရှေ့ချ၍ စည်းလေ့ရှိသည်။

**(၆) ကယန်းဂေခို (ကယန်းကဲ့ဒွေ့) တိုင်းရင်းသား**




ကယားပြည်နယ် လွိုင်ကော်နှင့် ဒီးမော့ဆို မြို့နယ် များတွင် အများဆုံး နေထိုင် ကြပြီး ကရင်ပြည်နယ် သံတောင်မြို့နယ် မြောက်ပိုင်း ဒေသ၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အရှေ့ပိုင်းဒေသ၊ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၊ ပင်လောင်း မြို့နယ် နှင့် ဆီဆိုင်မြို့နယ် များတွင်လည်း အများဆုံး နေထိုင်ကြပါသည်။


ဂေပါးတိုင်းရင်းသားတို့သည် အထက်အရပ်ကို မိမိတို့ ဘာသာစကားဖြင့် (ဂေခို) ဟု ခေါ်ပါသည်။ ဂေ = ဒေသ၊ ပြည်နယ်၊ ခို = အထက်အရပ်၊ "ဂေခို" ဟူသည်မှာ အထက်ဘက် ပြည်နယ်၊ အထက်အရပ် ဒေသဟု အဓိပ္ပာယ်ရပါသည်။ ဂေပါး တိုင်းရင်းသားတို့သည် ၎င်းတိုင်းရင်းသား၏ အထက်ဒေသတွင် နေထိုင်သော ကယန်းတိုင်းရင်းသားများက (ဂေခို) ဟူ၍ ခေါ်ဆိုကြသည်။ ဂေခိုတိုင်းရင်းသားတို့သည် မိမိတို့ ကိုယ်ကို (ကယန်းကဲ့ဒွေ့) ဟု ခေါ်ဆိုကြပါသည်။ ကယန်းကဲဒွေ ဆိုသည်မှာ တောတောင်ကွယ်ရာ အရပ်ဒေသတွင် နေထိုင်ကြသူဟု အဓိပ္ပာယ်ရပါသည်။ တခြား မျိုးနွယ်စု တိုင်းရင်းသားများက "ကယန်းကဲဒွေ့" အစုကို (ဂေခို) ဟု ခေါ်ဆိုကြပါသည်။

မိမိတို့၏ မျိုးနွယ်စု အမှတ်အသားကို ကျောကုန်းနှင့် လည်ဂုတ်တွင် တက်နေဝန်း သင်္ကေတ ဆေးမင်ကြောင် ထိုးထားလေ့ရှိပါသည်။ ဂေခို တိုင်းရင်းသားတို့သည် လဟွီမျိုးနွယ်စုကြီးတွင် ပါဝင်သည်။

မိမိတို့၏ အမျိုးသား အမည်နာမရှေ့တွင် "ခွန်း" (ခွန်းစိန်သောင်း၊ ခွန်းပီးယို) ဟု ခေါ်ဝေါ် သုံးစွဲလေ့ရှိပြီး အမျိုးသမီး အမည်နာမရှေ့တွင် "မူ" (မူနန်းငယ်၊ မူအားမူ) ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။

ခေတ်သစ်ကယန်း (ဂေခို) ဆင်ယင် ထုံးဖွဲ့မှုမှာ အမျိုးသားများသည် အနက်ရောင် ဘောင်းဘီရှည်အပွနှင့် အဖြူရောင်ရှပ်အင်္ကျီလက်ရှည် အပေါ်တွင် အဖြူရောင် သင်တိုင်း ကို ထပ်၍ ဝတ်ဆင်ထားပါသည်။ ခေါင်းပေါင်း ပန်းရောင် (သို့) အဝါရောင် ပေါင်းထားပါသည်။ အမျိုးသမီးများသည် အတွင်းမှ အဖြူရောင်အင်္ကျီ လက်ရှည်ကို ခံပြီး အပေါ်မှ အဖြူရောင်သင်တိုင်းကို ထပ်၍ ဝတ်ဆင်ထားပါသည်။ အနက်နှင့် နီညိုကန့်လန့်စင်း လုံချည်ကို ဝတ်ဆင်ပြီး ခေါင်းစည်းအဖြူရောင်ကို အနားနစ်ဖက် ရှေ့ချ၍ ဝတ်ဆင်လေ့ရှိသည်။

**(၇) ယင်းဘော် (ကယန်းကငန်) တိုင်းရင်းသား**




ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များတွင် နေထိုင်ကြပါသည်။ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၊ ပင်လောင်း မြို့နယ်များတွင် အနည်းငယ် နေထိုင်ကြပါသည်။


ရှမ်းတိုင်းရင်းသားတို့က လည်ပင်းတွင် ငွေပြား၊ ဘော်ပြားများကို လည်ဆွဲတန်ဆာ အဖြစ် ဆင်ယင်လျက်ရှိသော ကယားတိုင်းရင်းသားတို့ကို (ယန်းဘော်) ဟု ခေါ်ဆိုပါသည်။ ယန်း = ကယား၊ ဘော် = ဘော်၊ ယန်းဘော် = ငွေကယား ဟု အဓိပ္ပာယ်ရပါသည်။ နောင်တွင် ယန်းဘော်မှ ယင်းဘော်သို့ ပြောင်းလဲခေါ်ဆိုကြပါသည်။ ယင်းဘော် တိုင်းရင်းသားတို့သည် မိမိကိုယ်ကို (ကယန်းကငန်) ဟု ခေါ်ဆိုကြပါသည်။ လဟွီ တိုင်းရင်းသား မျိုးနွယ်စုတွင် ပါဝင်သော ကယန်းကငန် တိုင်းရင်းသားများသည် မြေပြန့်ဒေသအရပ်တွင် သွားရောက် နေထိုင်ကြ သောကြောင့် လွင်ပြင်ဒေသနေ ကယန်းဟု အဓိပ္ပာယ်ရပါသည်။

လဟွီ တိုင်းရင်းသား မျိုးနွယ်စုတွင် ပါဝင်သော ယင်းဘော် တိုင်းရင်းသား တို့သည် မိမိတို့၏ မျိုးနွယ်စု အမှတ်အသားကို ကျောကုန်းတွင် တက်နေဝန်း သင်္ကေတ ဆေးမင်ကြောင်ကို ထိုးထားပါသည်။ မိမိတို့၏ အမည်နာမကို အမျိုးသားများ၏ အမည်ရှေ့တွင် "ခွန်း" (ခွန်းမောင်ထန်၊ မောင်တရီ) ဟု ခေါ်ဆိုပြီး

အမျိုးသမီး၏ အမည်ရှေ့တွင် "မူ" (ပန်းမူ၊ မူညေး) ဟု ခေါ်ဆိုလေ့ရှိသည်။ အချို့ အမျိုးသား၏ အမည်နောက်ဆုံးတွင် "ရီ" ဟု ခေါ်ဆိုပြီး အချို့မှာ "မူ" ဟု ခေါ်သည်။

ခေတ်သစ် ကယန်းကနေ ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် သိုးမွေးလုံးများ အလှဆင်ထားသည့် အနက်ရောင် ဘောင်းဘီတိုနှင့် အဖြူရောင်ရှပ်အင်္ကျီ အပေါ်မှ သင်တိုင်းအနက်ရောင်ကို တွဲဖက်၍ ဝတ်ဆင်ထားပါသည်။ ခေါင်းပေါင်းအဖြူရောင် အနားနစ်ဖက်ချ၍ ပေါင်းပြီး သိုးမွေးလုံးခေါင်းစည်းကြိုးဖြင့် ပတ်၍ ဝတ်ဆင်ထားပါသည်။ အမျိုးသမီးများသည် အင်္ကျီအနက်ရောင်ပေါ်တွင် ခြုံထည်အနက်ရောင် လွှမ်းခြုံ ထားပါသည်။ အနက်ရောင် ကန့်လန့်စင်း လုံချည်ပေါ်တွင် (၅) ပေခန့်ရှည်သည့် ခါးစည်းအဖြူရောင်ကို အနားနစ်ဖက်ချ၍ စည်းထားပါသည်။ ခေါင်းပေါင်းအနက်ရောင် ပေါင်းပြီး သိုးမွေးလုံး ခေါင်းစည်းကြိုးဖြင့် ပတ်၍ ဝတ်ဆင်ထားပါသည်။

### (၈) ကယော တိုင်းရင်းသား




ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ် အနောက်ပိုင်း ဒေသများတွင် အများဆုံး နေထိုင်ကြပါသည်။ ကရင်ပြည်နယ် သံတောင်မြို့နယ် မြောက်ပိုင်းဒေသတွင်လည်း အများဆုံး နေထိုင်ကြပါသည်။

ဆံပင်ကို ဖီးလိမ်းခြင်းမရှိဘဲ ဆံပင်ကို ဖရိုဖရဲ ထားလေ့ရှိသော ကယား တိုင်းရင်းသား မျိုးနွယ်စု တစ်စုကို အခြားတိုင်းရင်းသားတို့က (ပရဲ့တရဲ) ဟု ခေါ်ဆိုကြပါသည်။ ပရဲ့ = လူ၊ တရဲ = ဆံပင်စုတ်ဖွားလူ ဟု အဓိပ္ပာယ်ရပါသည်။ ပရဲ့ တိုင်းရင်းသားတို့သည် မိမိကိုယ်ကို (ကယော) ဟု ခေါ်ပါသည်။

ကယန်းလထ တိုင်းရင်းသားတို့က (ကယော) ကို "လကု" ဟု ခေါ်သည်။ မိမိတို့၏ မျိုးနွယ် အမှတ်အသားကို ကျောကုန်းနှင့် လည်ဂုတ်တွင် တက်နေဝန်း သင်္ကေန် ဆေးမင်ကြောင် ထိုးထားပါသည်။ မျိုးနွယ်စု အမည်နာမကို အမျိုးသားများ၏ အမည်နောက်တွင် "အီ၊ အိ၊ ဂျီ၊ ဒီ၊ ကျော်၊ စို့" (မောင်သော်ကဲအီ၊ မောင်ရိုးဒိုးဂျီ) ဟု ထည့်လေ့ရှိပြီး

အမျိုးသမီး အမည်နာမရှေ့ (သို့) နောက်တွင် "မို၊ မူ၊ အူး" (မရီးမို၊ မလေခိုးအူ) ဟု ခေါ်ဝေါ်သုံးစွဲပြီး ထည့်လေ့ရှိသည်။

ခေတ်သစ် ကယော ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် ခေါင်းပေါင်း အနီရောင် (သို့) ပန်းရောင်ပေါင်းပြီး ဒေါင်လိုက်စင်းအဆင် ရက်လုပ်ထားသည့် ချည်ထည်ဘောင်းဘီ တိုနှင့် အင်္ကျီသင်တိုင်းများကို အရောင်အမျိုးမျိုး ချုပ်လုပ် ဝတ်ဆင်ကြသည်။ အမျိုးသမီး များသည် ဒေါင်လိုက်စင်း အဆင် ရက်လုပ်ထားသည့် ချည်ထည်အင်္ကျီ သင်တိုင်း အနီရောင်ကို အနက်နှင့် နီညိုကန့်လန့်စင်း လုံချည်ကို ဝတ်ဆင်ပြီး ခေါင်းစည်း ပန်းရောင် ကို အနားနစ်ဖက် ရှေ့ချ၍ ဝတ်ဆင်လေ့ရှိပါသည်။

**(၉) ယင်းတလဲ တိုင်းရင်းသား**




ကယားပြည်နယ် ဘောလခဲမြို့နယ်တွင် အများဆုံး နေထိုင်ကြပါသည်။ ရှမ်း တိုင်းရင်းသားတို့က မိမိကိုယ်ကို "တလိုင်" ဟု ခေါ်ဆိုသော ကယား တိုင်းရင်းသား ကို ယန်းတလိုင်းဟု ခေါ်ဆိုသည်။ ယန်း = ကယား ဟု အဓိပ္ပာယ်ရသည်။ ယန်းတလိုင်းမှ ယင်းတလဲဟု ခေါ်ဆို ပါသည်။

မိမိတို့၏ တိုင်းရင်းသားမျိုးနွယ်စု၏ အမှတ်အသားမှာ ကျောကုန်းတွင် တက်နေဝန်း သင်္ကေတ အမှတ်အသားဖြင့် ဆေးမင်ကြောင် ထိုးထားပါသည်။ ကယန်း တိုင်းရင်းသားတို့က လဟွီ မျိုးနွယ်စု ဟု ခေါ်သည်။ မိမိတို့၏ အမည်နာမကို အမျိုးသားများ၏ နာမည်နောက်တွင် "ရိုင်း" (မောင်ကျော်ရိုင်း၊ မောင်ကိုရိုင်း) ဟု

အဆုံးသတ် ခေါ်လေ့ရှိပြီး၊ အမျိုးသမီး၏ နာမည်နောက်တွင် "မိုင်း" (မမိုးမိုင်း၊ မစိုးမိုင်း) ဟု ခေါ်ဆိုကြပါသည်။

ခေတ်သစ် ယင်းတလဲ ဆင်ယင်ထုံးဖွဲ့မှုမှာ အမျိုးသားများသည် အနီရောင် (သို့) ပန်းရောင် ခေါင်းပေါင်းများပေါင်းပြီး ခါးတွင် အနီရောင် (သို့) ပန်းရောင် ခါးစည်းကို စည်းထားပါသည်။ အနက်ရောင် ဘောင်းဘီရှည်အပွနှင့် အဖြူရောင်ရှပ်အင်္ကျီ လက်ရှည် အပေါ်တွင် တိုက်ပုံအင်္ကျီကို ထပ်၍ ဝတ်ဆင်ထားပါသည်။ အမျိုးသမီးများသည် ခေါင်းပေါင်းပန်းရောင်ကို အနားနစ်ဖက်ထောင်၍ ပေါင်းထားသည်။ နီညိုရောင်ကန့်လန့် စင်းလုံချည်နှင့် ပန်းရောင်အစဖြင့် အနားကွပ်ထားသည့် အဖြူရောင်အင်္ကျီကို အိတ်ကပ် နစ်ဖက်တပ်၍ ဝတ်ဆင်ထားသည်။